www.burmeseclassic.com

# အချော့တော်

## တိုင်ပတ်တဲ့ အသည်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရယ်သောသူ အာပြုမည် . . . ဆိုတဲ့

# အချောတော်

၏

ဟာသလုံးချင်းဝတ္ထုသစ်များ

အေးရာအေးကြောင်းနော် ..ချစ် (ထွက်ပြီး)
ချစ်မှာပဲ (ထွက်ပြီး)
မန်းမြို့သူ (ထွက်ပြီး)
မင်းနဲ့ကြိုက်တဲ့ငါ့ရည်းစား (ထွက်ပြီး)
မချစ်ဘူးလို့ မပြောရဘူး (ထွက်ပြီး)
မော်ဒယ်လ်ဆယ်ယောက် ကိုယ်တစ်ယောက် (ထွက်ပြီး)
မိန်းမဟူသမျှ ငါတို့စိတ်ကားမြစ်၌ မျောကြစေသတည်း (ထွက်ပြီး)
ချစ်တယ်ဆို ငိုမှာပဲ (ထွက်ပြီး)
မင်းလက်လေးကို ကိုင်ချင်လွန်းလို့ (ထွက်ပြီး)
တစ္ဆေချစ်သော ကျွန်တော် (ထွက်ပြီး)
ရင်ဘတ်ထဲမှာဝေတဲ့နှင်း (ထွက်ပြီး)
ချစ်ဖူးတဲ့လား (ထွက်ပြီး)
အေးရာအေးကြောင်းနော်ချစ် (ဒုတိယအကြိမ်ထွက်ပြီး)
မိုက်ကွင်း (ထွက်ပြီး)

ယခုလ
တိုင်ပတ်တဲ့အသည်း

ဆက်လက်၍
- ☐ ကျွန်တော်ချစ်သော ဖူးပွင့်ဝေ
- ☐ လမုတန်းက မလွမ်းပုံ
- ☐ သိသိကြီးနဲ့
- ☐ ချစ်ခြင်းကိုမခွဲပါနဲ့
- ☐ မင်းကိုချစ်တာ အပြစ်လား

## ပါဝင်သောအခန်းစဉ်


၁။ ဘုရားစူးချစ်မယ်
၂။ အိပ်မက်ထဲကချစ်သူ
၃။ သုံးယောက်ပေါင်းတော့
၄။ ပို့စ်မော်ဒန်အချစ်
၅။ ဆရာမလေးများ မချစ်ဝံ့ပြီ
၆။ စဉ်းစားကြသူများ
၇။ ရောက်တော့မှသိမယ်
၈။ ကပ်လိုက်နိုင်သည် မပုပါ
၉။ ချစ်ဒုရွေးမယ် ချစ်ဝဲလည်
၁၀။ အချစ်ရောင်းဝယ်ရေး
၁၁။ ပြောင်းလဲသွားသော အချစ်များ
၁၂။ ဆင်ကြဲကြဲနေကြသူများ
၁၃။ ပို့စ်မော်ဒန်အင်တာဗျူး
၁၄။ မျက်ရည်ဝေ့ဝဲ ငိုနေဆဲပါသခင်
၁၅။ တုန့်ပြန်တတ်သော ချစ်သဘော
၁၆။ တိုင်ပတ်တဲ့အသည်း

www.burmeseclassic.com

## ဆန္ဒ

အချစ်ဆိုတာ. . ချိုမြိန်တဲ့ပန်းသီး
အလုံးကြီး အသွေးလှ
ကိုက်လိုက်ရင်ချို. . .
မျိုလိုက်ရင်အေး. . .
အဲဒီလို ပန်းသီးမျိုး. . .
တစ်လုံးပြီးတစ်လုံး. . .
အပြုံးလေးနဲ့ သုံးဆောင်ချင်. . . . .။

ကိုကိုတိုး

# ဘုရားစူးချစ်မယ်

"ဒီပွဲ ကြည့်မကောင်းဘူး"

"ကိုယ်တို့ကိုလည်း မျှဝေခံစားစေသင့်တယ်"

"ကုသိုလ်ထူးတဲ့ ရွှေကိုယ်တော်လေးပါလားနော့"

"အားကျလိုက်တာပ"

သာယာကြည်နူးပြီး ထူးခြားရင်သိမ့်စေမယ့် မြင်ကွင်းလေးကို ကြည့်ပြီး ကောင်လေးတစ်သိုက် အသီးသီးပြောသွားကြတာ။

ပြောမယ်ဆိုလည်း ပြောချင်စရာပဲ။

ကြည့်ပါဦး. . ။

ကောင်မလေးက သုံးယောက်. .

ကောင်လေးက တစ်ယောက်. .

ကောင်လေးက ပိန်ပိန်သွယ်သွယ်၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ရုပ်ဖြောင့်ဖြောင့်လေး။ မြေထောက်က ကိုင်မြှောက်ပြီး မျက်လုံးတစ်ဖက်မှိတ်ကြည့်ရင် တန်းနေမလားပဲ။ မျဉ်းဖြောင့်နှစ်ကြောင်းတွေ့ရမယ်မှတ်ရဲ့။ ဖြောင့်တာ. . ဖြောင့်တာ။



www.burmeseclassic.com

www.burmeseclassic.com



လူလည်းဖြောင့် . . သူလည်းဖြောင့်လို့ရယ်။ နှာတံပါ ဖြောင့်နေတာ။

လူဖြောင့်ကလေးနာမည်က 'ကိုတိုး'တဲ့။ ဘာတွေတိုးသလဲတော့ မသိဘူး။ စကားပြောရင်တော့ တိုးတိုးလေးပဲ။

စကားပြောတာ ဘာတိုးသလဲဆို တစ်ခါတစ်ခါ သူဟာသူ မကြားဘူးဖြစ်သွားတယ်။ သူပြောတာက သူ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ချင်တယ်လို့ ပြောတာ။

"အမေ . . သားလည်း ကျောင်းပြီးတာ နှစ်နှစ်ကျော်ပြီ။ ဘာအလုပ်မှ မည်မည်ရရ မလုပ်ရသေးဘူး။ သား စီးပွားရေးလုပ်ချင်တယ်"

လို့ပြောတာ သိပ်တိုးသွားလို့ သူ့အမေ လုံးစေ့ပတ်စေ့မကြားဘူး။ သူလည်း မကြားဘူး။ ဒီတော့ သူ့အမေကို ပြန်မေးတယ်။

"အမေ . . ခုန သား ဘာပြောလိုက်တာလဲ"

"ရေချိုးဖို့ စတီးဖလားလိုချင်တယ် ဆိုလားပဲ"

သူ့အမေက နားအေးပြီးရော စွတ်ရွှီးလိုက်တယ်။ ဘယ်ရမလဲ။ သူသိတယ်။ သူပြောတဲ့ထဲမှာ ဘာစတီးဖလားတစ်ခွက်မှ မပါဘူးဆိုတာတော့ သူသိနေတယ်။

"အမေ ရမ်းမတုတ်နဲ့။ ကျွန်တော်ပြောတာ စတီးဖလားမပါဘူး"

"ဒါဆို ဒန်ဖလား"

"မဟုတ်ဘူး"

"ငွေဖလားဟယ် . ."

"မဟုတ်ပါဘူး"

"ရွှေဖလားဆိုရင်ကော သားလက်ခံမလား"

"ဘာဖလားမှကို မပါဘူး"

"ဒါဆို ငါလည်း မသိဘူးဟယ်။ နောက်ကို စကားပြောရင်





ကျယ်ကျယ်ပြော။ ဘာမှန်းလည်း မသိ။ တိုးတိုးနဲ့ ကိုယ့်ဟာကိုယ်တောင် ကြားရဲ့လား မသိတဲ့ဟာ"

"သားမကြားလို့ အမေ့ကို ပြန်မေးနေတာပေါ့ အမေရဲ့"

"ဟဲ့ . . နင်မကြားမှတော့ ငါကရော ကြားမလားဟဲ့"

"အမေ ကြားသင့်တယ်။ အမေက လူကြီး"

"ငါက လူကြီးမို့လို့ ပိုမကြားသင့်ဘူး"

"အမေကြားဗျာ"

"ကြောင် . . ဟယ့်"

"အမေ မနောက်နဲ့။ နောက်ဆို သားဘာပြောပြော ကြားလိုက်"

"မြတ်စွာဘုရား . . မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ် အမေရာ။ သားရဲ့ နှုတ်ဖျားလှုပ်တာလေးကို ကြည့်ပြီး အမေကြားလိုက်"

"ကျားက ငါ့မလိုက်ဘူး။ နင့်လိုက်မှာ"

"အမေ ကြားနော်"

"သား . . ကြောင်နော်"

ကဲ . . သားအမိ နှစ်ယောက်က အဲဒီလို တိုင်ပတ်နေကြတာ။

ကိုတိုးက စကားပြောရင် တိုးတိုး တိုးတိုးနဲ့။ တိုင်ကလည်း ဘာပတ်သလဲ မမေးနဲ့။

အခုလည်း ကောင်မလေးသုံးယောက်နဲ့ ကိုတိုးတို့ ဘာတိုင်ပတ်ဦးမလဲ မသိ။

ကောင်မလေးသုံးယောက်က . .

နီလာ . .

ကြည်ပြာ . .

ရီမာ . . ဆိုတဲ့ ညီအစ်မသုံးဖော်ရယ်။

ဘာချောသလဲ မမေးနဲ့။ သူတို့အမေ ငါးရှဉ့်ကို ဆီဆိုးထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြီး စားလာရင်း မွေးသလားပဲ။ လွှတ်ချောတာ။ ဖွတ်ချောတာ။ အဟုတ်. . ။

သူတို့မိသားစုရဲ့ သန်းခေါင်စာရင်းအရဆိုရင်တော့ သူ့အဖေ ဦးမိုးကြယ်က ညွှန်ချုပ်။

စာအုပ်ချုပ်တဲ့ ဘိုင်းနင်းမှာ ညွှန်ကြားရတဲ့ ညွှန်ချုပ်မဟုတ် ပါဘူး။ အမှန်အကန် ညွှန်ချုပ်ပါ။

ရုံးမှာသာ ညွှန်ချုပ်တာ။ အိမ်မှာတော့ ပျာတာသာသာရယ်။ ဇနီးက ခိုင်းလိုက်၊ သမီးသုံးယောက်က ခိုင်းလိုက်နဲ့ ပြာနေတာပဲ။

အဲ. . သူတို့အိမ်မှာ ညွှန်ချုပ်ကတော့ သူ့ဇနီး ဒေါ်နီပြာရီ ပဲလေ။ အိမ်မှာ သူပဲ အုပ်ချုပ်နေတာ။ သမီးသုံးယောက်နဲ့ကလည်း တဂျုန်းဂျုန်း တကျက်ကျက်ရယ်။

သမီးတွေလည်း အကုန်ဘွဲ့ရကုန်ပြီ။ အကြီးဆုံး မနီလာက မြန်မာစာနဲ့ ဘွဲ့ရပြီး သူ့အဖေဌာနမှာပဲ အလုပ်ဝင်လုပ်နေတယ်။

အလတ်က ကြည်ပြာ။ သမိုင်းဘွဲ့ရလို့ အင်းစိန်မှာ ဆရာမ သွားလုပ်နေတာ။

အငယ်ဆုံးမ ရီမာကတော့ စီပွားကူးသန်းဘွဲ့ယူထားပြီး အိမ်မှာ ထိုင်စားနေတယ်။

အလကားထိုင်စားတာတော့ မဟုတ်ဘူးရယ်။ အိတ်စပို့ အင်ပို့လုပ်ငန်းနဲ့ စီးပွားရေးအကြီးအကျယ်လုပ်ဖို့ သူစဉ်းစားနေတာ။

သူ့ရဲ့ စီးပွားကူးသန်းစီမံကိန်းထဲမှာ ပေါပေါများများရနေတဲ့ ဖွဲပြာနဲ့ လွှစာကို ဘယ်လိုအိတ်စပို့လုပ်ရမလဲဆိုတဲ့ မဟာဗျူဟာရည် မှန်းချက် ပါတယ်။ ဒီစီမံကိန်းကို အကောင်ထည်ဖော်ဖို့ စဉ်းစားရင်း သူ အိမ်မှာ ထိုင်စားနေတာ။

အလကားစားနေတာ မဟုတ်ဘူးလေ။ စီးပွားကူးသန်း စီမံ ကိန်းပလ္လင်ကို ဖင်ခုံထိုင်ပြီး စားနေတာ။ ပေါ့သေးသေးတော့ မဟုတ်ဘူးရယ်။





ရီမာနဲ့အတူ စီးပွားရေးဘွဲ့ရထားတာ ကိုတိုးပေါ့။ ကိုတိုးက လည်း ရီမာ့လိုပဲ အကြီးအကျယ်စီးပွားရေးလုပ်ဖို့ စဉ်းစားရင်း အိမ် မှာ ခွတုတ်နေတာ။

ကိုတိုးအဖေက ဟိုတယ်တစ်ခုမှာ မန်နေဂျာ။ သူ့ဟိုတယ်မှာ သားကိုလုပ်ခိုင်းပေမယ့် ကိုတိုးက မလုပ်ဘူး။

"ဝန်ထမ်းမလုပ်ချင်ဘူး။ ကိုယ်ပိုင်စီးပွားရေးလုပ်မယ်"

ဆိုပြီး အိမ်မှာ ကိုယ်တိုင် ထိုင်စားနေတာ။

ရီမာနဲ့ ကိုတိုးနဲ့က ကျောင်းနေဖက်။ ကျောင်းက ထွက်ကြ တော့ အိမ်နေဖက်တွေ ဖြစ်ပြန်ရော။ ရီမာ့အိမ်မှာ ကိုတိုးကို မကြာ မကြာ တွေ့နိုင်လေရဲ့။ ကိုတိုးက ရီမာတို့တစ်အိမ်လုံးနဲ့ကို ခင်နေ တာ။

အခု. . ကိုတိုးရယ်၊ ရီမာတို့ ညီမသုံးယောက်ရယ် ကျောက် တန်းရေလယ်ဘုရားကို ရောက်နေကြတာ။

ရုံးပိတ်ရက်ဆိုတော့ ကျောက်တန်းရေလယ်ဘုရားမှာ လူ အတော်စည်တယ်။ အဲဒီလူတွေထဲမှာ ကိုတိုးနဲ့ ဟိုညီအစ်မသုံး ယောက်လည်း ပါတာပေါ့။

သူတို့ကိုကြည့်ပြီး ကောင်လေးတွေက မနာလိုတိုရှည် ဖြစ်နေ ကြတာ။

ဖြစ်မယ်ဆိုလည်း ဖြစ်ချင်စရာ။ ကိုတိုးက ခပ်ကဲကဲ။ ကြည် ပြာနဲ့ ရီမာကလည်း ခပ်သည်းသည်းရယ်။

အကြီးမ နီလာကတော့ မထုံတက်သေး ခပ်အေးအေးရယ်။ သူက အမြဲတမ်း မှင်ကြီးနဲ့။

အင်းလေ. . သူက ကြီးတာကိုး။ အသက်. . အသက်. . ။

နှစ်ဆယ့်ခုနစ်ဆိုတဲ့အသက်က ငယ်တာမှ မဟုတ်တော့ပဲ ကိုး။ ကြည်ပြာက နှစ်ဆယ့်လေးနှစ်။ ရီမာက နှစ်ဆယ့်တစ်။ အား လုံး နှစ်ဆယ်ကျော်သက်တွေ ဖြစ်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးက ရီမာ့ထက် တစ်နှစ်ကြီးတယ်။ တစ်နှစ်ကြီးတော့ တစ်နှစ်ပိုပြီး ကြောင်တယ်ဆိုရမလားပဲ။

ကြည့် . .

ကျောက်တန်းရေလယ်ဘုရား မရောက်ဖူးတဲ့ ညီအစ်မသုံးယောက်ကို ပို့ပေးတာ။ ဘုရားရောက်နေလျက်နဲ့ ဘုရားပေါ် တန်းမပို့သေးဘူး။

စားသောက်ဆိုင်မှာ ထိုင်ပြီး စားစရာတွေ မှာစားနေသေးတာ။

သူတို့ထိုင်တဲ့ဆိုင်က မော်ဝန်းမြစ်ရဲ့ကမ်းနံဘေးမှာ။ အရိပ်ကောင်းလှတဲ့ ကမ်းနံဘေးကဆိုင်မှာ ထိုင်ရင်း ရေလယ်ဘုရားကို လှမ်းမျှော်ဖူးနိုင်လေရဲ့။

အလွန်သာယာကြည်နူးဖွယ်ကောင်းတဲ့ အေးရိပ်လေးနဲ့ ရှုခင်းပါပဲ။

လှပတဲ့ရှုခင်းမှာ နတ်သမီးလေးတွေလို ချောမောလှတဲ့ ကောင်မလေးသုံးယောက်ရဲ့အလယ်မှာ ကိုတိုးဆိုတဲ့ ကောင်လေးကို မြင်ရသူတိုင်း အားကျသွားကြတာ။

ရိုးရိုးတန်းကနေ ငြိမ်ငြိမ်ထိုင်နေရင် ဒီလောက်အားကျစရာကောင်းမှာမဟုတ်ဘူး။ ကိုတိုးကဲနေလို့ အားကျဖွယ် ဖြစ်နေတာ။

"အယ် . . ဟိုပန်းကန်ထဲမှာ အသည်းတွေများလှတယ်။ ရော့ . . ရီမာ တစ်ဖတ်စား"

ဆိုပြီး ခေါက်ဆွဲကြော်ပန်းကန်ထဲက ကြက်အသည်းဖတ်လေးတစ်ဖတ်ကို ဇွန်းနဲ့ခပ်ပြီး ရီမာ့ပန်းကန်ထဲ ထည့်ပေးတယ်။

ဒါကို မြင်တဲ့၊ သိတဲ့၊ ကြားတဲ့ နီလာနဲ့ ကြည်ပြာက မဲ့တယ်။ မသိမသာမဲ့တာ။

သူတို့ညီမသုံးယောက်ကလည်း ခေါက်ဆွဲကြော်တစ်ပွဲကို ဝမ်းသရိုးဆွဲနေကြတာ။





ကုန်မှာ မဟုတ်ဘူး။ နည်းနည်းစီပဲ စားမှာဆိုပြီး သူတို့အတွက် တစ်ပွဲတည်းမှာပြီး တူစားပန်းကန်လုံးလေးတွေ တောင်းပြီး အသီးသီး ခပ်ထည့်စားနေကြတာ။

ကိုတိုးကတော့ တစ်ယောက်တည်း တစ်ပွဲနဲ့ ခပ်တည်တည်ပဲ။ ဘယ်သူ့ကိုမှ ယူပါဦးလား မမေးဘူးရယ်။

အဲ . . ထူးထူးခြားခြား ကြက်သည်းဖတ်ကိုတော့ ခွဲဝေပေးနေတယ်။ သူမှ ကြက်သည်းမကြိုက်ဘူးကိုး။ ဒါကိုတော့ ညီမသုံးယောက် မသိကြဘူးရယ်။

"အယ် . . ဒီမှာ အသည်းတစ်ဖတ် နီလာစား"

ဆိုပြီး နီလာ့ကိုလည်း ပေါက်မဲ့ဖွင့်လိုက်ပြန်တယ်။ ကြားထဲက လပ်နေတဲ့ အလတ်မ ကြည်ပြာကလည်း ကိုတိုးကို မျက်လုံးထောင့်ကပ် ကြည့်နေပြီ။

ကိုတိုးက ခပ်ဖွဖွလေးပြုံးပြီး ကြည်ပြာ့ကို လက်ကာပြတယ်။ နေဦး . . ပေးမယ်ပေါ့။

သူ့ပန်းကန်ထဲ မွှေရှာနေတယ်။ ဟော . . တွေ့ပြန်ပြီ ကြက်သည်းတစ်ဖတ်။ ချက်ချင်းပဲ ခပ်ပြီး ကြည်ပြာ့ပန်းကန်ထဲ ထည့်ပေးလိုက်တယ်။ ဒီတော့မှ ကြည်ပြာလည်း ဘဝင်ကျသွားသလိုပဲ။

ဒါပေမဲ့ . .

ကိုတိုးလှုပ်ရှားမှုကြောင့် မျက်လုံးပြူးသွားတယ်။

"နေဦး . . အသည်းပေးတာ ခေါက်ဆွဲဖတ်ပါသွားတယ်။ ပြန်ပေး"

လို့ ဆိုပြောရင်း ကြည်ပြာ့ပန်းကန်ထဲက ခေါက်ဆွဲဖတ်ကို ဇွန်းနဲ့ လှမ်းခပ်တယ်။

ကြည်ပြာတလည်း ဘယ်ရမလဲ။ နဂိုကမှ မျှတစားနေရတာကို ကြောင်တောင်လာနှိုက်တော့ တင်းသွားတာပေါ့။

ဟုတ်တယ်။ ကိုတိုးက နေ့ခင်းကြောင်တောင် လူကြားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ဖို့ကြံနေတာ။ ခေါက်ဆွဲ. . ။

ကြည်ပြာက ကိုတိုးရဲ့ဖွန်းကို သူ့လက်ထဲက တူနှစ်ချောင်းနဲ့ လှမ်းညှပ်ဖိထားလိုက်ရင်း. . .

"ဟဲ့. . နင့်ဟာ ပါတာကတစ်ချောင်း. . အဲ. . တစ်ဖက်. . ငါ့ဆီက သုံးဖတ်မက ပြန်နှိုက်နေတယ်။ မရဘူး. . လွှတ်လိုက်"

ကဲ. . မြင်ကွင်းက မလှဘူးလား။ သိပ်လှတဲ့ ကောင်မလေး သုံးယောက်။

ရုပ်ဖြောင့်၊ အကုန်ဖြောင့်တဲ့ ကောင်လေးက တစ်ယောက်။

သူစား၊ ငါစားနဲ့ ကြည်နူးဖွယ်ရာမြင်ကွင်း။ ဟင်း. . ဟင်း. . အားကျစရာ။

တကယ်ကို သိပ်အားကျပုံရတဲ့ ခပ်ပိန်ပိန်ငနဲတစ်ယောက်က လည်း အနားကဖြတ်သွားပြီး ပြောသွားသေးတာ။

"အားကျလိုက်တာ"

"အားကျရင် ပါးချခံရမယ်"

"အန်. ."

ရီမာရဲ့ သွက်လက်တဲ့ တုံ့ပြန်ချက်ကြောင့် ငနဲ အန်ချင်သွား တယ်။ ပါးလေးစမ်းပြီး. .

"လှသလောက်ပင် ကြောက်စရာကောင်းတဲ့ မဗုရားလေး ပျိုမဒီ×××မင်းကို မုန်းလို့ မေ့လိုက်ချင်သည်×××"

လို့လည်း တိုးတိုးလေး ညည်းသွားသေးတာ။ ဒါကို ရီမာ ကြားလို့။ ကြားရင်တော့ ဘာပြဿနာရှာဦးမလဲ မသိဘူး။

ဒီလိုနဲ့ ခေါက်ဆွဲကြော်ကို ဇိမ်နဲ့ထိုင်စားပြီးမှ ဘုရားကို သွား ကြဖို့ ပြင်တယ်။

ရေလယ်ဘုရားကိုသွားဖို့က စက်သမ္ဗန်နဲ့ကူးရမယ်။ သမ္ဗန် ဆိပ်မှာ လူတွေများလှတယ်။ လူတစ်ဦး တစ်ရာ့ငါးဆယ်ကျပ်နှုန်းနဲ့ သက်မှတ်ဖြတ်ပြီးရင် ကြုံရာသမ္ဗန်နဲ့ လိုက်လို့ရပြီ။ အပြန်လက်မှတ်





ထပ်ဝယ်စရာမလိုဘူး။

သမ္ဗန်စီးလုံးငှားရင်တော့ နှစ်ထောင့်ငါးရာကျပ်ပဲ။ ဘယ်နှ ယောက်စီးစီးပဲပေါ့။ အမိုးပါတဲ့မော်တော်အငယ်စားလေးများက တော့ သီးသန့်ရှယ်ငှားလို့ရတယ်။ တစ်စီးလေးထောင်ကျပ်ပဲ။ မော်တော်ပေါ်မှာ ဆယ့်ငါးယောက်စာထိုင်ခုံတွေနဲ့။ ရှယ်ပဲ. . ။

လှေအဆင်း မြင်းအတက်ဆိုတဲ့အတိုင်း သမ္ဗန်ပေါ်ဆင်းဖို့ ညီမသုံးယောက် ကြောက်နေကြလို့ ရယ်ရသေးတယ်။

ကိုတိုးက ဦးစွာဆင်းသွားတယ်။ နောက်ကဆင်းလိုက်မယ့် ရီမာ ကြောက်နေလို့ မဆင်းဝံ့တာကို လှည့်မကြည့်ဘူး။ အမြင် မတော်တဲ့ လူတစ်ယောက်က ရီမာ့လက်ကို လှမ်းဆွဲဆင်းစေဖို့ လုပ် တော့မှ မြင်သွားပြီ။

"ဟိုး. . ဟိုး. . ရီမာ. . ။ မဆင်းနဲ့ဦး"

လို့ အော်တယ်။ ဟိုလူရဲ့လက်ကို ပုတ်ချလိုက်တယ်။

"ဖယ်. . ဒါ. . ကျွန်တော့်ကိစ္စ၊ ကျွန်တော့်အလုပ်. . ဆိုပြီး ရီမာ့ကို ဆွဲချပေးတယ်။ ရီမာ ကြောင်တက်တက်လေးနဲ့ ဆင်းလိုက် ရတယ်။

ရီမာပြီးတော့ နီလာ. . ။

နီလာပြီးတော့ ကြည်ပြာ. . ။

တစ်လှည့်စီ လက်လေးဆွဲ ထိန်းပေးပြီး ထိုင်တော့လည်း သူက ညီမသုံးယောက်ရဲ့ကြားမှာ ကြော့လို့။

ခုန သူ့လက်ပုတ်ချခံလိုက်ရတဲ့လူက သူ့ကို မျက်ထောင့်နီကြီး နဲ့ ကြည့်လို့။ သူကတော့ အေးဆေးပဲ။

သမ္ဗန်ပေါ်ကနေ တက်ကြမယ်လုပ်တော့ သူက ရှေ့ဆုံးက တက်ပြီး နေရာယူတယ်။ ညီမသုံးယောက်ကို လက်ကမ်းပေးတယ်။

ပထမဆုံး နီလာကို ဆွဲတင်ပေးပြီးတော့ ကြားဖြတ်တက်လာ တဲ့ ခုနလူက အခြေအနေအရ သူ့ကိုဆွဲတင်ပေးဖို့ လက်ကမ်းပေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အနေအထားကလည်း ကမ်းပေါ်ကလူ ဆွဲတင်ပေးမှ ဖေးမမှ အဆင်ပြေမယ့် အနေအထား။

ဒါကို ကျေးဇူးရှင်က လက်ကို လှမ်းမဆွဲဘူး။ ကိုယ်လေးကို ရှိလို့ 'ဟင့်အင်း' လုပ်နေတယ်။

ဟိုလူ့ခမျာ ဟပ်ကော့ကြီးကို ဖြစ်လို့။

"ကိုတိုး. . ဆွဲတင်လိုက်လေ"

လို့ နီလာက ဝင်ပြောမှပဲ မဆွဲချင်ဆွဲချင်နဲ့ လှမ်းဆွဲပေးတော့တာ။ ဒါတောင် ဘယ်လိုလုပ်လိုက်တယ် မသိဘူး။ ဆောင့်ဆွဲလိုက်တာ နေမှာ။ ဟိုလူ့မှာ ကမ်းပေါ်ရောက်ပြီး အရှိန်လွန်ပြီး လဲမလို ဖြစ်သွားသေးတာ။

မတတ်နိုင်ဘူး။ လဲတာတွေ ဘာတွေ ကိုတိုးမသိတော့ဘူး။ နောက်ထပ်တက်မယ့် ကြည်ပြာ့ကို လှမ်းဆွဲတင်နေပြီ။ ပြီးတော့ ရီမာ။

ညီမသုံးယောက် ခြံရံပြီး ကမ်းပေါ်တက်လာတဲ့ ကိုတိုးကို ခုနလူက မျက်ထောင့်နီကြီးနဲ့ ကြည့်လို့ရယ်။

စက်သမ္ဗန်သမားနဲ့ အခြားဘုရားဖူးတွေကပါ ကြည့်နေကြတာလေ။

ဘယ်သူတွေကြည့်ကြည့်၊ မကြည့်ကြည့် ကိုတိုး ဘာမှမသိ။

ဘုရားပေါ်တက်ရင် ညီမသုံးယောက်ကို တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောမှန်းကို မသဲကွဲဘူး။

တကယ်. . ။ သူ့ဟာသူလည်း ပြန်ကြားပုံမပေါ်ဘူး။ ကြားသည်ဖြစ်စေ၊ မကြားသည်ဖြစ်စေ ညီမသုံးယောက်လုံးကလည်း ညီညီညာညာ ခေါင်းလေးတွေ ညိတ်လို့။ မျက်နှာသေလေးတွေနဲ့ ခေါင်းတညိတ်ညိတ်လုပ်နေတာဆိုတော့ လမ်းလျှောက်တရားဟော၊ တရားနာအဖွဲ့မှတ်ပြီး လူတွေက တလေးတစားကြည့်လို့။

ကိုတိုး တိုးတိုး တိုးတိုးနဲ့ ပြောနေတာကို လမ်းလျှောက်ရင်း





တရားဟောတယ်ပဲ မှတ်နေကြတာရယ်။

ညီမသုံးယောက်ကလည်း မှင်ကောင်းကောင်းကိုး. . ။

ခေါင်းလေးတွေများ ညိတ်လိုက်ရင် တညီတညာ။

ဘာလဲလို့ မေးရင် "ဟင့်အင်း. . သိဘူး" လို့ ဖြေကြမှာ။ အဟုတ်. . ။

❖

"ကိုတိုး. . ကျောက်တန်းလို့ ဘာကြောင့်ခေါ်ကြတာလဲ"

"ဟိုမှာ မတွေ့ဘူးလား. . ။ ရေထဲမှာ ကျောက်ကြီးတွေ တန်းနေလို့ ခေါ်တာ"

ရီမာ မေးတာကို ကိုတိုးက လက်တွေ့ညွှန်ပြပြီး ဖြေတယ်။

ဟုတ်တယ်. . ။ ရေကျချိန်ဆိုတော့ မြစ်ကမ်းဘေးက ကျောက်တန်းကြီးကို မြင်နေကြရတယ်။ ဒါကြောင့်မို့ ကျောက်တန်းလို့ခေါ်တယ်ဆိုတော့ သဘာဝယုတ္တိရှိပြီပေါ့။

ရီမာ ထပ်မမေးဘူး။ နှုတ်ခမ်းလေးကိုက်ပြီး ခေါင်းညိတ်နေတယ်။

"ကိုတိုး. . ဘုရားသမိုင်း သိလား"

"သိဘူး"

"မသိရင် နားထောင်။ ပြောပြမယ်"

လို့ ဆရာမကြီးဝင်လုပ်တာကတော့ သမိုင်းနဲ့ဘွဲ့ရထားတဲ့ အလတ်မ ကြည်ပြာပဲ။

ဘယ်သူတွေ နားထောင်ချင်သည်ဖြစ်စေ၊ မထောင်ချင်သည်ဖြစ်စေ ပြောပြရမှာ သူ့တာဝန်လို့ သူက ခံယူထားပုံပဲ။

ဇွတ်ကို ပြောတော့တာ။

"မှတ်ထားကြ. . ။ ကျောက်တန်းရေလယ်ဘုရားဆိုတာက ကျောက်တန်းမြို့ကို အစွဲပြုခေါ်နေကြတာ။ အမှန်ကတော့ သာ


www.burmeseclassic.com

www.burmeseclassic.com



သာသနာသက္ကရာဇ် ၂၃၈၈ခုနှစ်မှာ ဘောဂသေနမင်းကြီး တည်ထားခဲ့တာ။ ကျိုက်မော်ကလော့လို့ ခေါ်တွင်တယ်။ တွတ္တနာဂမင်းလက်ထက်မှာ ရဟန္တာ(၈)ပါးနဲ့ ထပ်မံတည်တယ်။ ကျိုက်မှော်ဝန်းစေတီလို့ သမုတ်တယ်"

"နင့် ဘယ်သူပြောလဲ"

လို့ ကိုတိုးက ဖြတ်မေးတယ်။ ကြည်ပြာက ဆရာမကြီးစတိုင်နဲ့ ဖြေတယ်။

"နင်တို့ ညံ့တာ။ ဘုရားပေါ်မှာ သမိုင်းကမ္ပည်းရေးထိုးထားတာမှ မမြင်ကြဘဲကိုး"

"ဩော်. . စာဖတ်လာပြီး ပြောနေတာကိုး။ တို့တော့ မမြင်မိပေါင်"

"ကိုတိုးက ရှမ်းတာကိုး။ သတိမမူ ဂူမမြင်တဲ့။ ကျိုက်မှော်ဝန်းစေတီ ထပ်တည်တော့ သစ္စာအဓိဋ္ဌာန် (၃) ချက် ပြုထားခဲ့တယ်"

"ဘာတွေလဲဟာ"

"တစ်. . စေတီရင်ပြင်တော်ပေါ် ဒီရေမတက်ပါစေသတည်း။ နှစ်. . လာသမျှဘုရားဖူးများ ရင်ပြင်တော်ပေါ် နေလောက်ပါစေသတည်း။ သုံး. . စေတီတော်ပြင်ဆင်လှူဒါန်းသူများလောကဥ္စီးပွားဥစ္စာ တိုးတက်ပါစေသတည်းတဲ့လေ"

ကြည်ပြာရှင်းပြတာကို အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြလေရဲ့။ တကယ်တော့ ကြည်ပြာကလည်း ဘုရားပေါ်မှာ ရေးထားတဲ့ အချက်အလက်ကို ဖတ်လာ၊ မှတ်လာပြီး ပြန်ရွတ်ပြနေတာ။ နဂိုက ဘာမှ သိတာမဟုတ်ဘူး။

ပြောရင်းဆိုရင်းနဲ့ ရေစပ်မှာ ငါးစာကျွေးနေကြတာမြင်လို့ ရီမာက သူလည်းကျွေးချင်တယ်ဆိုပြီး ဆင်းသွားတယ်။ အားလုံးလိုက်ရတော့တာပေါ့။

ရေထဲမှာတော့ အင်မတန်ကြီးမားလှတဲ့ ငါးကြီးတွေဟာ



ဘုရားဖူးတွေပစ်ချကျွေးတဲ့ ပေါက်ပေါက်ဆုပ်တွေကို အလုအယက်စားနေကြလေရဲ့။

ငါးကြီးတွေဟာ ငါးတန်တွေဖြစ်ပြီး အတော်ကြီးလှတယ်။ ငါးတွေက အုပ်လိုက်ကြီးကို ရှိနေတာ။

ပေါက်ပေါက်ဆုပ်အတွဲလိုက်များ ရေထဲပစ်ချကျွေးလိုက်လို့ကတော့ ဝုန်းခနဲဆို ဟပ်ဆွဲသွားတော့တာ။

ရီမာက ငါးစာကျွေးရင်း အရမ်းသဘောကျနေတယ်။ ကြည်ပြာကတော့ ဘေးကရပ်ကြည့်ရင်း ပြောပြန်တယ်။

"ဒီငါးကြီးတွေဟာ ဘုရားငါးတွေပဲ။ ဆယ့်နှစ်ရာသီလုံးရှိတယ်။ ဒီနားကနေ ဘယ်မှ မသွားကြဘူး။ ဘုရားငါးကို ဖမ်းမိတဲ့ တံငါကလည်း ပြန်လွှတ်ပေးရတယ်။ လွှတ်မပေးရင် ဒုက္ခတွေ့တတ်တယ်"

"ဟုတ်လား. ."

ကိုတိုးက ရီမာ့ကိုမေးတာ။ ဘယ်လိုမေးမေး ကြည်ပြာကတော့ ပြောချင်ချင်ပဲလေ။ ပြောသေးတာ. . ။

"ဒီရေလယ်ဘုရားဟာ ဘယ်လောက်တန်ခိုးကြီးလဲဆို တို့ ၁၉၉၉ ခုနှစ်က ရေတွေတအားကြီး၊ ရေတွေလွှမ်းကြတော့ ရေလယ်ဘုရားရင်ပြင်တော်ကို ရေမလွှမ်းခဲ့ဘူး။ အနားတော့ ဝိုင်းခဲ့တယ်။ ဒီလောက်ပဲ ရှိခဲ့တယ်။ တကယ်ဆို ရင်ပြင်ကို ရေလွှမ်းသင့်တာပေါ့"

ကြည်ပြာက သူ့ဟာသူပြောပြီး ဘယ်သူမှ ပြန်မပြောခင် အနားက ထွက်သွားတော့တယ်။ အနိုင်ပိုင်သွားတဲ့ သဘောပဲ။

ဘယ်သူမှ ပြန်မေးလို့ မရတော့ဘူးလေ။

ဒါနဲ့ပဲ ငါးစာကျွေးနေရာကနေ ကြည်ပြာ့နောက် လိုက်ခဲ့ကြရပြန်ရော။

❖



www.burmeseclassic.com

www.burmeseclassic.com



"ကြည်ပြာပြောပုံအရဆိုရင်တော့ ကျောက်တန်းရေလယ်ဘုရားဟာ တော်တော်တန်ခိုးကြီးမားပုံရပြီး ဆုတောင်းပြည့်လိမ့်မယ်"

လို့ ကိုတိုးတွေးနေမိတယ်။ ဒါနဲ့ပဲ စကားစလိုက်တယ်။

"ဒီကျောက်တန်းရေလယ်ဘုရားမှာ ငါဆုတောင်းသွားချင်တယ်"

"နင်က ဘာကို ဆုတောင်းချင်ရတာလဲ"

ရီမာက ဝင်မေးတာ။ ကျန်တဲ့ ညီမနှစ်ယောက်ကတော့ ရင်ခုန်စွာနဲ့ နားထောင်နေကြတယ်။

တကယ်တော့. .

သူတို့ ညီအစ်မသုံးယောက်လုံးက ကိုတိုးအပေါ် သံယောဇဉ်ရှိနေကြတယ်။ ဘာဂလိုကြီးမှန်းမသိလည်း ဖြစ်နေကြတာ။

ကိုတိုးက သူ့ကိုပဲ ချိန်လေသလား၊ ငါ့ပဲ ချိန်လေသလား. . ။

ဘယ်သူ ဘယ်နှုပေါင်ရှိ မသိဖြစ်နေကြတာ။

သိတယ်မို့လား. . နီလာကတော့ အပျိုဟိုင်းကြီးလို ဖြစ်နေတော့ မှင်အိုးလိုက် ထည့်ထားရတာ။

ကြည်ပြာကလည်း ဆရာမကြီးဆိုတော့ ဣန္ဒြေဆောင်နေရတာပေါ့။

ပေါ့ပါးလွတ်လပ်တာက ရီမာပဲ။ ညီမအငယ်ဆုံးလည်းဖြစ်တော့ ဦးစားပေးကြတယ်။ ကိုတိုးနဲ့လည်း ကျောင်းနေဖက်သူငယ်ချင်းဆိုတော့ သူတို့ရဲ့သံယောဇဉ်က ပိုမိုနက်ရှိုင်းမယ်လို့ တွေးထားကြတယ်။

ဒါကြောင့်. .

ကိုယ်သာ ချစ်စိတ် တိတ်တိတ်ရယ်ဖြေမယ်လို့ ကျိတ်တွေးထားကြတာ။

တကယ်တော့. .





ရင်ထဲမှာ ဘာလိုလိုကြီးရယ်. . ။ မတော်တဆ ကံစမ်းမဲများပေါက်လေမလားလို့ မရဲတရဲ မျှော်လင့်နေမိကြသေးတာ။

ကိုတိုးဆိုတဲ့ကောင်ကလေး တစ်မျိုး။ ညီမသုံးဖော်ကို ဘယ်သူ့ချိတ်မယ်လို့ တိတိကျကျ မီးစိမ်းမပြဘူး။ မီးဝါပြပြီး မီးနီပြထားလို့ အားလုံးရပ်နေကြရတာ။

"ဟဲ့. . ကိုတိုး. . နင် ဘုရားမှာ ဆုတောင်းမလို့ဆို"

"အင်းလေ. . "

"လုပ်လေ. . ။ ဘုရားကန်တော့ပြီး ဆုတောင်း"

"ငါ ဘာဆုတောင်းရမှာလဲ"

"နင်လိုရာ ဆုတောင်းပေါ့ဟဲ့"

ရီမာက သံမတ်ပေးလိုက်တာ။ ကြည်ပြာကလည်း ဝင်ပြီးကျင်ပေးတယ်။

"ဘုရားမှာ ဆုတောင်းတာပဲဟာ။ တိုးတိုးတောင်းကြတာပဲမဟုတ်လား"

"ဟဲ့. . အဲဒါက ရိုးရိုးတောင်းတာ။ နင်က ရှယ်တောင်းမှာမဟုတ်လား။ ဒါကြောင့် ကျယ်ကျယ်တောင်း"

နီလာက ဝင်ချွန်ပေးတာ။ ဒီတစ်ခါတော့ ကိုတိုးမျက်လုံးပုတ်ခတ်ပုတ်ခတ်ဖြစ်နေပြီ။

"ကဲ. . ဒါဆိုလည်း ပြီးရော။ ဆုတောင်းတော့မယ်။ ဟိုဘက်သွားနေကြ"

"ဟဲ့. . တို့ကြားတော့ ဘာဖြစ်လဲ"

"ရှက်တာပေါ့"

"နင်လား. . ရှက်တဲ့ရုပ်"

"တခြားသူကြားမှာ မရှက်ဘူး။ မနီလာတို့ ညီအစ်မတစ်ကွေကြားရင် ရက်စရာကြီး"

"တို့များ ရှက်စရာလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး. . အားလည်းနာတယ်"

ကိုတိုးလက်လေးယှက်ပြီး စပ်ဖြဲဖြဲလုပ်နေလို့ အပျိုကြီးနီလာရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားတယ်။

"ဒီကောင်လေး ငါ့များရှက်နေတာလား. . ။ ငါ့ကို ငြိနေပြီလား"

လို့လည်း ကျိတ်တွေးလိုက်တယ်။ ကြည်ပြာကလည်း ဘာထူးမှာလဲ။

"ဟွန့်. . ကိုတိုး ငါ့ကို စောင်းသလိုနဲ့ ချိတ်နေပြီလားပဲ။ သူငါ့ကိုချစ်တယ်ဆိုရင်တော့ လက်ခံရမှာပဲ။ ဟိုကောင်မတွေ မုန့်ပဲဝေ ကျွေးနိုင်မယ်။ ဒါကြီးက ဖွဲ့ကျွေးလို့မှ မဖြစ်ဘဲ"

လို့ တွေးနေသေးတာ။ ရီမာကတော့. .

"ကိုတိုး ကျောင်းမှာကတည်းက ငါ့ကို ကြိုက်နေပုံပဲ။ ပြောတော့မှာများလား။ ပြောလည်း ချက်ချင်းလက်ခံလိုက်မယ်လေ။ အင်တာနက်ခေတ်ပဲဟာ။ လက်မခံဘဲ အင်ထားတာ သိပ်နက်သွားရင် အင်တာပျက်ဖြစ်သွားမယ်"

လို့ တွေးရင်း ပြုံးနေတယ်။

ပြုံးနေကြတဲ့ ညီမသုံးဖော်က ဘုရားရှေ့မှာ ကိုယ်စီ ပုဆစ်တုပ် ထိုင်လိုက်ကြတယ်။ လက်ဒုပ်လေးတွေ ချီထားကြတယ်။

ကိုတိုးကလည်း ညီမတွေကြားထဲ ဝင်ထိုင်လိုက်ပြီး ဘုရားကန်တော့ တယ်။

ပြီး. . ဆုတောင်းတော့မှာ။

ရင်ခုန်နေကြတဲ့ ညီမသုံးဖော်က နားလေးတွေ စွင့်ထားကြလေရဲ့။

ဟော. .

ကိုတိုး ပါးစပ်လေး လှုပ်လာပြီး ဘုရားမှာ ဆုတောင်းပြီ။

"ကိုတိုး. . . ကျယ်ကျယ်ဆုတောင်း"





"ဟုတ်တယ်. . ။ ဘုရားကြားအောင် ဆုတောင်း"

"မကြားတကြား မလုပ်နဲ့။ ဘုရားရိုက်လိမ့်မယ်"

ကိုတိုးကို ဝိုင်းကြပ်ပေးနေကြတာ။

ဟုတ်ကဲ့. . ။

သူတို့ကြပ်ပေးတဲ့အတိုင်းပဲ ကိုတိုးက ကျယ်ကျယ်ပဲ ဆုတောင်းလိုက်ပါရဲ့။

"မြတ်စွာဘုရား. . ဘုရားတပည့်တော်သည် မိမိအပေါ် ချစ်သောသူတိုင်းနှင့် ညားရပါစေလို၏ဘုရား။ ညားသောသူတိုင်းကိုလည်း ချစ်ပါမည် ဘုရား"

သွားရော. . ။ ကိုတိုးဆုတောင်းသံကြောင့် ညီအစ်မသုံးယောက်လုံး မျက်လုံးတွေပြူးကုန်ကြတယ်။

သူဆုတောင်းပုံအရဆို သုံးယောက်လုံးများ သူကြိုက်မိလို့ကတော့ သုံးယောက်လုံးနဲ့ ညားရမယ့် ကိန်းပဲ။

အံမယ်. . ညားတဲ့သူတိုင်းကိုလည်း သူက ချစ်ပါမည်တဲ့။

ညီအစ်မသုံးယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ မလုံမလဲနဲ့ မျက်နှာတွေ လွှဲသွားမိကြတယ်။

ကိုတိုးကိုလည်း ကျိတ်ပြီး ဩဘာပေးမိလိုက်ကြလေရဲ့။

"လူလည်. . နှာဘူး. . လောဘအိုး. . "

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက ချစ်သူ

ကျောက်တန်းရေလယ်ဘုရားက ပြန်လာကြပြီး ညီမသုံးယောက်လုံး ညအိပ်မပျော်ကြဘူးရယ်။

အတွေးကိုယ်စီနဲ့ ခုတင်ပေါ်မှာ လူးလွန့်နေကြလေရဲ့။

သူတို့ ညီအစ်မသုံးယောက်က တစ်ခန်းထဲမှာ အိပ်ကြတာ၊ ခုတင်ကတော့ နှစ်ယောက်အိပ်တစ်လုံးနဲ့ တစ်ယောက်အိပ်တစ်လုံး။

တစ်ယောက်အိပ်ခုတင်မှာ အလတ်မ ကြည်ပြာတစ်ဦးတည်း အိပ်တယ်။

နှစ်ယောက်အိပ်ခုတင်မှာတော့ နီလာနဲ့ ရီမာတို့ အိပ်ကြတယ်။

အဲဒီညက ကြည်ပြာလည်း တော်တော်နဲ့ မအိပ်ဘူး။ သူက ကျောင်းကပါလာတဲ့ ကလေးတွေရဲ့ အဖြေလွှာတွေ စစ်နေတာ။

ခုတင်ကြီးပေါ်က နီလာနဲ့ ရီမာကတော့ ဟိုလွန့် ဒီလူးနဲ့ အတော်ညနက်မှ အိပ်ပျော်သွားကြတယ်။





အိပ်တယ်ဆိုရင်ပဲ ရီမာတစ်ယောက် အိပ်မက်မက်တော့တယ်။

အိပ်မက်ထဲမှာ ကိုတိုးက စတီတ်ရှိုးအဆိုတော်ကြီးကို ဖြစ်လို့။

'KO TOE အမှတ်တရ' ဆိုတဲ့ ဆိုင်းဘုတ်နောက်ခံထားပြီး ကိုတိုး တိုးတိုး ကဲနေတာ။

ဝတ်ထားတာလည်း ကြည့်လိုက်။ ခပ်မိုက်မိုက်ပဲ။ ဘောင်းဘီက နှစ်ရောင်စပ်။ တီရှပ်က လက်ပြတ်။ လည်ပင်းမှာ စတီးကြိုးကြီးနဲ့။

ကိုတိုးက စင်မြင့်ပေါ်မှာ သီချင်းဟဲနေတာ။ သူ့နောက်မှာ ဟာမိုနီလိုက်မယ့် ကောင်မလေးတွေကလည်း ခြောက်ယောက်တောင်။ ကုန်းလိုက် ကော့လိုက်လို့ရယ်။ လက်ကလေးမြှောက်လိုက်၊ ခြေလေးမြှောက်လိုက်နဲ့။

စင်အောက်က ရှေ့ဆုံးတန်းခုံမှာတော့ နီလာတို့ ညီမသုံးယောက်ထိုင်လို့။ သွားလေးတွေ လေသလပ်ခံထားကြလေရဲ့။

စင်ပေါ်က ကိုတိုးကလည်း သူတို့ကို လှမ်းရှုရင်း သီချင်းဆိုနေတာ။ ဆိုနေတဲ့ သီချင်းကလည်း နားထောင်ကောင်းပေမယ့် ဘာလိုလိုကြီး။

"မင်းကို ချစ်နေတယ် . . မင်းကိုချစ်နေတယ် . . မင်းကို ချစ်နေတယ် . . ."

ဆိုပြီး လက်ညှိုးတစ်ချောင်း မဟုတ်ဘူး။ သုံးချောင်းကြီးတောင် ထိုးထိုးပြီး ဆိုနေတာ။

ညီမသုံးဖော်ဆို မျက်လုံးတွေပြူးလို့။ လက်ညှိုးတစ်ချောင်းဆိုတော်ပြီပေါ့။ ဘယ့်နှယ် . . သုံးချောင်းတောင် ထိုးရတယ်လို့။

သူ့လက်ညှိုးသုံးချောင်း ညွှန်တဲ့နေရာက ညီမသုံးဖော်တို့ ကြည့်ပြီး ဘေးခုံကလူတွေလည်း ပြုံးကြတယ်။ တစ်ယောက်တစ်ချက် ထအော်သေးတာ။

"ကိုတိုး . . လောဘအိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုးအမှတ်တရက သုံးယောက်တောင်ဗျ"

ရှက်လိုက်တာ။ နီလာဆို ခေါင်းကြီးငုံ့လို့။ ကြည်ပြာလည်း ရှက်တာပဲ။ ရီမာကတော့ မျက်မှောင်ကုပ်နေတယ်။

"ကိုတိုး. . ကိုတိုး. ."

လို့ ရေရွတ်တယ်။ အိပ်မက်ထဲမှာ ရေရွတ်တာဟာ တကယ် အသံထွက်သွားတော့ အတူအိပ်နေတဲ့ နီလာက သူ့ကို ဟိုဘက် တိုးခိုင်းတယ်မှတ်ပြီး ရွှေ့ပေးလိုက်တယ်။

နေရာရွှေ့ပေးလိုက်တဲ့ နီလာကလည်း အိပ်မက်မက်လို့ပဲ။ သူ့အိပ်မက်ထဲမှာကတော့ တစ်မျိုး။

ကိုတိုးက အနောက်တိုင်းဝတ်စုံနဲ့ရယ်။ နက်ကတိုင်နဲ့ ဘာနဲ့။ နီလာကို နှုတ်ဆက်နေတာ။

သူက နိုင်ငံခြားကို ရှိုးပျော့နဲ့ သွားတော့မှာ ဆိုပဲ။

"ကျွန်တော် စလုံးကို သွားတော့မယ် မမနီလာ။ အဲဒီကနေ ဆလိမ်ဆက်မယ်။ ယပလက်နဲ့ ရကောက်ကိုလည်း ရောက်မယ်"

"ခရီးတွေက များလှချည်လား"

"ဒါ ဘာဟုတ်သေးလဲ။ ရကောက်ပြီးရင် မထသကို ဆက်မယ်။ ကကု ဆယ်စီးဝယ်၊ မြန်မာပြည်ပို့ပြီး ဆလ္လိမ်ပြန်သွားမယ်။ ဆလိမ်ကနေ စလုံး။ စလုံးကနေ အမက ဆက်ဦးမှာ"

"မင်းခရီးစဉ်ကလည်း ဗျည်းသုံးဆယ့်သုံးလုံး ကုန်ပါရော လား"

"ဟုတ်တယ်. . ။ အမက,က ပြန်ရောက်ရင် မမနလနဲ့ လထ မယ်"

"ဘာလဲကွ. . မမနလနဲ့ လထဆိုတာ နိုင်ငံသစ်လား။ ကုလ သမဂ္ဂအဖွဲ့ဝင်နိုင်ငံပဲလား။ အာဆီယံအဖွဲ့ဝင်ပဲလား"

နီလာက တကယ်ကို မသိသလို ဟန်နဲ့မေးတာ။ ကိုတိုးက အပေါ်က ကုတ်အင်္ကျီကို ဆွဲဆန့်၊ နက်ကတိုင်ကို ပြန်ပြင်ရင်း ပြုံးပြုံး





ဖြီးနဲ့ ပြောတယ်။

"ဘယ်နိုင်ငံသစ်မှ မဟုတ်ဘူး။ မမနီလာနဲ့ လက်ထပ်မယ်လို့ ပြောတာ"

ကိုတိုးစကားဆုံးတော့ မမနီလာ ရင်ဘတ်လေးဖိလိုက်တယ်။ အံ့ဩတုန်လှုပ်စွာ ပြောလိုက်တယ်။

"ကိုတိုး. . ကိုတိုး. . တကယ်ပြောတာလား"

"တကယ်ပေါ့ မမနီလာရဲ့"

"တကယ်ပြောတာဆိုရင်တော့ ကြာသလားလို့"

ဆိုပြီး နီလာက ကိုတိုးကို ပြေးဖက်တော့တာ။ ဖွတ်. . ။ ဖက်ထားရင်းကလည်း တတွတ်တွတ်ခေါ်နေတာ။

"ကိုတိုး. . . တိုး. . . တိုး. . ရယ်" တဲ့။

အိပ်မက်ထဲမှာ ကိုတိုးကိုဖက်ပြီး တိုးတိုးနဲ့ လုပ်နေတာ။ တကယ်ဖက်ထားတာကတော့ ညီမ ရီမာ့ကိုရယ်။

နီလာက ဖက်ထားပြီး တိုးတိုးနဲ့ လုပ်နေတော့ ရီမာ နိုးသွား တယ်။

"တိုး. . တိုး. ."

လို့ နီလာက ပြောနေတာကြောင့် သူ့ကို ဟိုဘက်တိုးခိုင်း တယ်ထင်ပြီး တိုးပေးမလို့လုပ်တယ်။ ဒါပေမဲ့ လက်ကြီးက ဖက်ထား တော့ တိုးလို့မရဘူး။

"တိုးလည်း ခိုင်းသေး၊ ဖက်လည်း ထားသေး"

ဆိုပြီး သူ့အစ်မရဲ့လက်ကို ဖယ်ပစ်လိုက်တယ်။ ဒီတော့ နီလာ က မျက်လုံးမဖွင့်ဘဲ ပြောပြန်တယ်။

"မမလက်ကို ဖယ်မပစ်ပါနဲ့ တိုး. . တိုး. . နော်"

နီလာ့စကားကြောင့် ရီမာ မျက်လုံးပွတ်ကြည့်တယ်။

"တိုးလည်းခိုင်းသေး၊ ဖက်လည်းထားသေးတော့ လက်ကို မဖယ်လို့ ဖြစ်မလား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောရင်း လက်ကို ဆွဲဖယ်လိုက်ပြန်တယ်။

"ဟင့်အင်း. . ဖက်ထားမှာပဲ"

"ဖက်ထားရင်တော့ တိုးလို့ရမှာ မဟုတ်ဘူး"

ရီမာပြောပေမယ့် နီလာဘာမှပြန်မပြောလို့ ရီမာ မျက်မှောင်ကုပ်တယ်။

သူ့မမ ယောင်နေတာပဲဆိုတာ သိလိုက်တော့တယ်။

"ပြန်ဖက်ထားကွာ"

ရီမာ ယောင်ယမ်းပြီး ပြန်ဖက်ထားလိုက်ရတယ်။ ဘေးကကြည့်ရင် ညီမနှစ်ယောက် သိပ်ချစ်နေကြတယ် ထင်မှာ။

အိပ်မက်ထဲမှာတော့ ဘာတွေဖြစ်နေသလဲ မသိတော့ဘူး။ မီးပျက်သွားတယ်။

အပြင်မှာတော့ နီလာက ရီမာ့ကိုဖက်ရင်း ပါးလေးကို ပွတ်လို့ပဲ။ နောက်ပြီး. .

"နမ်းမယ်နော်. . ရွတ်. ."

ဆိုပြီး နမ်းလိုက်ပါလေရော။ ရီမာ မျက်လုံးပြူးနေပြီ။ နီလာကတော့ မျက်လုံးမဖွင့်ဘဲ. .

"ဗျည်းသုံးဆယ့်သုံးနိုင်ငံ မသွားခင် မမကို နမ်းသွားဦးလေ. . နမ်းလေ. ."

ဆိုပြီး ပါးလေးထိုးပေးနေတော့ ရီမာဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဖက်လည်းထားရသေး။

"နမ်းလေကွယ်"

"ရွတ်. ."

မထူးတော့ပြီမို့ ရီမာ နမ်းလိုက်ရတယ်။

ရီမာ နမ်းတာကို ပါးရိုက်သလောက်နီးနီး ပြင်းသွားတော့ နီလာလန့်နိုးသွားတယ်။

"ဘာလုပ်တာလဲ"





လို့ ရီမာ့ကိုမေးတယ်။ ရီမာက မျက်လုံးပြူးပြီး ဖြေရှာတယ်။

"မမပဲ နမ်းခိုင်းပြီးတော့"

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်လို့ နမ်းပြီးပြီ"

"ငါ့ပါးမှာ နှပ်တွေပေကုန်ပြီ။ ပြန်သုတ်ပေး"

"ဒါတော့ ဘယ်တတ်နိုင်မလဲ။ နှာမွန်နေတဲ့ဥစ္စာ။ မမပဲ ငှတ်နမ်းခိုင်းပြီးတော့. ."

"ငါနမ်းခိုင်းတာ တစ်ယောက်ဟဲ့"

"မမအနားမှာ ညီမပဲ ရှိတဲ့ဥစ္စာ"

"ညည်းမသိပါဘူး"

"သိပါတယ်"

"သိရင်လည်း ဝမ်းထဲထား။ ဟင်း. . ဟင်း. . အိပ်မက်လေး ကောင်းနေတာကို "

"အိပ်မက်ထဲမှာ ကိုတိုးပါလား"

"ဒါ. . ညည်းအလုပ်မဟုတ်ပါဘူး"

"မမနော်. . ကလေးမှန့်ကို လုစားဖို့ စိတ်မကူးနဲ့"

"ဟဲ့. . ငါက စိတ်မကူးဘူး။ သူဟာသူ အိပ်မက်မက်တာ ဘယ်တတ်နိုင်မလဲ"

"နောက်တစ်ခါ အိပ်မက်မက်ရင် နမ်းမခိုင်းနဲ့"

"ဟဲ့. . ငါမခိုင်းပါဘူး။ သူ့ဟာသူ အိပ်မက်ထဲမှာ ဖြစ်နေတာ"

"အို. . ဘာပဲဖြစ်ဖြစ် နမ်းခိုင်းခြင်း၊ ဖက်ခိုင်းခြင်းတွေ မလုပ်ပါနဲ့။ ဒါပဲ"

"အမယ်လေး. . သူပိုင်ပစ္စည်းကျနေတာပဲ"

ညီမနှစ်ယောက် တွတ်ထိုးနေကြတာ။ မှန့်ဆီကြော်က ဘယ်နေမှန်း မသိသေးဘူးရယ်။

"တိုး. . တိုး. . မကဲနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံက ကြည်ပြာထံက ထွက်လာတာ။ အိပ်မောကျနေတဲ့ ကြည်ပြာလည်း ယောင်နေပြန်ပြီ။ ကြည်ပြာ့ကိုကြည့်ပြီး နီလာနဲ့ ရီမာတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြတယ်။

"တစ်ယောက် ယောင်ပြန်ပြီ။ အချိန်မီ တားမှ"

ဆိုပြီး ရီမာ ခုတင်ပေါ်က ဆင်းတယ်။ ကြည်ပြာ့ခုတင်နား ကပ်သွားတယ်။ ကြည်ပြာကတော့ မျက်လုံးစုံမှိတ် အိပ်နေပေမယ့် မျက်နှာကတော့ ပြုံးယောင်သမ်းလို့ရယ်။

"တိုး . . တိုး . . ဝူး . . ဝူး . . ဝူး . ."

ကြည်ပြာယောင်လို့မှ မဆုံးသေးဘူး။ ရီမာက ကြည်ပြာ့ ပါးစပ်ကို လှမ်းပိတ်လိုက်တာ။ ကြည်ပြာ ဝူးဝူးဖြစ်သွားတယ်။ မျက်လုံးဖွင့်ကြည့်ပြီး မေးတော့တယ်။

"ဘာလုပ်တာလဲ"

"ပါးစပ်ပိတ်လိုက်တာ"

"ဘာလို့ ပိတ်ရတာလဲ"

"ယောင်နေလို့"

"ယောင်တာ ဂရုပ်ဆိုမလိမ်းဘဲ ပါးစပ်ပိတ်ရတယ်လို့"

"ဆက်မယောင်စေချင်လို့ပေါ့။ ဘာလဲ . . ။ အိပ်မက်ထဲမှာ ကိုတိုးနဲ့ပဲ မဟုတ်လား"

"ဟီး . . ညီမလေးသိရင် ကိုယ့်ဝမ်းထဲထား"

"ဟီး . . မလုပ်နဲ့။ နောက်ကို အိပ်မက်မက်ရင် ကိုတိုးမပါစေနဲ့။ သူ ဘာလုပ်သွားသေးလဲ"

"ဘာမှ မလုပ်ပါဘူးဟယ် . . ။ နမ်းရုံပါပဲ"

"နောက် မနမ်းစေနဲ့"

"ဟောတော့် . . အိပ်မက်ကို"

"မရဘူး . . ။ အိပ်မက်ပဲဖြစ်ဖြစ်၊ ဇရုပ်မက်ပဲဖြစ်ဖြစ် ကိုတိုးကို လည်း မှာထားရမယ်"





"ဟဲ့ . . ညီမလေး။ ရှက်စရာ . . ။ လျှောက်မပြောနဲ့"

"ထိုင်ပြောမှာ"

"မပြောပါနဲ့ကွယ်။ နောက်မမက်တော့ဘူးနော်။ ကဲ . . အိပ်တော့"

"ဟုတ်တယ် ညီမလေး။ မမနီလာလည်း နောက်မမက်တော့ပါဘူး။ လာ . . ပြန်အိပ်"

အစ်မနှစ်ယောက်လုံးက ချော့မော့ပြီး ပြန်အိပ်ခိုင်းမှပဲ ရီမာ အိပ်ရာထဲ ပြန်ဝင်တယ်။ ဒါတောင် မကျေမနပ်ဖြစ်တုန်းရယ်။ ပွစိ ပွစိ လုပ်နေသေးတာ။

"သေနာ ကိုတိုး . . ။ ငါ့ကျတော့ မနမ်းဘဲ ငါ့အစ်မတွေကျတော့ နမ်းတယ်။ အေး . . အခု ငါ့အိပ်မက် နင်လာမယ်ဆို . . ။ မနမ်းလို့ကတော့ မနက်ကျ တွေ့မယ်"

ရီမာ ပွစိပွစိနဲ့ပဲ အိပ်ရာပြန်ဝင်သွားတော့တယ်။ ဒီတော့မှ နီလာနဲ့ ကြည်ပြာလည်း သက်ပြင်းပြိုင်တူချလိုက်ကြတော့တယ်။

"ဟင်း . ."

"ဟင်း . ."

[ဤကဲ့သို့ တစ်ချိန်တည်းမှာ ညီအစ်မသုံးယောက် ပြိုင်တူ လူတစ်ဦးတည်းကို အိပ်မက်မက်ခြင်းသည် ဖြစ်တောင့်ဖြစ်ခဲကိစ္စ ဖြစ်ပါသည်။ ဂမ္ဘီရလည်း ဆန်လှပါပေ၏။ ဤသို့ ဂမ္ဘီရဆန်သော ဖြစ်ရပ်များကို အထူးဂါထာ၊ ရှယ်မန္တန်များဖြင့် စီရင်၍ရပါသည်။ စိတ်ဝင်စားသော ဂမ္ဘီရစာရေးဆရာများ ဆက်သွယ်နိုင်ကြပါကြောင်း။ ဤကား စာရေးသူ၏ ရွှီးချက်]

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## ချစ်တဲ့သူ နီလာလေး

သူငယ်ချင်း . .
နီလာဆိုတိုင်း . .
ဒန်ပေါက်မထင်နဲ့ . .
မင်းမှားသွားမယ် သူငယ်ချင်း။
သူငယ်ချင်း . . .
နီလာဆိုတိုင်း . .
ကျောက်ရိုင်းမထင်နဲ့ . .
မင်းအင်သွားမယ် သူငယ်ချင်း။
သူငယ်ချင်း . .
နီလာဆိုတာ
ရီစရာလည်း မဟုတ် . .
ပလီပတာလည်း မပြောတတ် . .
မတ်တတ်တော့ လမ်းလျှောက်တတ်ရဲ့ . .
ထမင်းလည်း စားတတ်
အင်အင်းလည်းပါတတ် . .
ရှုံရှုံးလည်းပေါက် . . ငေါက်လည်းငေါက် . .
ဟောက်လည်းဟောက်တတ်တဲ့ လူသားနီလာရယ်လေ။
ငါ့ချစ်သူပေါ့ . .
ကပ်မလိုက်နဲ့ . . ပုသွားမယ်။ ။

ချစ်ဦးဖြူ



## သုံးယောက်ပေါင်းတော့

"ဟော့ကောင် ကိုတိုး . ."
"ဟာ . . ချစ်ဦးဖြူ"
"မင်းတစ်ယောက်တည်းလား"
"အေး . . မင်းရော"
"ဟိုကောင် ရဲခေါင်မဲပြောင်ပါတယ်ကွ။ ဟိုဆိုင်ထဲမှာ"
ကိုတိုးနဲ့ ချစ်ဦးဖြူတို့နှစ်ယောက် ရန်ကုန်မြို့လယ်ခေါင်မှာ ဆုံဖြစ်ကြတာ။ သူတို့ရဲ့ သူငယ်ချင်းဖြစ်တဲ့ ရဲခေါင်မဲပြောင်ကလည်း စတိုးဆိုင်ထဲက ထွက်လာပြီး သူတို့နား ရောက်လာတယ်။ ကိုတိုးကို မြင်လို့ နှုတ်ဆက်တာ။ မမြင်ရင်တော့ နှုတ်ဆက်မယ် မဟုတ်ဘူး။ ဟုတ်တယ်ဟုတ် . .။
"ဟာ . . ကိုတိုးပါလား။ ဘယ်ကလာလဲ . . ဘယ်သွားမလဲ"
"ဟိုဘက်က လာတယ်ကွ။ ဒီဘက်သွားမယ်"
ကိုတိုး ရွှဲ့ဖြေတာ မဟုတ်ဘူး။ အတည်ပေါက်ဖြေတာရယ်၊ သူ့ကို စတွေ့တဲ့ ချစ်ဦးဖြူက . .

www.burmeseclassic.com



"ဒီဘက်လည်း မသွားနဲ့ဦး။ မင်းကို ငါပြုစုမယ်။ ငါတို့နဲ့ လိုက်ခဲ့"

"ဘယ်ကိုလဲ"

"ဘီယာဆိုင်ပေါ့ကွာ"

"နည်းနည်းပေါ့ကွာ။ အစားများများစားပေါ့။ လာပါကွာ"

"သွားကြကွာ . . ။ ငါမှ မသောက်တတ်တာ"

"လာပါကွာ။ နည်းနည်းပဲသောက်ပေါ့။ ကြိုက်တာမှာစား"

"အေးလေကွာ . . ။ တို့သူငယ်ချင်းသုံးယောက် ဆုံတုန်း ထိုင်ကြအောင်ပါ။ လာပါကွာ . ."

သူငယ်ချင်းနှစ်ယောက်က အတင်းခေါ်တာနဲ့ ကိုတိုး ကန့်လန့်ကန့်လန့်နဲ့ ပါသွားတယ်။ တကယ်တော့ ဘာမှ မကန့်လန့်ဘူး။ တည့်တည့်တန်းတန်းကြီး လျှောက်လိုက်သွားတာရယ်။

သူတို့နှစ်ယောက်က ကိုတိုးနဲ့ ကျောင်းအတူတက်၊ ကျောင်းအတူပြီးခဲ့ကြတဲ့သူတွေ။ အလုပ်ကိုယ်စီနဲ့ ဖြစ်နေကြပြီ။ အလုပ်မရှိသေးတာ ကိုတိုးပဲ။

ချစ်ဦးဖြူက စာပေတိုက်တစ်တိုက်မှာ အယ်ဒီတာဝင်လုပ်နေတာ။ ဆွဲခန့်အယ်ဒီတာပေါ့။ တိုက်ပိုင်ရှင်က သူ့ဦးလေးကိုး။ သူက ဘွဲ့ရပြီး အလုပ်လက်မဲ့ဖြစ်နေချိန်မှာ သူ့ဦးလေးက ခေါ်ခန့်လိုက်တာ။

အယ်ဒီတာဖြစ်ဖို့ ဘာအင်တာဗျူးမှ မလိုဘူး။ ထောက်ခံစာ မလိုဘူး။ ဒါရိုက်ပဲ။

စာမရေးတတ်တဲ့ သူ့ဦးလေးက အယ်ဒီတာချုပ်။ သူက အယ်ဒီတာ။ ဟုတ်လို့ . . ။ သူတို့ထုတ်တဲ့စာအုပ် မပြုတ်ရင် ကျန်တဲ့စာအုပ်တွေ ခိုင်ပြီသာမှတ်တော့။

အဲ . . ကံကောင်းတယ်လို့ ဆိုရမလားပဲ။ သူတို့စာအုပ်က မပြုတ်တဲ့အပြင် စောင်ရေတောင်တိုးသွားဆိုပဲ။





စောင်ရေတိုးရတဲ့ အကြောင်းကလည်း အံ့ဖွယ်သူရဲပဲ။

ချစ်ဦးဖြူရဲ့ လက်ချက်ပေါ့။

ဖြစ်ပုံက ဒီလို . . ။

ချစ်ဦးဖြူက ကဗျာအယ်ဒီတာ။ သူက ပို့မော်ဒန်ကဗျာတို့ စာတို့ကို သိပ်ကြိုက်တာ။

သိတယ်မဟုတ်လား ပို့မော်ဒန်ဆိုတာ။ တိုင်ပတ်တဲ့စာလို့ ပြောရမလား။

ရှင်းနေတာကို ရှုပ်အောင်၊ နားမလည်တာကို လုံးဝမသိအောင် ရေးနိုင်ရင် ပို့မော်ဒန်ပဲ။ ဒါ . . ပုံသေနည်း။

ခုန ချစ်ဦးဖြူရဲ့လက်ချက်ကိစ္စ ဆက်ရဦးမယ်။

တစ်ရက်မှာ သူ့ဦးလေးက စာတစ်စောင်ရေးထားတယ်၊ အမိန့်ပြန်တမ်းစာပဲ။

သူတို့တိုက်က ချာတိတ်တစ်ယောက်ဆုံးလို့ ရေဝေးမှာ မီးသင်္ဂြိုဟ်ရင် ဖတ်ရမယ့် အမိန့်ပြန်တမ်းကို ရေးထားတာ။

ရေးပြီး စားပွဲပေါ်တင်ထားခဲ့တယ်။ သူကတော့ ကိစ္စတစ်ခုနဲ့ ထွက်သွားတာ အတော်နဲ့ ပြန်မလာဖြစ်ဘူး။

အဲဒီအမိန့်ပြန်တမ်းကို ချစ်ဦးဖြူကောက်ဖတ်ပြီး . .

"အံမယ် . . ငါ့ဆရာကလည်း ပို့မော်ဒန်ကဗျာ ရေးတတ်သား။ ဖောင်မပိတ်ခင် စီပြီး အမြန်ထည့်မှ။ ခေါင်းစဉ်လေးတော့ ပြင်လိုက်မှ"

လို့ တွေးရင်း ခေါင်းစီးကို ပြင်လိုက်တယ်။

သူပြင်လိုက်တဲ့ ခေါင်းစီးလေးက လှပါတယ်။

'သင်သွားလိုရာ သွားနိုင်သည်' . . တဲ့။

အဲဒီစာကြီးက အဖွင့်ကဗျာနေရာမှာ သူ့ဦးလေးရဲ့ ကလောင်နာမည်ကြီးနဲ့ ပါသွားလေတော့ ပြဿနာတွေဖြစ်ကြပြီးမှ နောက်ဆုံး စာရင်းချုပ်တော့ အဲဒီစာအုပ် ပြုတ်သွားပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာချုပ်ကြီးလည်း 'ပို့မော်ဒန်ဖားသား' ဆိုပြီး နာမည်ကြီး။ စာအုပ်လည်း စောင်ရေတက်။

ကဲ. . မခက်လား။

အဲဒီမှာ ချစ်ဦးဖြူလည်း လက်မထောင်၊ ရင်ကော့နေတော့တာ။

'ဖေကြီတာ. . ဖေကြီတာ့. . ။ ငါဟာ တစ်နေ့ ချစ်ဦးဖြူကနေ ချစ်ဦးညို၊ ချစ်ဦးမည်း ဖြစ်ကို ဖြစ်ဦးမှာ'

လို့လည်း တွေးနေတော့တာ။ မြန်မြန်ညိုအောင် နေပူထဲ ထွက်ရပ်နေမယ်လုပ်လို့ မနည်းဆွဲထားကြရသေးတယ်။

သူက လက်ဘာဒီပချစ်သူ ဝတ္ထုရေးတဲ့ ဆရာချစ်ဦးညိုကို သိပ်အားကျတာ။

ချစ်ဦးညိုရုံတင်မကဘူး။ မည်းကိုမည်းသွားစေရမယ်လို့ ကြိမ်းဝါးနေတာကလား။

မြန်မြန်မည်းအောင် နေပူထဲ ထီးမပါ၊ ဦးထုပ်မဆောင်းဘဲ သွားနေတာတောင် အသားက မမည်းလို့ စိတ်ညစ်နေသေးရဲ့။

ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကိုတောင် သူ လှမ်းဖုန်းဆက်မေးသေးတာ။

"ဟဲလို. . ရွှေပြည်နန်းကလား"

"ဟုတ်ပါတယ်. . ။ ကျွန်တော် ရွှေပြည်နန်းက မန်နေဂျာပါ။ အမိန့်ရှိပါခင်ဗျား"

"သြော်. . ကျွန်တော် ရွှေရမ်းတီးမဂ္ဂဇင်းက အယ်ဒီတာ ချစ်ဦးဖြူပါ"

"ဟုတ်ကဲ့ပါ. . ပြောပါခင်ဗျ။ ဘာကူညီရမလဲခင်ဗျာ"

"ကျွန်တော် မိတ်ကပ်သနပ်ခါး မှာချင်လို့ပါ"

"သြော်. . ချစ်ချစ်အတွက်လား။ ရပါတယ်ခင်ဗျား။ ဘယ်လိုသနပ်ခါး လိုချင်ပါသလဲခင်ဗျ"





"အသားမည်းသနပ်ခါး လိုချင်လို့ပါ"

"ဗျာ. ."

"အသားမည်းသနပ်ခါး လိုချင်တယ်လို့ ပြောနေတာပါ။ ကြားပါတယ်နော်"

"ကြားပါတယ်. . မရှင်းဘူး. . ။ အသားဖြူသနပ်ခါးလား"

"မဟုတ်ဘူး. . ။ အသားမည်းသနပ်ခါး. . ။ ကျွန်တော့်အသားက ဖြူပြီးသား။ မည်းချင်လို့"

"ဟို. . ဟို. . အဲဒါတော့ မရှိဘူးခင်ဗျ"

"ရှိအောင်လုပ်ဗျာ။ အော်ဒါမှာမယ်။ အသားမည်း အိုးမည်း သနပ်ခါးဆိုပြီး ထုတ်ရောင်းပေါ့"

"ဟုတ်ကဲ့. . ။ ကျွန်တော် ထုတ်လုပ်ရေးမှူးနဲ့ တိုင်ပင်ကြည့်ပါဦးမယ်"

"ဖကျေးဇူးပါပဲ. . ။ ရရင် ဖုန်းဆက်နော်"

"ဟုတ်ကဲ့ပါ"

တစ်ဖက်က 'ဟုတ်ကဲ့ပါ' ဆိုပြီး ဖုန်းအမြန်ချသွားတော့ တယ်။ မချလို့လည်း မဖြစ်ဘူး။ ကြာရင် မန်နေဂျာ ထွက်စာတင်ချင် စိတ်ပေါက်သွားနိုင်တယ်။

ချစ်ဦးဖြူတို့က အဲသလိုလူစား။

ရဲခေါင်မဲပြောင်ကတော့ ရှင်းတယ်။ စာမရေးဘူး။ စာဖတ်တယ်။ ဝေဖန်တယ်။ သူ့ဦးလေးကလည်း ဝေဖန်ရေးဆရာလေ။ ဆရာဖိုးထိန်ဆိုတာ သူ့ဦးလေးပဲ။

ရဲခေါင်မဲပြောင် အစက စာဖတ်ရုံတင်ဖတ်တာ။ မဝေဖန်တတ်ဘူး။ သူ့ဦးလေးနဲ့ပေါင်းမှ မိန်းမလိမ်နည်းတို့၊ စာပေဝေဖန်နည်းတို့ သူတတ်တာ။ ရဲခေါင်မဲပြောင်က လိမ်စရာ မိန်းမမရှိတော့ စာပေဝေဖန်ရေးပဲ စောင်းပေးလုပ်တယ်။

သူ့နာမည်ရင်းက ရဲခေါင်ပါ။ အသားမည်းလို့ ရဲခေါင်



www.burmeseclassic.com

www.burmeseclassic.com



မဲပြောင် ဖြစ်သွားတာ။

သူငယ်ချင်းသုံးယောက်သား ဗန္ဓုလပန်းခြံဘေးက ဘီယာဆိုင်ထဲ ဝင်သွားကြတယ်။ စားပွဲထိုးလေးတစ်ဦးက သူတို့သုံးဦးသားကို ကြိုဆိုနေရာပေးတယ်။

"ဆရာတို့ ဘာသုံးဆောင်ကြမလဲ"

လို့ မေးရင်း မီနူးကတ်လေး ထိုးပေးတယ်။ ချစ်ဦးဖြူက မီနူးကို မယူဘဲ. .

"ရပါတယ်. . ။ မီနူးမလိုဘူး။ အင်တာနေရှင်နယ် ကန်စွန်းပလိန်းတစ်ပွဲ၊ စည်နှစ်ခွက်"

လို့ မှာပြီးမှ ကိုတိုးကို လှမ်းပြောတယ်။

"ကိုတိုး. . ကိုယ်ကြိုက်တာ ကိုယ်မှာ။ လိုသလောက်မှာ"

"အေးကွာ. . ။ ငါ မင်းတို့ကိုခင်လို့ နည်းနည်းတော့ လုပ်ပါ့မယ်"

ကိုတိုးက တိုးတိုးလေးပြောရင်း စားပွဲထိုးလေးကို ကြည့်လိုက်တယ်။ သူမှာတော့မယ်ပေါ့။ စားပွဲထိုးလေးကလည်း ကိုတိုးမှာတာ ရေးမှတ်ဖို့ အသင့်အနေအထားမှာ ရှိနေတယ်။

ဒါပေမဲ့လည်းပေါ့လေ. .

စားပွဲထိုးလေးလက်က ဘာမှမရေးနိုင်ဘဲ မျက်လုံးကြီးသာ ပြူးထွက်သွားတယ်။

ကိုတိုးမှာပုံ ဆန်းတာကို ကြည့်ဦး။

"ဘီယာနှစ်ပက်၊ ဆော်ဒါတစ်လုံး". . တဲ့။

ဆက်ပြောနေသေးတာ။

"ငါက မသောက်တတ်ဘူးကွ။ မူးမှာစိုးလို့ ဆော်ဒါများများ ရောရမှာ" တဲ့။

ကဲ. . ဘယ့်နှဲ့လုပ်ကြမလဲ။

ဘယ့်နှဲ့မှ မလုပ်နိုင်ဘူး။ ကိုတိုးမှာလိုက်သံ ကြားလိုက်တဲ့





ချစ်ဦးဖြူနဲ့ ရဲခေါင်မဲပြောင်လည်း ကြောင်စီစီ၊ ကြွက်ညည်ညည်ဖြစ်သွားကြတော့တယ်။

ချစ်ဦးဖြူက ပွဲကို ဝင်ထိန်းတယ်။

"ညီလေး. . ဘီယာနှစ်ပက်မဟုတ်ဘူး. . နှစ်ခွက်။ ဆော်ဒါဘရိဘ်. . ။ သိတယ်နော်"

"ဟုတ်. . ဟုတ်. ."

စားပွဲထိုးလေးလည်း ယောင်ချာချာဖြစ်သွားရှာတယ်။ ကိုတိုးကို ဘယ်ကဂြိုဟ်သားပါလိမ့်လို့တွေးရင်း ကွက်ကြည့်ကွက်ကြည့် လုပ်သွားသေးတာ။

မကြာခင် သူတို့ရှေ့လာချပေးသွားတဲ့ ဘီယာခွက်တွေ ကြည့်ပြီး ကိုတိုး မျက်မှောင်ကုပ်နေတယ်။

"ဒါတွေကုန်အောင်သောက်ဖို့ မလွယ်ဘူး"

လို့လည်း ပြောတယ်။ ဟုတ်တယ်။ သူ့တစ်ယောက်တည်းရှေ့မှာက နှစ်ခွက်ဖြစ်နေလို့ နှစ်ပက်အစား နှစ်ခွက်မှာတာဆိုတော့ သူ့အတွက်ပဲ ဖြစ်နေတာပေါ့။

"မကုန်ရင် တစ်ခွက်တော့ သောက်ကွာ။ ကျန်တာ တို့သောက် မယ်"

"ငါ ကြိုးစားပြီး သောက်ပါ့မယ်"

လို့ ပြောပြီး ကိုတိုးက ဖန်ခွက်ကို လှမ်းကိုင်တယ်။ သောက်ကြည့်တယ်။

"မဆိုးဘူး"

"ဂလွတ်. . ဂလွတ်. ."

ဟိုက်ကရော. . ။ မဆိုးပါဘူးဆိုပြီး ကုလားမော့ မော့ချလိုက်တာများ ရေတံလျှောက်ထဲ လောင်းထည့်လိုက်သလိုပဲ။

နောက်တစ်ခွက်ကို လှမ်းကိုင်လို့ ချစ်ဦးဖြူက လှမ်းတားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုး. . နေပါဦး။ ဖြည်းဖြည်းလုပ်ပါဟ။ မသောက်တတ်ဘူးဆို"

"ခု. . သောက်တတ်သွားပြီ။ ဘီယာဆိုတာ အရက်မဟုတ်ပါလို့ ဘယ်သူလဲမသိဘူး ပြောဖူးတယ်။ မှန်တယ်. . ရိုက်. . ဘီယာအစ် နီးယား ဝါးတား။ ဂလွတ်. . ဂလွတ်. . ရှလွတ်. . "

လုပ်ပြန်ပြီ။ ဘီယာကို ရေသာသာပဲလို့ သူပြောပြီး မော့လိုက်တာ နောက်တစ်ခွက်။ တော်သေးတာပေါ့. . ဘီယာဟာ ရေနဲ့ အနီးစပ်ဆုံး တူပေလို့။ စပါကလင်နဲ့သာ တူနေရင်တော့ တစ်နေကုန်ထိုင်ဆွဲနေမလား မသိရ။

သောက်ပြီး လျှာတွေဘာတွေသိမ်းလို့။ နောက်တစ်ခွက်မှာမယ်လုပ်လို့ မနည်းတားကြရသေးတာ။

"တော်ပါတော့ ကိုတိုးရာ။ တန်ဆေး လွန်ဘေးတဲ့။ မင်းမသောက်တတ်ဘူးဆိုတာ ငါယုံပါတယ်"

"တစ်ခွက်တော့ လုပ်ကွာ. .။ စကားပြောရင်း သောက်ရအောင်။ ဖြည်းဖြည်းသောက်တော့မှာပါ"

"လုပ်ပါစေကွာ. .။ အရူး အမဲသားကျွေးမိသလို ဖြစ်နေပြီပဲကိုးကွ"

ရဲခေါင်မဲပြောင်က ပြောတော့ မနေသာဘူး။ တစ်ခွက်ထပ်မှာပေးရတယ်။

ကန်စွန်းပလိန်းလည်း ပန်းကန်ပလိန်းဖြစ်နေလို့ ထပ်မှာပေးရသေးတယ်။

"ဒီလိုကွ. . ကိုတိုးရ။ ငါ မင်းကို အကူအညီတစ်ခုတောင်းချင်လို့"

"တောင်းကွာ. .။ ဘီယာကျွေးဖူးရှိတယ်။ ကူညီမယ်"

"ဟိုလေ. . မင်းရဲ့ ဟိုညီအစ်မသုံးဖော်ထဲက တစ်ဖော်ကို ငါကြိုက်လို့ စာပေးချင်လို့"





ချစ်ဦးဖြူက တိုးတိုးပြောတာ။ ကိုတိုးက ကျယ်ကျယ်ပြန်မေးတယ်။

"ဘယ်သူ့ကိုလဲ"

"ဆရာမ မကြည်ပြာ"

ကိုတိုး ငိုင်သွားတယ်။ စဉ်းစားတယ်။ ဘီယာခွက်ကို စေ့စေ့ကြည့်ပြီး ပြောတယ်။

"ပေးပေါ့. . မင်းသဘောပဲ။ ငါနဲ့ ဘာမှမဖြစ်သေးဘူး။ အများဆိုင်ပစ္စည်းပဲ။ လျှောက်လွှာတင်ခွင့်ရှိတယ်။ လျှောက်ကြည့်ပေါ့"

"မင်းတို့ လျှောက်မယ်ဆိုတော့ ငါလည်း လျှောက်ကြည့်ချင်တယ်ကွာ"

လို့ ဝင်ပြောတာကတော့ ရဲခေါင်မဲပြောင်ပဲ။ သူကလည်း နီလာကို စိတ်ဝင်စားနေတာ ကြာပြီ။ မပြောရဲလို့. .။

အခုတော့ အဖော်ကောင်းတုန်း မိုက်လိုက်ဦးမဟဆိုပြီး ဝင်ပါတာနေမှာ။

"မင်းက ဘာကိုလျှောက်မှာလဲ"

"မနီလာကို"

"ဒီနီလာက ကျောက်မျက်ရတနာမှ မဟုတ်တာ"

"အေးလေကွာ. .။ လူနီလာကို လျှောက်မှာ"

"အေး. . နီလာကိုပဲလျှောက်လျှောက်၊ ကြည်ပြာကိုပဲ လျှောက်လျှောက် ငါနဲ့ ဘာမှမဆိုင်သေးဘူး။ သူတို့လည်း ကြိုက်ရာရွေးပိုင်ခွင့်ရှိတယ်။ တစ်ခုတော့ရှိတယ်။ ဒီကိစ္စကို ငါမကူညီနိုင်ဘူး။ မင်းတို့ဘာသာ လျှောက်လွှာကို စာတိုက်ကနေ ပို့ကြ။ G.S.M ဖုန်း လျှောက်သလိုပေါ့ကွာ။ ကံကောင်းတဲ့လူ ရမှာပဲ"

"မင်း ထောက်ခံပေးလေကွာ"

"ဟ. . ငါက ဘာကောင်မှ မဟုတ်တာ။ မင်းဟာမင်း ရမ်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တာကမှ ရချင်ရဦးမယ်"

"ဒီလိုလား"

"အေး . . ဒီလိုပဲ"

"ဒီလိုဆို ဘီယာသုံးခွက်ဖိုး ပြန်လျော်"

"ဘီယာပြန်လိုချင်တယ်ပေါ့"

"အေးလေ . . မင်းဆီက အကူအညီရမလားလို့ တိုက်တာ။ အကူအညီမရမယ့်အတူတူတော့ ပြန်တောင်းမှာပဲ"

"ရတယ် . . ။ ဖြစ်တယ်"

ဆိုပြီး ကိုတိုးထတယ်။ ကောင်တာကို သွားတယ်။ ဘာတောင်းသွားတာလဲ မသိဘူး။ နောက်ပြီး သန့်စင်ခန်းကို သွားတယ်။

ပြန်ထွက်လာတော့ အိတ်တစ်လုံးဆွဲလို့။ ကြွပ်ကြွပ်အိတ်ထဲမှာ ဝါဝါအရည်တွေ။ ဘီယာတွေလိုပါပဲ။

"ရော့ . . မင်းတို့ဘီယာသောက်ပြီး ချက်ချင်း ပြန်ထုတ်ပေးတာ။ နှစ်ခွက်လောက်ပဲရတယ်"

ဆိုပြီး ချစ်ဦးဖြူကို ထိုးပေးနေတာ။ ချစ်ဦးဖြူက ယောင်နန နဲ့ အိတ်ကို လှမ်းယူမယ်လုပ်လို့ ရဲခေါင်မဲပြောင်က လက်ကို လှမ်းပုတ်လိုက်တယ်။

"ဟကောင် . . သေးတွေဟ။ ကိုတိုး ယုတ်မာတယ်"

ဆိုမှပဲ အယ်ဒီတာချစ်ဦးဖြူ သဘောပေါက်သွားတော့တယ်။ ကိုတိုးကလည်း အဲဒီလိုလူမျိုးရယ်။

❖❖❖



## ပို့စ်မော်ဒန်အချစ်

မင်းကိုချစ်စိတ် . .
တိတ်တိတ်ကလေး . .
ဆူပူလူကြီး . .
ကားကြီး ကားငယ်
ဟွန်းမတီးရ . . ခပ်အ,အ ရယ် . .
လက္ကွယ်ညမှောင်
ကယောင်ချောက်ချား
ရေနံချောင်းလည်းမဟုတ်
ဘီယာဆိုင်မှာ ပလီပလာထိုင်ပြော . .
မောမယ် ကောင်မလေး
နားနားပြီးပြော . .
စကတ်ကွဲတာ မလွှဲသာလို့ . .
G. S. M နဲ့ အပီဆက်သွယ်ဖို့ . .
နောက်ထပ်တစ်လုံး . .
လျှောက်လိုက်ဦးမယ် . .
ဖုန်းပိတ်မထားနဲ့
ဂုတ်ထိပ်တံတားမှာ ငါရှိတယ် . .
လမ်းလျှောက်ရင်း စကားပြောမယ် . .
ငါ့အချစ်က အဲဒီလို . .
ဟိုက် . . ကျပဟ
တဲ့တာ . ။

ချစ်ဦးဖြူ



www.burmeseclassic.com

www.burmeseclassic.com

# ပိုစ်မော်ဒန်အချစ်

"ကိုတိုး. ."

"ပြောလေ. . မမနီလာ"

"ဟို. . ရွှေရမ်းတီးမဂ္ဂဇင်းက အယ်ဒီတာကဗျာဆရာ ချစ်ဦးဖြူဆိုတာ ဘယ်သူလဲ"

"သားသူငယ်ချင်းပါ"

ကိုတိုးတို့ လိမ္မာနေတာ။ သူ့ကိုယ်သူများ 'သား'. . တဲ့။ နွဲ့နေတာ. . နွဲ့နေတာ. . ။

"သူ့ကို ပြောလိုက်စမ်း"

"ဟုတ်ကဲ့ပါ. . ။ ပြောလိုက်ပါ့မယ်"

"ဘာပြောမှာလဲ"

"သိဘူးလေ"

"မသိရင် သေချာမှတ်သွား"

"ဟုတ်ကဲ့ပါ မမ"

"ကဗျာရေးတာ ကြည့်ရေးပါလို့"





"ဟုတ်ကဲ့"

"နီလာဆိုတာ ဒန်ပေါက်မဟုတ်ဘူး၊ ကျောက်ရိုင်းမဟုတ်ဘူး၊ သူချစ်သူတဲ့. . ။ ကပ်မလိုက်နဲ့ ပုသွားမယ်တဲ့. . ။ အဲဒါ မကြိုက်စောင်းရေးတာနေမှာ"

"တည့်တည့်ရေးတာပါ မမ"

"ဘာ. ."

"ဟုတ်တယ်. . ။ အဲဒီကဗျာရေးတာ သူမဟုတ်ဘူး။ ရေးတဲ့သူက ရဲခေါင်မဲပြောင်။ မရေးတတ်ရေးတတ်နဲ့ရေးတာ မော်ဒန်ကဗျာဖြစ်သွားရော"

"ရေးတော့ မဲပြောင်၊ နာမည်တပ်တော့ ချစ်ဦးဖြူ ဘာတွေလဲဟာ"

"ဒါက ဒီလိုပါ မမ။ ချစ်ဦးဖြူက ကိုယ်ရေးတာမဟုတ်ဘဲ ကိုယ့်နာမည်တပ်ပြီး ထည့်လွှတ်တဲ့အယ်ဒီတာကို အားကျပြီး လုပ်စားလိုက်တာပါ။ တကယ်တော့ ရေးတာက ရဲခေါင်မဲပြောင်ပဲ။ သူ့ဦးလေး စာရေးဆရာဖိုးထိန်အားကိုးနဲ့ ရေးကြည့်တာဆိုပဲ"

"မင်းက တယ်သိနေပါလား"

"အဟီး. . အဲဒီကဗျာက မမနီလာကို တည့်တည့်ရေးတာ။ လူကိုယ်တိုင်မပေးရဲဘူးဆိုတော့ သားက ဖုန်းလျှောက်သလို စာတိုက်က ပို့ခိုင်းလိုက်တာ။ အဲဒါကို စာပေတိုက်ကို သွားပို့တော့ အယ်ဒီတာတေက်ပြားနဲ့တွေ့သွားပြီး အဲသလိုဖြစ်သွားတာပဲ။ အဲဒါ အမှန်"

"တကယ်. ."

"အဟုတ်"

"ကဲ. . ဟုတ်ဦးဟာ"

"ကတောင်"

ကိုတိုးခေါင်းကို မပြောမဆို လက်ထဲက စတီးဇွန်းကန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လိုက်တာ ကတောင်ခနဲပဲ။ သူကတော့ မောင်လေးလိုတစ်မျိုး၊ ဘာလေးလိုနှစ်မျိုး တိုးတိုးပြီး ချစ်လိုက်ရတာ။

သူက ခုတော့ အောင်သွယ်တောင်လာလုပ်နေသေးတော့ ဆော်လိုက်တာတောင် နည်းသေး။

"ဒီမှာ ကိုတိုး. ."

"ဗျာ. . ဗျာ. . မမ. ."

"ငါ မကျေနပ်ဘူး"

"ဘာကို မကျေနပ်တာလဲ မမ"

"ကဗျာကို မကျေနပ်တာ"

"ဒါတော့ မမရယ်. ."

"ဒါတော့တွေဘာတွေ လုပ်မနေနဲ့။ အဲဒီကဗျာနဲ့ပတ်သက်လို့ ပြင်ဆင်ချက်ထည့်ခိုင်းပေး။ မထည့်ရင် ငါ့ဦးလေး ရှေ့နေစာရေးဆရာနဲ့ တိုင်ပြောမယ်"

"မမရဲ့ဦးလေး ရှေ့နေစာရေးဆရာက ဘယ်သူလဲ"

"နှစ်လုံးသောက်လူမိုက် ချစ်ကိုကိုယုလေ"

"နှလုံးလှလူမိုက်ပါ မမရဲ့"

"အို. . မင်းဘာသိလဲ။ သူက သောက်ရင် နှစ်လုံးလောက်ကုန်တာရယ်"

"သူ့နဲ့တော့ မတိုင်ပါနဲ့ မမရယ်။ နှစ်လုံးတိုက်နေရပါဦး မယ်။ ချစ်ဦးဖြူကို ကျွန်တော်ညှိပေးမယ်။ မမဘာဖြစ်ချင်လဲ. . ။ ပြော"

"မမ ပြင်ဆင်ချက်ထည့်ချင်တယ်"

"ဘယ်လိုထည့်ချင်တာလဲ"

နီလာ ချက်ချင်းမဖြေဘူး။ မေးထောက်စဉ်းစားတယ်။ ပြီး. . ပြုံးတယ်။ ကိုတိုးကို စေ့စေ့ကြည့်တယ်။

ပြီးတော့မှ ခပ်ဖြည်းဖြည်းပြောတယ်။

"မမကလှရဲ့လား"





"ဗျာ. ."

မျှော်လင့်မထားတဲ့မေးခွန်းကြောင့် ကိုတိုး ဗျာ,တာသွားမိတယ်။ နီလာကို ပြန်ကြည့်တယ်။ ဇဝေဇဝါနဲ့ပေါ့။ နီလာက သေချာအောင် ထပ်ပြောတယ်။

"မမ လှတယ်မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့. . ပါတယ်. . အဲ. . လှပါတယ်"

"အေးလေ ဝလို့ပဲလှလှ၊ လှလို့ပဲဝဝ မမကို လွတ်လပ်သူတိုင်း စိတ်ဝင်စားပိုင်ခွင့်မရှိဘူးလား"

"ရှိတာပေါ့ မမရဲ့"

"အေး. . ဒါဆို မင်းသူငယ်ချင်းကို ပြောလိုက်။ ကဗျာရဲ့ နောက်ဆုံးပိုဒ် တစ်ကြောင်းကို ပြင်ပေးပါလို့"

"ဘယ်လိုပြင်ခိုင်းရမှာလဲ မမရဲ့။ သားကိုရှင်းအောင်ပြော"

"နောက်ဆုံးပိုဒ်က 'ကပ်မလိုက်နဲ့. . ပုသွားမယ်' ဆိုတဲ့နေရာမှာ 'ကပ်လိုက်နိုင်သည်၊ မပုပါ'လို့ ပြင်ပေးခိုင်း။ ဒါမှ လူတိုင်းလိုက်ရဲကြမှာ"

"ဗျာ. ."

❖

"ဟား. . ဟား. . အပျိုကြီးက အဲဒီအတိုင်း ပြောသလား"

"အေးကွာ. . ပြောတယ်"

"ဒါဆို ငါပြင်ဆင်ချက်ထည့်လိုက်မယ်"

"အေး. . ထည့်။ ငါလည်း သူရှုံးသွားရင် ကပ်လိုက်တော့မယ်"

ရဲခေါင်မဲပြောင်ကလည်း နီလာထည့်ခိုင်းတဲ့ ပြင်ဆင်ချက်ကြောင့် အားတက်သွားတယ်။ နီလာ ရှုံးတက်ရင် ကပ်လိုက်ဖို့ စဉ်းစားနေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် ချစ်ဦးဖြူ. . အဲဒီကဗျာရေးတာ ရဲခေါင်မဲ ပြောင်ဆိုတာလည်း ပြင်ဆင်ချက်ထဲ ထည့်ပေး"

လို့လည်း ချစ်ဦးဖြူကို လှမ်းကြည့်လိုက်တယ်။ ချစ်ဦးဖြူက အေးဆေးပဲ။

"ဒါတော့ မလုပ်နိုင်ဘူး။ ငါ့သိက္ခာ ရှိသေးတယ်။ ငါ ဒီလိုပဲ သူများစာမူကို နာမည်တပ်သုံးတယ်ဆိုတာ ဝန်ခံသလိုဖြစ်သွားမယ် ကွ။ အခုလို ကိုယ်မဟုတ်သလို ခပ်တည်တည်ပဲနေတော့မယ်"

ချစ်ဦးဖြူက ခေါင်းမာတယ်။ အယ်ဒီတာ ခေါင်းပီသတယ်။ ဘာမှာသလဲ မမေးနဲ့။

မေးမနေနဲ့. . ။ မယုံရင် ဝင်သာရိုက်ကြည့်လိုက်။ အချုပ်ထဲ တော့ တန်းနေမှာပဲ။ အဟုတ်. . ။

"အေးကွာ. . ငါလည်း အကျင့်ကြီးပါပြီး မင်းကဗျာကို ငါ နာမည်တပ်လိုက်တာဟာ နီလာကို ငါကြိုက်သလိုဖြစ်သွားတယ်။ တကယ်တော့ ငါကြိုက်တာ ကြည်ပြာ"

"ကြည်ပြာကိုကြိုက်ရင် ဘီယာတိုက်။ ငါအောင်သွယ်ပေး မယ်"

လို့ ဝင်ပြောတာကတော့ ကိုတိုးပဲ။ ကိုတိုးက အစကတော့ ဘာလေးညာလေးနဲ့။ အခုတော့ ဘီယာတိုက်ရင် ပြောပေးမယ်တဲ့။ အမျိုးမျိုး. . ။

"ဟေ့ကောင် ကိုတိုး. . မင်းတကယ်ပြောတာလား"

"တကယ်ပါကွာ. . ။ မင်းကို ငါသနားတယ်။ မင်းရဲ့အချစ် ကို ငါနားလည်ခံစားမိတယ်။ ဒါကြောင့် မင်းကို ငါကူညီဖို့ ဆုံးဖြတ် လိုက်ရတာ"

"တော်လိုက်တဲ့ သူငယ်ချင်းရာ. . ။ မင်းတကယ်ပြောတာ နော်"

"တကယ်ပါကွာ"





"ဒါဆို ငါ ကဗျာတစ်ပုဒ် ရေးဖွဲ့ထားတယ်ကွ။ စာအုပ်ထဲ ထည့်ပြီးရင် မင်းပဲ သွားပြီး စာအုပ်ပေး၊ ရှင်းလင်းချက်လုပ်ပေး"

"အေး. . ဘီယာတိုက်"

"တိုက်မှာပေါ့"

"အခုတိုက်ကွာ"

"ဖွတ်ပါလား"

"ငါသိပ်မသောက်တတ်ပါဘူး။ မင်းတို့အသိပဲ"

"ယုံပါတယ်. . ။ သောက်ပြီးမှ ပြန်လျော်ပေးမယ် မလုပ်နဲ့ နော်။ နှစ်ခွက်ထက် မပိုနဲ့"

"အေးပါ"

ဒါနဲ့ သုံးယောက်သား ဘီယာဆိုင်ကို ချီတက်ကြပြန်တယ်။ ဘီယာသောက်ရင်း ချစ်ဦးဖြူက သူရေးစပ်ထားတဲ့ ပို့စ်မော်ဒန်အချစ် ကဗျာကို ရေရွတ်ပြတယ်။

"မင်းကိုချစ်စိတ်. . တိတ်တိတ်ကလေး. . ဆူပူလူကြီး"

"အေးပေါ့. . ။ ကလေးတွေတိတ်ရင် လူကြီးဆူပြီပေါ့။ ဆက်ရွတ်"

ရဲခေါင်မဲပြောင်က ဝင်ဖောက်တာ။ ချစ်ဦးဖြူက လက်ကာ ပြပြီး ဆက်ရွတ်တယ်။

"ကားကြီးကားငယ်. . ဟွန်းမတီးရ. . ခပ်အအရယ်. . လက္ခယ်ညမှောင်. . ကယောင်ချောက်ချား. . "

"လက္ခယ်မှတော့ မှောင်ပြီပေါ့။ မှောင်လို့ လူကြီးဆူချင်နေ တာ"

ကိုတိုးဝင်ဖောက်တာ။ ချစ်ဦးဖြူက ခေါင်းယမ်းပြပြီး ဆက် ရွတ်တယ်။

"ရေနံချောင်းလည်းမဟုတ်. . ဘီယာဆိုင်မှာ ပလီပလာ ထိုင်ပြော. . မောမယ်ကောင်မလေး. . နားနားပြီးပြော. . စကားကွဲ



www.burmeseclassic.com

www.burmeseclassic.com



တာ. . မလှုံသာလို့. . G.S.Mနဲ့ အပီဆက်သွယ်ဖို့. . နောက်ထပ် တစ်လုံး လျှောက်လိုက်ဦးမယ်. ."

"လောဘ. . လောဘ. ."

"ရလေလိုလေ. . အို. . လူတွေ"

"အိုတစ္ဆေပါ"

"လူတွေပဲ လျှောက်နေတာ ဥစ္စာ"

ကိုတိုးနဲ့ ရဲခေါင်မဲပြောင် ထငြင်းနေကြတယ်။ ချစ်ဦးဖြူက ကဗျာရွတ်တာ မပြီးသေးလို့ လက်ကာပြ၊ ခေါင်းယမ်းပြပြီး ဆက်ရွတ်တယ်။ ဖွတ်ကြီး. .။

"နားထောင်ကြကွာ. . ပြီးတော့မှာ။ ဘယ်ရောက်သွားပြီလဲ"

"နောက်ထပ်တစ်လုံး. . ရောင်းစားဦးမယ်"

"လျှောက်လိုက်ဦးမယ်ပါကွာ။ လျှောက်တောင်မလျှောက်ရသေးဘူး ရောင်းစားဖို့တွေးနေ"

"ကဲကွာ. . တော်ကြ. .။ ဆက်ရွတ်ပြီ. .။ ဘာတဲ့. .။ နောက်ထပ်တစ်လုံး လျှောက်ဦးမယ်. . ဖုန်းပိတ်မထားနဲ့. . ဂုတ်ထိပ်တံတားမှာ ငါရှိတယ်. . လမ်းလျှောက်ရင်း စကားပြောမယ်. . တာ့တာ. ."

"ဘာလဲကွ. . တာ့တာ"

"အဆုံးသတ် နှုတ်ဆက်တာလေကွာ"

"မင်းက တံတားပေါ်က ကျသေမှာမို့လား"

"အေး. . အယ်. . မအေး. . မနောက်နဲ့ကွာ. .။ အတည်ပြောနေတာ။ ပို့မော်ဒန်ကဗျာ ကောင်းရဲ့လား"

"ဘာမှန်းကို မသိဘူး. ဖုန်းလျှောက်တာပဲ သိတယ်"

"မင်းတကယ်မသိဘူးလား။ ရဲခေါင် မင်းရော နားလည်လား"

"နားမလည်ဘူး"





"ဟုတ်ပြီ. . ဒါမှငါကွ. . ပေါက်ပြီ"

"ဟေ့ကောင်. . ဘာပေါက်တာလဲ"

"ကဗျာ. . ကဗျာ. . ငါ့ကဗျာ. . မင်းတို့ မသိဘူး၊ နားမလည်ဘူးဆို ငါရေးရကျိုးနပ်ပြီ။ ငါပေါက်ပြီကွ"

"တစ်မျိုးပါလား"

ကိုတိုးက မှတ်ချက်ပြုကာ. .

"ဒီရောဂါလည်း ဆေးမရှိဘူး။ အေအိုင်ဒီအက်စ်လိုပဲ"

ရဲခေါင်မဲပြောင်က ပြောတာ။

ဘယ်သူတွေက ဘာပြောပြော ချစ်ဦးဖြူကတော့ မမှုဘူးရယ်။

သူ့ကဗျာကို သူအယ်ဒီတာလုပ်တဲ့စာအုပ်ထဲမှာ ထည့်ဖို့ စိစဉ်ပြီးသား။

သိပ်ပိုင်တဲ့ အယ်ဒီတာပဲ။ သူ့ကို အယ်ဒီတာ 'မင်းထက်ပိုင်' လို့ နာမည်ပြောင်းဖို့တောင် ကောင်းသေးတော့။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမလေးများ မချစ်ဝံ့ပြီ

ကိုတိုးတစ်ယောက် အလုပ်ရှုပ်နေတယ်။ အိမ်မှာ ငြိမ်ငြိမ်နေတယ်မရှိဘူး။ လှုပ်လှုပ်ရွရွနဲ့ ဘာတွေလုပ်နေမှန်း မသိဘူးရယ်။

တကယ်တော့ သူစာအုပ်တစ်အုပ်ကိုင်ပြီး အလုပ်ရှုပ်နေတာ။

ဘာစာအုပ်ရှိရမလဲ။

ရွှေရမ်းတီးမဂ္ဂဇင်းပေါ့။ မဂ္ဂဇင်းထဲမှာ ချစ်ဦးဖြူရဲ့ ပို့စ်မော်ဒန်အချစ်ကဗျာပါတယ်။ အဲဒီစာအုပ်ကို ကြည်ပြာ့ဆီ သူပို့ပေးရမှာ။

တကယ်ပို့ရမယ်ဆိုတော့လည်း သူရင်လေးနေတယ်။ ကြည်ပြာကို သူလန့်တယ်။ စိတ်ဆိုးသွားမှာ စိုးရိမ်မိတယ်။

"မင်း သူ့ကို ချစ်နေလို့လား"

ကိုတိုး သူ့ကိုယ်သူမေးတာ။ တိုးတိုးလေးရယ်. . ။ ဒါတော့သူကြားတယ်။ မကြားလည်း နားရင်းတီးပစ်လိုက်ဖို့ပဲရှိတော့တယ်။

"အင်း. ."

"ဘာအင်းတာလဲ"





"ချစ်နေသလားဆိုတာကို အင်းတာ"

"ချစ်တယ်ပေါ့"

"ဟင့်အင်း. ."

ကိုတိုးတစ်ယောက်တည်း ရင်တွင်းဖြစ် အမေးအဖြေတွေလုပ်ပြီး တိုင်ပတ်နေတာ။

"ဟော့ကောင် ငတိုး. . ။ မင်းတာဝန်ယူထားတဲ့ ကိစ္စပဲ။ သွားပေးလိုက်။ မင်းယောကျ်ားပဲ"

ဘယ်သူမှ လာပြောတာမဟုတ်ဘူး။ ကိုတိုး သူ့ဟာသူ ပြောနေတာရယ်။

"ဟုတ်ပြီ. . သွားမယ်. . သွားပေးမယ်"

ပြောပြောဆိုဆို ထတယ်။ သွားဖို့ပြင်တယ်။ သူလှုပ်ရှားနေတာတွေမြင်တဲ့ သူ့အမေက သူ့ကို လှမ်းမေးတယ်။

"ဟဲ့. . သား. . မရိုးမရွနဲ့။ ဘာဖြစ်နေတာလဲ"

"ဟို. . ဟို. . စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဖို့ကိစ္စ ချိန်းထားလို့ သွားမလို့ပါ မေမေ"

"ဒါများကွယ်. . မရိုးမရွနဲ့"

"မရိုးလို့ ရွတာ မဟုတ်ပါဘူး အမေရဲ့။ ဟိုကျ ဘာတွေပြောရမလဲလို့ စဉ်းစားနေလို့ပါ"

သွားရော. . ။ သူ့အမေက ရိုးရိုးပြောတာ။ သူက မရိုးလို့ ရွတာ လုပ်ပစ်လိုက်တယ်။

တော်သေးတယ်။ သူ့အမေက ဘာမှဆက်မပြောဘူးရယ်။

ထွက်သွားတဲ့သားကိုကြည့်ပြီး ပြုံးကျန်ခဲ့တယ်။ သိနေတယ်လေ။ ဒီကောင် ရှိုးထည့်သွားပြီဆိုတာ။ ကိုယ်မွေးထားတာပဲလေ၊ ဟုတ်တယ်ဟုတ်. . ။

ဟုတ်လည်း ဟုတ်တာပဲ။

ကြည့်. .



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးသွားတာ ကြည်ပြာတို့အိမ်ကို တန်းလို့။

အိမ်ပေါ်တောင် မတက်ရသေးဘူး။ ကြည်ပြာ့အမေနဲ့ ခြံဝမှာ တွေ့လို့ အမောတကောမေးတယ်။

"ဒေါ်ဒေါ် . . ကြည်ပြာရှိလား"

"ကြည်ပြာရော၊ နီလာရော၊ ရီမာရော ရှိတယ်။ သူတို့အဖေလည်း ရှိတယ်"

"ဗျာ . . သူတို့အဖေလည်း ရှိတယ်"

"အေးလေ . . ဒီနေ့ ရုံးပိတ်ရက်ပဲဟာ။ သွား . .။ သူတို့ မုန့်ဟင်းခါးစားနေကြတာ။ ဝင်စားသွား . .။ အိမ်မှာချက်တာ"

"ဟုတ်ကဲ့"

မတတ်နိုင်ဘူး . .။ ကိုတိုး အိမ်ပေါ်တက်ခဲ့ရတော့တယ်။ မီးစင်ကြည့် က,တော့မယ်ပေါ့။

"ဩော် . . ကိုတိုးပါလား။ လာ . . အန်ကယ်ဖို့ စာအုပ်လာပေးတာလား"

"ဟုတ် . . အဲ . . မဟုတ် . . . ဟို . . ဟုတ် . ."

"ဘာလဲကွာ . .။ ဟုတ် . . မဟုတ်နဲ့ . .။ မင်းလက်ထဲက ဘာစာအုပ်လဲ"

"မဂ္ဂဇင်းစာအုပ်ပါ"

"အန်ကယ်ဖို့ မဟုတ်ဘူးလား"

"ဟုတ် . . မဟုတ် . . ဟို . . ကြည်ပြာဖို့"

"အံမယ်လေးကွာ . . ဒါများ . .။ မိသားစု အတူတူပဲဟာကို။ . . ပေး . . အန်ကယ့်ကို အရင်ပေး"

ဦးမိုးကြယ်က စာအုပ်မြင်ရင် မနေနိုင်ဘူး။ ဖွတ်တောင်းနေလို့ လိုက်ရတယ်။

ကြည်ပြာကတော့ သူ့ဖို့ဆိုတာ ကြားလိုက်လို့လားမသိဘူး။ းကိုတစ်လှည့်၊ စာအုပ်ကိုတစ်လှည့် ကြည့်နေတယ်။





ကိုတိုးက ပခုံးတွန့်ပြလိုက်တယ်။ ဒါကို မြင်သွားတဲ့ ဦးမိုးကြယ်က . .

"ကဲ . . ပခုံးတွန့်မနေနဲ့ ဖတ်ပြီးရင် သမီးတို့ကို ပေးလိုက်မှာ မင်း မုန့်ဟင်းခါးစား"

"ဟုတ်ကဲ့ . . စားပါ့မယ်"

ကိုတိုး မငြင်းဘူး။ ငြင်းဖို့လည်း အစီအစဉ်မရှိဘူး။ အစားအသောက်ဆိုတာ သူနဲ့ တည့်တာပဲလေ။

မုန့်ဟင်းခါးစားရင်း စကားပြောဖြစ်ကြတော့ ကြည်ပြာက တိုးတိုးမေးတယ်။

"စာအုပ်က ဘာလုပ်တာလဲ"

"ကြည်ပြာဖို့"

"ကိုတိုးပေးတာလား"

"ဟင့်အင်း"

"ဒါဆို ဘာလုပ်တာလဲ"

"ဖတ်ကြည့်ပေါ့"

"မဖတ်ချင်ပါဘူး . .။ ပြန်ယူသွား"

"ဖတ်သာဖတ် . .။ ဘာမှမပူနဲ့ . .။ ဖတ်ပြီး ကြည်ပြာ ဘာမှ နားလည်မှာမဟုတ်ဘူး"

"ဒါဆို ဘာလို့ယူလာသေးလဲ"

"ဟိုကောင် စိတ်ချမ်းသာအောင်"

"ဩော် . . သူငယ်ချင်းကို သိပ်ချစ်တယ်ပေါ့"

သူတို့နှစ်ယောက် တိုးတိုးတိုးတိုးနဲ့ စကားပြောနေတာကို ရီမာနဲ့ နီလာက သိပ်ကြည့်ပုံမပေါ်ဘူး။

အနှောင့်အယှက်ပေးဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် မျက်စပစ်ပြပြီး အနားကပ်သွားကြတယ်။

"ကိုတိုး . . ဝအောင်စား။ ထပ်ထည့်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နီလာက ငရုတ်သီးမှုန့်တွေ ထပ်ထည့်ပေးတယ်။ ရီမာကလည်း "စား" ဆိုပြီး ငံပြာရည်တွေ ထည့်ပေးတယ်။ ကိုတိုး ကြိတ်မှိတ်စားပြီး ရှူးရှူးရှဲရှဲဖြစ်လာတယ်။

"အာစပ်တယ်ဗျာ. . ။ ရေပေးပါ"

နီလာက ရေနွေးပူပူငှဲ့လာပေးတယ်။ ရီမာက ထောင်ပေးတယ်။

"သောက်ချလိုက်. . သောက်ချလိုက်. ."

ကိုတိုး မဆင်ခြင်ဘူး။ မစကားယုံ တစ်ပြိုလုံး လောင်တော့မှာ။ တကယ်ပဲ မော့ချလိုက်လေရဲ့။

"အား. . ပူတယ်ဗျ"

ကုန်းကိုအော်မိလို့ ဦးမိုးကြယ်တောင် စာအုပ်ဖတ်နေရာကနေ လှမ်းကြည့်တယ်။

"ဟဲ့. . ဘယ်လိုဖြစ်နေကြတာလဲ"

"ပူလို့တဲ့ ဖေဖေ"

"ဟင်းရည်တွေက အေးနေပါပြီ"

"ဟင်းရည်ပူတာမဟုတ်ဘူး ဖေဖေရဲ့။ ရေနွေးပူတာ. . ။ မမနီလာက ရေနွေးပူပူကြီး ငှဲ့ပေးလိုက်လို့"

"မင်းကလည်း အပူကြီး အတင်းသောက်ရလား"

"ဟီး. . ရီမာက သောက်ချလိုက်ဆိုလို့ အချစ်ကိုယုံလို့ ပုံအပ်လိုက်မိတာ"

"ဘာ. . ပြောတယ်"

"ဩော်. . မနေ့က ပန်းချီဆရာအချစ်ကို ယုံပြီး ပုံဝင်အပ်မိတာကို ပြောတာပါ"

"အချစ်က ပန်းချီဆရာလား"

"ဟုတ်ကဲ့"

"လက်ရာကောင်းလား"





"ဟုတ်ကဲ့"

"အန်ကယ်လည်း အချစ်ကို ပုံအပ်ချင်တယ်"

"ဘာပြောတယ်"

အိမ်ပေါ်တက်လာတဲ့ ဒေါ်နီပြာရီက ခါးထောက်ပြီး မေးလိုက်တာ။ ဦးမိုးကြယ် ဇက်လေးပုသွားတယ်။ ပြီးမှ ရှင်းပြတယ်။

"အချစ်ကို ပုံအပ်မလို့လေ"

"ရှင်က ဘယ်ကအချစ်ကို ပုံအပ်မှာလဲ။ ကျုပ်ငုတ်တုတ်ထားပြီးတော့. . ။ ကလေးတွေရှေ့မှာ ပြောလိုက်ရ မကောင်းဘဲဖြစ်သွားမယ်"

"မင်း ဘာတွေပြောနေတာလဲ"

"တော်ကရော. . ခုန ဘာပြောလိုက်လဲ"

"အချစ်ကို ပုံအပ်မယ်ပြောတာ လွန်လား"

"လွန်တယ်. . ။ ကျွန်မကလွဲရင် ရှင့်မှာ ဘယ်အချစ်မှ မရှိရဘူး"

"မရှိလို့ ဖြစ်မလားကွ. . ။ အချစ်က ရှိပြီးသားဥစ္စာ"

"ရှင်နော်. ."

"မင်းနော်. ."

"အသက်ကြီးမှ မပျက်စီးချင်နဲ့"

"ဟ. . ပျက်စီးနေလို့ ကောင်းအောင်လုပ်မယ့်ဟာကို"

လင်မယားနှစ်ယောက် တိုင်ပတ်နေကြလို့ မနေနိုင်တော့တဲ့ ကိုတိုးက ဝင်ပြောရှာတယ်။

"ဒေါ်ဒေါ်. . အတွေးတွေ လွဲမှားနေပြီ။ အန်ကယ်ပြောတဲ့ အချစ်က ပန်းချီဆရာအချစ်ကို ပြောတာ။ အန်ကယ်က သူငယ်ငယ်ကပုံ ပျက်နေလို့ ပုံအပ်မယ်ပြောတာ"

"ဟော. . ဒီလိုလား"

"ဟုတ်ကဲ့. . ဒီအတိုင်းပါပဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ပြောရောပေါ့ကွယ်"

"စောစောကပဲ ပြောနေတာပါခင်ဗျ"

"ကံကောင်းလို့. ။ အချစ်ကြီးလို့ အမျက်ကြီးတော့မလို့"

"အချစ်က မကြီးသေးပါဘူးခင်ဗျာ။ လှငယ်ပန်းချီဆရာမလေးပါ"

ရှင်းသွားမယ် မကြံသေးဘူး။ ကိုတိုးက ရှုပ်အောင်ပြန်လုပ်နေသေးတယ်။

"ဘာ. . ပန်းချီဆရာမငယ်ငယ်လေး"

"ဟုတ်ကဲ့. . အသက်နှစ်ဆယ်ပဲ ရှိသေးပါတယ်။ လက်ရာကဘာမြောက်သလဲ မမေးနဲ့"

"တော်. ."

"အန်. ."

"မင်းပန်းချီဆရာမလေးဆီမှာ ငါ့ယောက်ျားပုံကို မအပ်စေနဲ့"

"ပုံပျက်နေတယ်ဆို"

"ပုံပျက်ပန်းပျက်ပဲ ထားတော့မယ်။ ရည်းစားလူလု ဦးနုကျွဲခတ်"

"ဗျာ. . ဦးနုကျွဲခတ်ခံရတယ်လို့ မကြားဖူးပါဘူး"

"တော်. ."

"ဗျာ. ."

"တော်တော့. . ။ ဒီကိစ္စ ဒီမှာရပ်"

"ဟုတ်ကဲ့ပါ"

"ကိုကြယ်. ."

"ဘာလဲကွာ"

"ရှင့်ပုံပျက်လည်း ချစ်မှာပဲ။ ပုံမအပ်နဲ့နော်။ ပန်းချီဆရာမကငယ်ငယ်လေးတဲ့တော်"

"ငယ်လေ ကောင်းလေပေါ့ကွယ်။ လှငယ်ဆိုတာ ထက်မြက်





တယ်၊ လက်သွက်တယ်လေ"

"အဲဒီလက်သွက်တာကြီးကို မကြိုက်တာ"

"ကဲ. . ကဲ. . တော်ပြီကွာ။ ဘာပုံမှ မအပ်တော့ဘူး။ စာဖတ်ပျက်တယ်"

ဆိုပြီး ဦးမိုးကြယ် စာဆက်ဖတ်တယ်။ ဒေါ်နီပြာရီလည်း ဒီတော့မှ သက်ပြင်းချပြီး အိမ်ထဲဝင်သွားတော့တာ။

ညီမသုံးဖော်ကတော့ လျှာလေးတွေတစ်လစ်ဖြစ်လို့ ကိုတိုးစတဲ့ ပြဿနာမို့ ကိုတိုးကို မျက်စောင်းခဲနေကြလေရဲ့။

ဦးမိုးကြယ်ငုတ်တုတ်ရှိနေလို့ ဘာမှမပြောကြသေးတာ။

ဦးမိုးကြယ်ကလည်း စာအုပ်ကို စိတ်ဝင်စားစွာဖတ်နေရာကတစ်နေရာအရောက်မှာ မျက်မှောင်ကုပ်တယ်။ မျက်လုံးပြူးတယ်။ မျက်မှန်ပေါ် မျက်လုံးလှန်ကြည့်တယ်။ စဉ်းစားတယ်။ နောက်ပြီး ကိုတိုးကို လှမ်းခေါ်တော့တာပဲ။

"မောင်တိုး"

"ဗျာ. ."

"ခဏကွာ"

"ဟုတ်ကဲ့"

ကိုတိုးက အနားမှာ သွားရပ်တယ်။ ဦးမိုးကြယ်က စာအုပ်တစ်နေရာကို လက်ထောက်ပြပြီးမေးတယ်။

"ဒါက ဘာလဲကွ"

"ကဗျာပါ"

"ဘာကဗျာလဲ"

"ပို့စ်မော်ဒန် ကဗျာ"

"ဘယ်ကိုပို့ မှာလဲ"

"နိုင်ငံခြား. . အဲ. . ဘယ်မှမပို့ပါဘူး။ စာအုပ်ထဲမှာပဲ ပို့နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကဗျာကို မင်းနားလည်လား"

"နားမလည်ပါဘူး ခင်ဗျ"

"ငါ့ကို ရှင်းပြစမ်း"

"ဗျာ. ."

"ငါ့ကို ရှင်းပြခိုင်းနေတာ"

"နားမလည်ပါဘူးဆိုမှ. ."

"အေးလေ. . ဘယ်လိုနားမလည်ရတာလဲဆိုတာ ရှင်းပြခိုင်းတာ"

"မသိလို့ကို နားမလည်တာပါ ခင်ဗျာ"

"နားမလည်နိုင်တဲ့ ကဗျာကို ဘာလို့ထည့်လဲ"

"နားမလည်မှ ပို့စ်မော်ဒန်မို့ပါ ခင်ဗျာ"

"ပို့စ်မော်ဒန်ဆိုတာ နားမလည်ရဘူးလား"

"ဟုတ်ကဲ့"

"နားမလည်ရရင် မထည့်နဲ့လေကွာ"

"ဗျာ. ."

"မထည့်နဲ့လို့ ပြောတာ"

"ကျွန်တော်ထည့်တာ မဟုတ်ဘူးလေ"

"ဘယ်သူထည့်တာလဲ"

"ချစ်ဦးဖြူ"

"ဘာ. . ချစ်ဦးဖြူ. . ဟုတ်လား. .။ စာရေးဆရာချစ်ဦးညို ရှိလျက်နဲ့ တုတာလား"

"မသိဘူးခင်ဗျ. .။ သူက ကြာရင်တော့ ညိုသွားမယ်၊ မည်းတောင်သွားမယ်တော့ ပြောပြောနေတာပဲ။ နေပူထဲမှာချည်းပဲ သွားနေတတ်တယ်။ မြန်မြန်ညိုချင်လို့တဲ့"

"သိပ်ညိုချင်နေပြီလား"

"ထင်တာပဲ ခင်ဗျ"





"ငါ့ဆီ လွှတ်လိုက်။ ရေနံသုတ်ပြီး ဘာလုပ်မယ်ထင်လဲ"

"မထင်တတ်ပါဘူး ခင်ဗျ"

"မီးရှို့ပစ်မှာ. .။ အမှိုက်တွေ. .။ မြန်မာစာပေလောကမှာ အမှိုက်တွေ ရှိသင့်သလား"

"မသိပါဘူးခင်ဗျာ"

"မင်းလည်း ညံ့သေးတာပဲ။ မရှိသင့်ဘူးလို့ ဖြေရတယ်။ လူကြီးနဲ့ စကားပြောရင် ဝါးတားဖော်လို ဖစ်ဖော်လို လုပ်ရတယ်။ နားလည်လား"

"ဟုတ်ကဲ့"

ကိုတိုး စိတ်တွေညစ်နေတယ်။ ကိုတိုးကိုကြည့်ပြီး နီလာတို့ ညီမတတွေ တခစ်ခစ်ဖြစ်နေကြလေရဲ့။

အဲဒီနေ့က ကိုတိုးအဆင်မပြေဘူး။ နီလာကိုလည်း ဘာမှ မပြောရ။ ရီမာနဲ့လည်း တီတာ စကားမဆိုရ။ ကြည်ပြာကိုလည်း ဘာမှ မပြောဖြစ်ဘဲ ပြန်ခဲ့ရတော့တာ။ တကယ်. .။

"အန်ကယ် ပြန်ဦးမယ်နော်"

"ညနေစာစားပြီးမှ ပြန်ပါလား။ မြန်မာစာပေကိစ္စ ဆက်ပြောကြရအောင်"

လို့ ဦးမိုးကြယ်က ပြောနေသေးလို့ ကိုတိုးမနည်းတောင်းပန်ပြီး ပြန်ခဲ့ရတာကလား။

ညီမသုံးဖော်ကတော့ သဘောတွေကျလို့။

ဒါပေမဲ့ ရီမာက တိုးတိုးလေးတော့ ပြောလိုက်သေးတယ်။

"ကိုတိုးသနားပါတယ်"

❖



www.burmeseclassic.com

www.burmeseclassic.com



မနေ့က အဆင်မပြေခဲ့တဲ့အတွက် ကိုတိုးရင်ထဲမှာ ဘဝင်မကျဘူး။

ဒါနဲ့ နောက်နေ့ ကြည်ပြာ ကျောင်းကအပြန် သွားစောင့်တယ်။

"ကြည်ပြာ. ."

"ဟဲ့. . ပလုတ်တုတ်. . လန့်လိုက်တာဟယ်"

လူကြားထဲကနေ ဘွားခနဲထွက်ခေါ်လို့ ကြည်ပြာလန့်သွားတာ။ တစ်ခါမှ မလာစဖူး လာလို့လည်း အံ့သြနေတာ။

"နင် ဘာလာလုပ်. ."

"နင့်ဆီ လာတာ"

"ဘာကိစ္စ. ."

"မနေ့ကကိစ္စ ဆက်မလို့"

"နင်က ရှေ့နေလား"

"မဟုတ်ပါဘူး. ။ ပြောစရာစကားတွေ ကျန်သေးလို့ပါ"

"လမ်းမကြီးမှာ"

"လာလေ. ။ ဟိုနားက အအေးဆိုင်မှာ အအေးသောက်ရင်း ပြောကြမယ်"

"နင်တိုက်မှာလား"

"အေးပါ"

ကိုတိုးက 'အေးပါ' ဆိုမှ ကြည်ပြာ စိတ်ချလက်ချ လိုက်လာတာ။ နို့မို့ဆို ဝေးသေး။

ကိုတိုးက ပိုက်ဆံရှင်းခါနီးရင် အမြဲတမ်း ဟိုအိတ်စမ်း ဒီအိတ်စမ်း လုပ်တတ်လွန်းလို့ ကြည်ပြာပဲရှင်းရတာ များလှပြီ။

ပျဉ်ဖိုးတင်မကဘူး။ အအေးဖိုး နားလည်တာ ကြာခဲ့ပြီပဲလေ။

"စပါကရင်တစ်လုံး. . ဝမ်းတူးရိုက်မယ်"

ကိုတိုးမှာလိုက်တာ။ ကြည်ပြာ မျက်လုံးဝိုင်းသွားတယ်။ ဆိုင်





ကြီးထဲ ဝင်လာပြီး စပါကရင်တစ်လုံး နှစ်ယောက်သောက်ရမတဲ့။

ရှက်လိုက်တာ။ စားပွဲထိုးလေးက ပြုံးတယ်။ ဘေးဝိုင်းက လူတွေကလည်း တိမ်းငဲ့ကြည့်ကြတယ်။

တကယ်. . ။ ရှက်စရာ. . ။ ကြည်ပြာရှက်လို့ ခပ်အုပ်အုပ် ပြောလိုက်တယ်။

"ဟဲ့. . နှစ်လုံးမှာ။ ငါ တစ်လုံးဖိုးပေးမယ်"

"ရွှတ်. . ရွှတ်. . ညီလေး. . ခဏ"

ကိုတိုးခေါ်လို့ စားပွဲထိုးလေး ပြန်လှည့်လာတယ်။

"နှစ်လုံးလုပ်ကွာ. . ။ ဝမ်းတူးဘရိတ်. . ။ တစ်လုံးဖိုး သူပေးမှာ"

စားပွဲထိုးလေး ထပ်ပြုံးသွားတယ်။ ဒီတစ်ခါ ဘေးစားပွဲက လူတွေပါ ပြုံးကုန်ကြတယ်။ ကြည်ပြာ ထွက်ပြေးချင်နေပြီ။

ဝတ်စားထားတာကိုမှ အားမနာ။ ကြည်ပြာဆို အဖိုးတန် အကောင်းစားတွေ ဝတ်ထားတာ။ လက်ကောက်နဲ့ဆွဲကြိုးကလည်း ပါသေးတာ။

ကိုတိုးကလည်း ဂျင်းဘောင်းဘီနဲ့ စပို့ရှပ်အကောင်းစားနဲ့ပါ။

မှာတော့. . ဟင်း. . ဟင်း. . ကပ်စေးနှဲတာတော့ နှစ်ယောက်လုံးပါပဲလေ။

ကြည်ပြာက ပိုဆိုးတယ်။ သူ့ဝမ်းတောင် သူမသဒ္ဓါလှဘူးရယ်။ ကိုတိုးက သူတိုက်မယ်ဆိုလို့ စိတ်ချလက်ချလိုက်လာတာ။ အခု သူတစ်ဝက်ပေးရမှာဆိုလို့ စူပုပ်နေတယ်။

"ဘာထူးလဲ. . ။ ငါ့ဘာသာဝယ်သောက်သလိုပဲပေါ့။ ပြောတော့ သူတိုက်မယ်တဲ့"

ပွစိပွစိလုပ်နေတဲ့ ကြည်ပြာကို ကိုတိုးက ကြည့်ပြီး စပ်ဖြဲဖြဲနဲ့ ပြောတယ်။

"ငါတိုက်တာပဲလေ။ နင့်ဟာနင် ထပ်မှာခိုင်းတာပဲ။ ဒါတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒေါသနဲ့ ကိုယ်ပဲ"

"ကဲ. . ထပ်မပြောနဲ့တော့။ လူကြားတယ်။ ပြော. . ဘာပြောမှာလဲ"

ကြည်ပြာက စိတ်မရှည်စွာပဲ မေးတော့ ကိုတိုးက စားပွဲကို လက်နဲ့ခေါက်ရင်း ပြောပြတယ်။ နိဒါန်းပျိုးလိုက်တယ်။

"ဒီလိုဟာ. .။ နင့်မှာ ချစ်သူမရှိသေးဘူးမို့လား"

"အေးလေ. .။ ဒါ. . နင်သိတာပဲ။ ဘာလဲ. . နင်ကြိုက်လို့လား"

ပြုံတယ်။ ကြည်ပြာက ပြုံတယ်။ မဆုတ်ခင်က ခြင်းထဲ ဝင်နေချင်တာရယ်။ ကြည်ပြာပြုံလွန်းတော့ ကိုတိုးရပ်သွားတယ်။ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ကိုတိုးကိုကြည့်ပြီး ကြည်ပြာက ပြုံးတယ်။

"အံမယ်လေး. . ဖြစ်နေလိုက်တာ။ ဥပမာပေးတာပါဟယ်။ ကြိုက်သူတိုင်း လိုက်ပိုင်ခွင့်ရှိကြောင်း ပြောချင်လို့ပါ"

လို့ စကားကို လျှောချလိုက်တယ်။ ဒီတော့မှပဲ ကိုတိုး ဟင်းချတယ်။ ထမင်းပါချတယ်။

နောက်ပြီး ကြည်ပြာ့ကို ငေးကြည့်တယ်။ တုန်ယင်ကြေကွဲသံနဲ့ ခေါ်လိုက်တယ်။

"ကြည်ပြာ. ."

ကြည်ပြာ မကြားဘူး။ အပြင်ကို ငေးနေလို့။ ကိုတိုးအသံက ဘာတိုးသလဲ မမေးနဲ့။

"ကြည်ပြာ. ."

"ကြီးပြားမရှိဘူး အစ်ကို။ ဘာလုပ်မလို့လဲ"

ကြည်ပြာမကြားပေမယ့် အနားရောက်လာတဲ့ စားပွဲထိုးလေးက ကြားသွားပြီး ပြန်မေးနေတာ။ သူ့ဆီ ကြေးပြားစေ့တောင်းနေတယ် မှတ်တာကိုး။





"ဘာမှ ကြီးမပြားဘူး။ ကြည်ပြာကို ခေါ်နေတာ"

"တစ်စားပွဲထဲများ အစ်ကိုရယ်။ မကြားရင် လက်လှမ်းတို့လိုက်ရောပေါ့"

"ဟဲ့. . တို့ကြည့်ပါလား။ ပါးကွဲသွားမှာပေါ့"

"အန်. . ကြားသဟ"

ဆိုပြီး စားပွဲထိုးလေး လစ်ရော။ ကိုတိုးက ကြည်ပြာ့ကိုကြည့်ပြီး တစ်ကနေ ပြန်စတယ်။

"ကြည်ပြာ. ."

"နားမလေးဘူး။ ခဏခဏခေါ်မနေနဲ့။ ပြောမှာ ဆက်မပြောဘူး"

"ထူးမှမထူးသေးဘဲ ဘယ်လို ဆက်ပြောရမလဲ"

"ဟဲ့. . ဟိုဘက်မျက်နှာလှည့်နေတော့ နားက နင့်ဘက်လှည့်ပေးထားတာ မမြင်ဘူးလား။ ပြောစရာရှိ ဆက်မပြောဘူး တော့"

"တစ်မျိုးပဲ"

ကိုတိုး ညည်းလိုက်မိတယ်။ ဒီတစ်ခါတော့ ကြည်ပြာက မျက်နှာလွှဲမနေတော့ဘူး။ မျက်နှာချင်းဆိုင်လိုက်တယ်။ ဆိုင်မှာပေါ့။ အအေးငုံ့သောက်ရတော့မှာကိုး။

အအေးသောက်နေတဲ့ ကြည်ပြာကို ကြည့်ရင်း ကိုတိုးက မချင့်မရဲနဲ့ ပြောလိုက်တယ်။

"ကြည်ပြာ သိပ်လှတာပဲ"

"အေးဟ. . လူအတော်များများက အဲဒီလိုပြောကြတာပဲ။ နင်မဆိုးဘူး။ အအေးဖိုး ငါပဲ ရှင်းလိုက်တော့မယ်။ အဟီး. ."

ကြည်ပြာတစ်ယောက် အမြောက်မှန်ပြီး ကြွေကျသွားတော့တယ်။

ကြည်ပြာ့ကိုကြည့်ပြီး ကိုတိုးအားတက်သွားတယ်။ အမြောက်ကျည်ထိသွားတဲ့ ကြည်ပြာ့ကို ဒုံးပျံနဲ့ပစ်ချပြီး အပြုတ်ချေမှုန်းဖို့ ကြိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ကြည်ပြာက သိပ်လှတော့ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတယ်။ အဲဒါ ကြည်ပြာ သိလား"

"သိသားပဲ. .။ စိုးမိုးကျော်တောင် ပါသေး"

"အဲဒါ ထီဆိုင်လေ"

"ဝိုင်းဝိုင်းလည်ကရော ထီဆိုင်ပဲမို့လား"

"ကြည်ပြာ့ကို ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာကို ပြောတာ"

"သိဘူးလေ။ ဘာဖြစ်လဲဟာ. .။ ချော့လို့ချစ်ကြတာပဲ ချစ်ပစေပေါ့"

ကြည်ပြာက ခေါင်းကိုမော့ထားပြီး ပြောနေတာ။ ကိုတိုးက အသံမြှင့်ခေါ်တယ်။

"ကြည်ပြာ. ."

"ဘာလဲ. .။ ပြောစရာရှိ ပြော. .။ အရင်ပြောတဲ့သူ အရင်လက်ခံလိုက်မှာပဲ"

"ငါပြောမှာက. ."

"ပြောပါဆို"

"ပြဿနာပဲ"

"နင့်ကို ဘာမှ ပြဿနာမရှာဘူး။ ပြော. ."

"နင့်ကို ငါချစ်တယ်"

"သိသားပဲ။ ဆက်ပြော"

"ဒါပေမဲ့ ငါ့ထက် နင့်ကိုချစ်နေသူ ရှိတယ်။ အဲဒါက တို့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ။ ဒါကြောင့် ငါ့ရဲ့အချစ်ကို ဖျာနဲ့အုပ်၊ ခဲနဲ့ဖိထားလိုက်ရတော့မယ်"

"နင်ဘာတွေပြောနေတာလဲ။ ဖျာတွေရော၊ ခဲတွေရော. .။ ငါနားမလည်ဘူး"





"နင်နားမလည်အောင် ပြောနိုင်တဲ့အတွက် ငါ့ကိုယ်ငါ ပို့စ်မော်ဒန်ကဗျာဆရာလို့ ဘဝင်မမြင့်ပါဘူး။ ငါသိတာက နှလုံးသားရေးရာမှာ ကိုယ့်ထက်ချစ်တတ်သူကို ဦးစားပေးဖို့ သူငယ်ချင်းချင်းယိုင်းပင်းဖို့။ ဒါပဲ ငါသိတယ်"

"ဟဲ့. . နင်သိပေမယ့် ငါမသိဘူး။ ဘာတွေလာပြောနေတာလဲ"

"ပို့မော်ဒန်အချစ်တွေ ပြောနေတယ်ပဲ မှတ်လိုက်ပါ။ နင်နားမလည်လေ၊ ငါအောင်မြင်လေပဲ။ ဒါပေမဲ့ ငါမအောင်မြင်ချင်ပါဘူး။ အောင်ပွဲဆိုတာ ငါ့အတွက် မဖြစ်စေသင့်ဘူး။ ချစ်ဦးဖြူဆိုတာ အူကြောင်ကြားလုပ်တတ်တာကလွဲလို့ ရိုးသားတယ်၊ ဖြူစင်တယ်။ သူ့မှာ ပြောစရာဆိုလို့ သူများစာမူကို ကိုယ့်နာမည်တပ်တာလေး တစ်ခုတည်းရယ်"

"ဘာတွေလာပြောနေတာလဲ"

"ကြည်ပြာ နားမလည်ဘူးမို့လား"

"လုံးဝကို နားမလည်တာ။ ဘာတွေလဲ. . ဘာလဲ. .။ ငါ့ကိုကြိုက်တာ ဘယ်သူလဲ။ နင်လား၊ ချစ်ဦးညိုလား. .။ ဘွာ. . ဘွာ. . ဆရာ. . ကန်တော့. . ကန်တော့. .။ ချစ်ဦးဖြူလား။ ပြော. . ရှင်းရှင်းပြော"

"နင့်ကိုကြိုက်တာ ချစ်ဦးဖြူပါ"

"ဘာ. . နင်က မကြိုက်ဘူးပေါ့"

"ကြိုက်တယ်"

"ကဲ. . ကြိုက်ဦးဟာ"

"ဒေါင်"

မြန်လိုက်တာ။ ကြည်ပြာက အသင့်ပါလာတဲ့ ကော်ပေတံနဲ့ ခေါက်ထည့်လိုက်တာများ ဒေါင်ခနဲပဲ။

"ကြည်ပြာ ရက်စက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက ရက်စက်တာလဲ ပြောပါဦး. . ။ သေချာစဥ်းစားပါဦး"

"ဟို. . ချစ်ဦးဖြူက နင့်ကို ငါ့ထက်ပိုချစ်. ."

"တော်ပြီ"

ကြည်ပြာ ထအော်လိုက်တာ။ စားပွဲထိုးလေး ပြေးလာပြီး. .

"အစ်မ တော်ပြီလား. . ။ သိမ်းလိုက်ရမှာလား"

လို့ လာမေးနေလို့ ကြည်ပြာထပ်အော်တယ်။

"တော်ပြီ. . သိမ်းသွားတော့။ ပိုက်ဆံ သူ့ဆီမှာတောင်း"

"အန်. ."

ကိုတိုး သိပ်မအန်ရဲဘူး။ ပိုက်ဆံသူရှင်းရတော့မယ်ဆိုတာ သိလို့ ပိုငိုင်သွားတယ်။

ကြည်ပြာက ကိုတိုးကို စေ့စေ့ကြည့်တယ်။ ကိုတိုး ခေါင်းငုံ့ထားတယ်။

"ဒီမှာကြည့်ပါဦး ချစ်လူစွမ်းကောင်းကြီးရဲ့၊ ချစ်ရှေ့နေကြီးရဲ့"

ကိုတိုး မကြည့်ပါဘူး။ မျက်နှာလွှဲ၊ ခေါင်းငုံ့ထားတယ်။

ကြည်ပြာက စာရွက်ထုတ်ပြီး ဘောပင်နဲ့ စာတချို့ရေးနေတယ်။

ပြီးတော့ ကိုတိုးကို ပေးလိုက်တယ်။

"ရော့. . နင့်သူငယ်ချင်း ချစ်ဦးဖြူကို ပေးလိုက်။ ကြည်ပြာက မငြင်းပါဘူးလို့။ ဒါပေမဲ့ စည်းကမ်းချက်နဲ့အညီ လျှောက်လွှာတင်ပါလို့။ နင်ဝင်လျှောက်ဖို့ မလိုဘူး"

ကြည်ပြာကမ်းပေးတဲ့စာကို လှမ်းယူပြီး ကိုတိုးငိုင်နေမိတယ်။ ကိုတိုးမျက်ဝန်းရစ်မှာ မျက်ရည်စတွေလား. . ။ ဟင့်အင်း. . မရှိဘူး။

ကြည်ပြာကတော့ ဆတ်ဆို ဆိုင်ထဲကထွက်သွားတော့တယ်။ ဆိုင်ထဲမှာ ကိုတိုးတစ်ယောက်တည်း မျက်ရည်သွေ့ခြောက်





ငိုင်လို့ရယ်။

"အစ်ကိုလေး. . သုံးရာတည်းကျတယ်။ ရှင်းစရာရှိ ရှင်းပြီးမှ ဆက်ငိုင်ပါ"

လို့ စားပွဲထိုးလေးလာပြောတာနဲ့ပဲ ကိုတိုး သိပ်ကြာကြာ မလွမ်းလိုက်ရဘူး။ အဟုတ်. .

❖

"ရော့. . ငါနှလုံးသားနဲ့ရင်းပြီး ယူခဲ့ရတဲ့စာ။ မင်းအတွက် ကြည် ပြာပေးလိုက်တာ"

"ဟာ. . ဝမ်းသာလိုက်တာ သူငယ်ချင်းရာ။ ကြည်ပြာက ချက်ချင်းစာပြန်သလား။ ငါလည်း ဘာစာမှ မပေးရသေး"

"လျှာမရှည်နဲ့ကွာ။ ဖတ်ကြည့်. . ။ ငါတော့ ဒီရင်ဘတ်ကြီးနဲ့ ပြောခဲ့တာ"

"ပါးစပ်နဲ့ပြောခဲ့တာ လုပ်စမ်းပါကွာ"

"ဘာနဲ့ပြောပြောကွာ. . ။ စာကို ဖတ်ကြည့်ဦး"

ကိုတိုးက စိတ်မရှည်တော့ဘူး။ စာက ဘာမှ ပြန်စာမဟုတ်ဘူး။ ညစ်စာကြီး။

ကြည်ပြာ သက်သက်ညစ်လိုက်တာ။ ကြည်ပြာရေးထားတဲ့စာက ကြည့်ဦး. . ။

သို့/-

ကိုချစ်ဦးဖြူ. .

*ကျွန်မကို ကြိုက်လျှင် ချစ်သဝဏ်လွှာအား A4 ဆိုက် တစ်မျက်နှာထက်မပိုစေပဲ ကွန်ပျူတာစာစီ၍ စာတိုက်မှ ပေးပို့ပါ။ လိုအပ်သောစာရွက်စာတမ်းများပါရန် သတိပြုပါ။*

*ပါရှိရမည့် စာရွက်စာတမ်းများ. .*

*၁။ မိဘသဘောတူကြောင်း ထောက်ခံချက် (မူရင်း)*



www.burmeseclassic.com

www.burmeseclassic.com



၂။ သန်းခေါင်စာရင်း (မိတ္တူ)
၃။ လူပျိုဖြစ်ကြောင်း ရပ်ကွက်ထောက်ခံချက်
၄။ ရဲစခန်းမှ ပြစ်မှုဖြင့်အလိုမရှိကြောင်း ထောက်ခံချက်
၅။ ဆေးစစ်မှတ်တမ်း (မိတ္တူ)
၆။ လတ်တလောသွေးစစ်ချက်မှတ်တမ်းနှင့် B ပိုးနှင့် HIV ပိုးမရှိကြောင်း ဆရာဝန်၏ထောက်ခံချက် (မူရင်း)

ဒါပါပဲ . .

ကြည်ပြာ

(PS-စည်းကမ်းနှင့်မညီသော၊ မပြည့်စုံသော စာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

စာကို ဖတ်ပြီး ချစ်ဦးဖြူ ငိုင်နေတယ်။ ကြက်ကြီး လည်လိမ်ထားသလိုပါပဲ။

ကိုတိုးကိုကြည့်တော့ မချိုမချဉ်ရယ်။

ဒါတောင် ချစ်ဦးဖြူက ကိုတိုးကို အားကိုးတကြီးမေးသေးတယ်။

"ငါဘာလုပ်သင့်သလဲ သူငယ်ချင်း"

"သူ့ကိုချစ်ရင် သူ့စည်းကမ်းအတိုင်း လုပ်ပေါ့ကွာ"

"ငါရည်းစားစာပေးမှာကို ဘယ်မိဘက ထောက်ခံမှာလဲကွာ"

"ညာတာပါတေးနဲ့ ဖုန်းလျှောက်မယ်ဆိုပြီး စာရွက်အလွတ်မှာ လက်မှတ်ထိုးခိုင်းကွာ"

"ရပ်ကွက်လူကြီးကိုရော ဘယ်လိုပြောပြီး ထောက်ခံခိုင်းရမှာလဲ"

"လူပျိုအသင်းဝင်မှာမို့လို့ဆိုပြီး ထောက်ခံခိုင်းကွာ"

"ဆရာဝန်ကိစ္စကရော"

"နိုင်ငံခြားရှိုးပွဲသွားမှာမို့ ကုမ္ပဏီကိုတင်ရမှာဆိုပြီး လုပ်ခိုင်းကွာ"





"နေပါဦး . ။ လျှောက်လွှာရောက်သွားရင် သူက ချစ်တဲ့ပြန်မှာတဲ့လား"

"ဟင့်အင်း . . လူတွေ့စစ်ဆေးဦးမှာတဲ့"

"သူတစ်ယောက်တည်း ဗျူးမှာလား"

"ဟင့်အင်း သူ့မိဘတွေနဲ့ ဗျူးမှာတဲ့"

"တော် . . တော် . . ဒါ . . သက်သက်ညစ်တာပဲ"

"ငါလည်း အဲဒီလိုထင်တာပဲ"

"ဆရာမတွေများ တော်တော်လက်ပေါက်ကပ်တာပဲကွာ"

"ဇီဇာကိုကြောင်တာ မောင်"

နှစ်ယောက်သား စိတ်ပျက်လက်ပျက် ဖြစ်နေကြတယ်။ တကယ်တော့ ကြည်ပြာက ရယ်စရာလုပ်တာမဟုတ်ဘူး။ ကိုတိုးတို့ရွဲ့ချင်လို့ လုပ်လိုက်တာ။

ဘယ်လောက်ပဲ အူကြောင်ကြားဖြစ်ပါစေ၊ ဒီလို လျှောက်လွှာတော့ တင်မှာမဟုတ်ဘူးလို့ သူသိနေတယ်လေ။

ကြည်ပြာထင်သလိုပါပဲ။

ချစ်ဦးဖြူ ခေါင်းယမ်းတယ်။ လေးလေးပင်ပင် ညည်းညူတယ်။

"တော်ပြီ သူငယ်ချင်း။ ကြည်ပြာကို ဆက်ချစ်ဖို့ မဝံ့တော့ဘူး။ ရှေ့ဆက်ရင်လည်း ဒီ့ထက်နှိပ်ကွပ်မှာ သေချာတယ်"

ကိုတိုးကတော့ မဲ့ပြီး ပခုံးတွန့်ပြတယ်။ နောက် . . တိုးတိုးလေး ညည်းတယ်။

"သြော် . . ကြည်ပြာရယ် . ."

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## စဉ်းစားကြသူများ

ဦးမိုးကြယ်တစ်ယောက် တီဗီရှေ့မှာ တစ်ယောက်တည်း ကြည့်နေတယ်။ သူ့ဇနီးနဲ့သူ့သမီးတွေက ကိုရီးယားကားပြီးကတည်းက ထသွားကြပြီ။

ဦးမိုးကြယ်တစ်ယောက်တည်း ဆက်ကြည့်နေတာ။

အချိန်က ညကိုးနာရီကျော်နေပြီ။ နိုင်ငံတကာသတင်း လာနေတာ။ သတင်းက ဆူနာမီ ဒီလှိုင်းတွေအကြောင်း ပြနေတာ။

အာရှမှာ ဖြစ်ပေါ်ခဲ့တဲ့ ဆူနာမီရေလှိုင်းကြောင့် လူနှစ်သိန်းကျော် သေဆုံးခဲ့ကြတယ်။ ဆူနာမီဆိုတာ ဂျပန်စကားဖြစ်ပြီး ဒီရေလှိုင်းလို့ အဓိပ္ပာယ်ရတယ်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၂၆) ရက်နေ့ နံနက် (၇) နာရီခွဲခန့်က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့နဲ့ မိုင်ပေါင်း (၁၀၀၀) ခန့်ကွာတဲ့ ပင်လယ်ကြမ်းပြင်ကို ဗဟိုပြုပြီး အင်အား ရစ်ချ်တာစကေး ၉. ၀ ရှိတဲ့ ငလျင်ကြီး လှုပ်သွားခဲ့တယ်။

ငလျင်အင်အားပြင်းထန်လွန်းတာကြောင့် အင်ဒိုနီးရှားနိုင်ငံ





ကမ်းခြေ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မော်လဒိုက်နိုင်ငံနဲ့ ထိုင်းနိုင်ငံကမ်းခြေတွေမှာ ဆူနာမီ ဒီရေလှိုင်းကြီးတွေ ဖြစ်ပေါ်ခဲ့လို့ အပျက်အစီးနဲ့ လူသေနှုန်း တော်တော်များခဲ့တယ်။ အင်ဒိုနီးရှားနိုင်ငံ တစ်နိုင်ငံတည်းတင် လူတစ်သိန်းကျော်ခန့် သေခဲ့ရတယ်။

အခု တီဗီမှာပြနေတာက အပျက်အစီးတွေကြားက လူသေအလောင်းတွေကို ရှာဖွေမြှုပ်နှံနေတာကို ပြတာ။

ဦးမိုးကြယ် ကြည့်ရင်း စိတ်မကောင်းဖြစ်နေတယ်။ သမီးတွေ ဒါမျိုးကျတော့ မကြည့်ကြဘူးလို့ တွေးရင်း ဒေါ်နီပြာရီကို လှမ်းမေးလိုက်တယ်။

"ဒေါ်နီပြာရီ. . မင်းသမီးတွေ အိပ်ကုန်ပြီလား"

"ဘယ်သိမလဲ. . ။ ကားရိုက်ပြီးရင်တော့ မောမောနဲ့ အိပ်ကြမှာပေါ့"

"မင်းဘာပြောတာလဲ။ ဘယ်က ကားရိုက်တာလဲ"

"မင်းသမီးဆို ကားရိုက်ပြီး အိပ်မှာပေါ့လို့ ပြောနေတာ"

"ငါပြောတာ ရုပ်ရှင်မင်းသမီး မဟုတ်ဘူးကွ။ ငါ့သမီးသုံးယောက်ကို ပြောတာ"

"သိဘူးလေ. . ။ အိပ်ရာထဲတော့ ဝင်သွားကြတာပဲ"

"ခင်ဗျားသိတာ ဘာရှိလဲ။ ဆူနာမီအကြောင်းရော သိလား"

"အမီနာအကြောင်းပဲ သိတယ်. . ။ အဝတ်လိုက်လျှော်တဲ့ ကုလားမပဲ။ ဘာဖြစ်လို့လဲ"

"သေကုန်ပြီကွ. . သေကုန်ပြီ"

"ညနေကပဲ တွေ့လိုက်ပါသေးတယ်"

"မင်းအမီနာကို ပြောတာမဟုတ်ဘူး။ ဆူနာမီကို ပြောတာ။ ဆူနာမီကြောင့် လူနှစ်သိန်းကျော်သေရတယ်။ ဒါဟာ ကပ်ဆိုက်တာပဲ။ ဒါပေမဲ့ တို့တိုင်းပြည်မှာတော့ ဆိုးဆိုးရွားရွားမဖြစ်ခဲ့ဘူး"

"ရှင်သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့. . ။ လူအသေအပျောက်တောင် လေးငါးဆယ်ပဲရှိတယ်။ အပျက်စီးလည်းနည်းတယ်။ သူများတိုင်းပြည်တွေနဲ့စာရင် အများကြီးကို သက်သာခဲ့တယ်။ အဲဒါ ဘာကြောင့်လဲ. . သိလား"

"ဘယ်သိမလဲ"

"မှတ်ထား. . ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် ယုံကြည်မှုကြောင့်ပဲကွ။ သူများတွေ ဆိုးဆိုးရွားရွားဖြစ်ပေမယ့် တို့ဗုဒ္ဓဘာသာတိုင်းပြည်မှာ ဆိုးဆိုးရွားရွား ဘယ်တော့မှ မဖြစ်ဘူး။ သိပြီလား. ."

"သိပြီ"

"ငါပြောမှ. . ဟင်း. ."

"ဘယ်သူပြောလို့ သိသိလေ. . ။ သိတယ်ဆို ကျေနပ်ပေါ့"

"မင်းသိရုံနဲ့ မပြီးဘူး။ မင်းသမီးတွေပါ သိသင့်တယ်။ သွား အိပ်ရာထဲ သွားပြော။ ခုန ငါပြောတာ မှတ်မိလား"

"မှတ်မိတယ်"

ဒေါ်နီပြာရီတစ်ယောက် ပေစောင်းပေစောင်းနဲ့ ထသွားတယ်။ တီဗီကြည့်ပြီး ပြုံးနေတဲ့ ဦးမိုးကြယ်ကို သိပ်မကျေနပ်ဘူးရယ်။

ဒါပေမဲ့. .

ဒီကိစ္စဟာ သမီးတွေ သိသင့်တယ်။ ကိုယ့်အမျိုးဘာသာကို ယုံကြည်ကိုးစား အလေးထားစေသင့်တယ်လို့ ခံယူရင်း ဒေါ်နီပြာရီ သူ့သမီးတွေရဲ့ အိပ်ခန်းထဲကို ဝင်သွားတော့တယ်။

မြင်ကွင်းကတော့ သိပ်မလှဘူး။ အိပ်ရာပေါ်မှာ တုံးလုံးပက်လက် စကားများ တွတ်ထိုးနေကြလေရဲ့။

မိခင်ဝင်လာတာ မြင်ပေမယ့် အေးဆေးပဲ။ အတင်းပြောမပျက်ကြ ဘူး။

"သမီးတို့ မအိပ်သေးဘူးလား"





"အိပ်တော့မှာ မေမေ။ မေမေ ဘာလုပ်ချင်လို့လဲဟင်"

"သမီးတို့ကို အမိနာ. . အဲ. . ဆူနာမီအကြောင်း ပြောမလို့"

"ကြုံကြုံဖန်ဖန် အမေရယ်. . ဆူနာမီအကြောင်းများ တကူးတက လာပြောရတယ်လို့"

ရီမာက ခပ်တည်တည်ပြောတော့ ဒေါ်နီပြာက မေးလိုက်တယ်။

"သမီးက ဆူနာမီအကြောင်း သိလို့လား"

"သိဘူးလေ"

ရီမာဖြေတာ. . ။ သိမလား. . ။ တီဗီလည်းမကြည့်၊ သတင်းစာလည်း မဖတ်။

"သမီးသိတယ်မေမေ။ ဆူနာမီဆိုတာ ဂျပန်လို ဒီရေလှိုင်းကိုခေါ်တာ။ တလောက သမုဒ္ဒရာရေအောက်မှာ ငြင်းထန်တဲ့ ငလျင်လှုပ်သွားလို့ ဆူနာမီရေလှိုင်းကြီးတွေ ဖြစ်ပေါ်ခဲ့ရတယ်လေ။ အာရှတစ်လွှားမှာ လူတွေသိန်းချီသေခဲ့ရတယ်လေ"

ကြည်ပြာက ဆရာမပီပီ ခပ်ရှည်ရှည်ဝင်ပြောတယ်။ ဒေါ်နီပြာရီက ခေါင်းညိတ်ရင်း. .

"အေး. . အဲဒီကိစ္စ သမီးတို့ဖေဖေက ပြောခိုင်းလိုက်လို့"

"ဖေဖေက ဘာပြောခိုင်းတာလဲ"

"ဒီလိုလေ. . ။ သဘာဝဘေးဆိုးကြီးကြောင့် အာရှတစ်လွှားမှာ ကြီးစွာပျက်စီးမှုနဲ့အတူ လူတွေအများကြီး သေဆုံးခဲ့ကြရတယ်။ တို့မြန်မာပြည်ကတော့ ဘာမှပြောမပလောက်အောင် မဖြစ်ခဲ့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတဲ့ အဖြေကို သမီးတို့ သိစေချင်လို့ပဲ"

"ဒါလေးများ မေမေရယ်. ."

အကြီးမ နီလာက ပြောတာ။

"သမီး သိလို့လား"

"သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ဆရာမကြည်ပြာ"

"အဟီး. . ဒါတော့ သိဘူးလေ"

"ရီမာ"

"ဝေးသေး"

"အေး. . သမီးတို့သိထားစေချင်လို့ သမီးတို့အဖေက ပြောခိုင်းလိုက်တာ"

"ဒါဆို. . ပြော။ ဘာလို့လဲ"

"လွယ်လွယ်ပြောလို့ မဖြစ်ဘူး။ သမီးတို့ကိုယ်တိုင် စဉ်းစားကြည့်ကြဦး။ အဖြေမှန်သိတဲ့လူ ကော်ဖီတိုက်မယ်။ မေမေ ကော်ဖီသွားဖျော်လိုက်ဦးမယ်။ စဉ်းစားထားကြ"

ပြောပြောဆိုဆို ဒေါ်နီပြာရီ ထွက်သွားတော့တယ်။ သူတကယ်ကော်ဖီသွားဖျော်တာ။ သမီးတွေ ဉာဏ်ပွင့်သွားအောင် ကော်ဖီတိုက်မလို့။

သိပ်မကြာဘူး. . ။

ဒေါ်နီပြာရီ ကော်ဖီခွက်တွေ ကိုင်ထွက်လာတယ်။ ဧည့်ခန်းက ဦးမိုးကြယ်ကို ကော်ဖီတစ်ခွက်ချပေးလိုက်တယ်။

"ဘယ့်နှဲ့လဲ. . ဟန်ရဲ့လား"

ဦးမိုးကြယ်က မေးလိုက်တာ။ ဒေါ်နီပြာရီက အေးဆေးပဲ။

"ဟန်မှာပါ. . စဉ်းစားနေကြတယ်။ ကော်ဖီတိုက်လိုက်ဦးမယ်"

"အေး. . အေး. . ကောင်းတယ်။ ကလေးတွေ ဉာဏ်ပွင့်အောင် မိဘတွေက ဒီလိုလေးတွေ လုပ်ပေးသင့်တယ်။ သွား. . သွား. . "

ဦးမိုးကြယ် နှစ်ထောင်းအားရစွာပဲ ပြောလိုက်တယ်။ ဒေါ်နီပြာရီကိုလည်း ကျေနပ်နေမိတယ်။

'ငါ့သမီးတွေ မဆိုးပါဘူး' လို့လည်း တွေးနေသေးတာ။





ဒါနဲ့ပဲ ဒေါ်နီပြာရီတစ်ယောက် သမီးတွေအတွက် ကော်ဖီခွက်တွေကိုင်ပြီး အခန်းထဲဝင်သွားတော့တယ်။

"သမီးတို့ရေ. . စဉ်းစားပြီးကြ. . ဟ. . ဟ. . ဘယ်လိုဖြစ်တာလဲ"

ဒေါ်နီပြာရီ စကားမဆုံးဘူးရယ်။ ဟ. . ဟ. . နဲ့ အ အကြီးလို ဖြစ်သွားတော့တယ်။

မဖြစ်ခံနိုင်ရိုးလား. . ။

သမီးသုံးယောက်က သူ့မေးခွန်းဖြေဖို့ စဉ်းစားနေကြတာများ ခလူးခလောနဲ့ ဟော်က်တောင်ဟောက်နေကြသေးတာလေ။

တကယ်. . ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# ရောက်မှ သိမယ်

ကိုတိုးတစ်ယောက် မအားဘူးဖြစ်နေတယ်။ မအားဆို သူတို့နေတဲ့လမ်းထိပ်မှာ ဆွမ်းလောင်းမဏ္ဍာရုံရှိတယ်။

မဏ္ဍာရုံရှိတာနဲ့ ကိုတိုးမအားတာနဲ့လား။ ဆိုင်တာပေါ့. .။ သူ့အဖေက မဏ္ဍာရုံမှာ လူကြီးလေ။ တစ်ဝါတွင်းလုံး ဆွမ်းလောင်းလာကြတာ။ ဆွမ်းသိမ်းပွဲအတွက် သူ့အဖေဦးတိုးညွန့်ကိုယ်တိုင် ဦးဆောင်နေရတာ။

ဦးတိုးညွန့်က ဟိုတယ်မန်နေဂျာဆိုတော့ အလုပ်က ခပ်များများ။ ဟိုတယ်မှာ သူမရှိရင် မဖြစ်ဘူး။ ဒီတော့ ရပ်ကွက်ထဲက ဆွမ်းသိမ်းကိစ္စအတွက် သူ့သား ကိုတိုးကိုပဲ ခိုင်းနေရတာ။

"ကိုတိုး. . ဆွမ်းသိမ်းပွဲ ပွဲဦးထွက်တရားဟောဖို့ သုခရာမကျောင်း ဆရာတော်ကို သွားပင့်လျှောက်ချေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဆရာတော့် ဘာတရားဟောမယ်ဆိုတာလဲ မေးလျှောက်ခဲ့ဦး။ ရပ်ကွက်ထဲမှာ ကြိုတင်ကြေညာထားရအောင်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ကိုတိုးတစ်ယောက် သိပ်လီမွှာနေတယ်။ သိပ်သိမ်မွေ့နေတယ်။ သူ့အဖေကတော့ အကြောင်းသိမို့ သေချာအောင် ထပ်မှာတယ်။

"ဟော့ကောင်. . လူရှေ့ ဟုတ်ကဲ့၊ ကွယ်ရာမှ မလုပ်နဲ့။ ငါ





ပြောတာတွေ ကြားရဲ့လား"

"ကြားပါတယ် ဖေဖေ"

"အေး. . ဒါဆို အခုပဲသွား။ တော်ကြာ ဆရာတော် ဆွမ်းစားကြွနေလို့ မတွေ့ဘဲဖြစ်နေဦးမယ်။ ငါလည်း အလုပ်သွားတော့မယ်"

ဦးတိုးညွန့်က အလုပ်သွားဖို့ ပြင်နေပြီ။ ကိုတိုးက ခိုင်းထားတာ သွားဖို့ မပြင်သေးဘူး။

ပြင်မလား. .။

သူက ခွင်ဖန်ဖို့ စဉ်းစားနေတာ။ ငုတ်တုတ်ထိုင်နေတဲ့ ကိုတိုးကို ဦးတိုးညွန့်က မြင်သွားတယ်။

"သား. . မသွားသေးဘူးလား"

"သွားမှာပေါ့ ဖေဖေ။ ဘာလိုသေးလဲလို့ စဉ်းစားနေတာ"

ပေါက်တယ်. .။ ဦးတိုးညွန့် သဘောပေါက်တယ်။ အိတ်ထဲကို နှိုက်လိုက်ပြီး တစ်ထောင်တန်တစ်ရွက် ထုတ်လိုက်တယ်။

"ရော့. . သားသွားဖို့ လမ်းစရိတ်"

"တစ်ရွက်တည်းလား"

"အေးလေ. . ဒီခရီးနဲ့ ဒီခရီးကိုများ"

"လိုရမယ်ရ နှစ်ရွက်တော့ ပေးလိုက်အဖေရာ။ ဆောင်သွားချင်လို့။ မသုံးပါဘူး. .။ မသုံးဖြစ်ရင် ပြန်ပေးမယ်"

"ဟေး. . ဟေး. . ရိုးနေပြီ။ ဘယ်တုန်းက ပြန်ပေးဖူးလို့လဲ။ ကဲ. . ရော့. . သွားတော့"

ဦးတိုးညွန့်က နားအေးပြီးရောဆိုပြီး ထပ်ပေးလိုက်တယ်။ သူ့သားပြန်မပေးဘူးဆိုတာလည်း သိနေတယ်။ ဘယ်တုန်းကများ ပြန်ပေးဖူးလို့လဲ။

ဦးတိုးညွန့်သာ တိုက်ပုံဝတ်၊ အိတ်ဆွဲပြီး ထွက်သွားတယ်။ ကိုတိုး မသွားသေးဘူး။

မသွားဆို သူ့ခွင်ဖန်ဦးမှာလေ။ သူ့အမေ ဈေးကပြန်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်နေတာ။

သိပ်မကြာလှပါဘူး. .။ သူ့အမေ ဒေါ်တင်လှခင် ရောက်လာတယ်။ ဈေးဆွဲခြင်းကြီးနဲ့. .။

"ပေး. . ပေး. . မေမေ. . ဆွဲခြင်းကြီး သားကိုပေး"

ဆိုပြီး ကိုတိုးပြေးကြိုတယ်။ ကိုတိုး အတင်းပြေးကြိုတာမြင်တော့ သူ့အမေ ဖျားချင်သွားတယ်။ လန့်ဖျား ဖျားချင်တာ။

"နေပါစေ သား. .။ ရပါတယ်"

"ဟို. . မေမေမောနေပြီ။ နားလိုက်ဦး"

ကိုတိုးက အတင်းပဲ ဈေးခြင်းကို ယူသွားတယ်။ သူ့အမေကိုလည်း ဧည့်ခန်းဆက်တီမှာ ထိုင်နေစေတယ်။ သူက ဆွဲခြင်းကိုနောက်ဖေးသွားထားပြီး ပြန်ထွက်လာတယ်။

ရေခဲသေတ္တာထဲက ရေသန့်တစ်ဘူးနဲ့ ဖန်ခွက်ယူပြီး သူ့အမေကိုပေးဖို့ သွားတယ်။

"အမေ. . ဒီမှာ ရေ. ."

"ဟဲ့. . ပလုတ်တုတ်. . လန့်လိုက်တာဟယ်။ ကိုတိုး. . သားရယ်. . အမေစိတ်မောအောင် မလုပ်ပါနဲ့"

"အမေမောနေမှာစိုးလို့ ရေယူလာပေးတာ"

"ဟဲ့. . ဒါကြောင့်မို့ မောတာဟဲ့။ လန့်တောင် လန့်တယ်"

"သားက စေတနာနဲ့. ."

"အေး. . ငါကတော့ ဝေဒနာတိုးတယ်"

"သားတစ်ယောက်က မိခင်ကို ကြင်နာစွာပြုစုတာ ဝေဒနာတိုးစရာလား အမေရာ"

"တခြားက သားတွေတော့ မသိဘူး။ ကိုယ့်သားလေး အဲဒီလိုကိုယ့်ကိုဂရုစိုက်လေ၊ အမေရင်တုန်လေပဲ"

"မတုန်ပါနဲ့ အမေရယ်။ တစ်ရှက်တည်းပါ"

"နှစ်ရာတန်လား"





"တစ်ထောင်တန်"

"သား. . မြန်မြန်"

"ဘာလဲ မေမေ"

"သွေးဆေး. . သွေးဆေး. . ယူပေးပါ"

"အမေ ဘာဖြစ်လို့လဲ"

"သွေးတိုးပြီထင်တယ်"

ဒေါ်တင်လှခင် တကယ်ပဲ မျက်လုံးမှိတ်ပြီး ရင်ဘတ်ဖိထားတယ်။ နဖူးမှာ ချွေးတွေစို့လာတယ်။

တကယ်သွေးတိုးပြီ။

ဒေါ်တင်လှခင်မှာ တကယ့်ကို သွေးတိုးရော၊ နှလုံးရော ရှိတာ။ ထစ်ခနဲရှိ သွေးတိုးတတ်တာ။ သူ့ဆီက ပိုက်ဆံထွက်ရမယ်ကြားရင် သွေးက ချက်ချင်းကိုတက်တာ။ အမောက အမြန်ဖောက်တာ။

"အမေ. . သွေးဆေးလေး သောက်လိုက်"

ကိုတိုးက မိခင်ကို သွေးဆေးတိုက်တယ်။ ရေတိုက်တယ်။ ချွေးသုတ်ပေးတယ်။

"အဲဒီလောက် မကြင်နာပါနဲ့ သားရယ်။ အမေရင်တုန်လို့ပါ"

"အမေ သက်သာသွားအောင်ပါ"

"သားက အမေသက်သာတာ မြင်ချင်တယ်မို့လား"

"မြင်ချင်တာပေါ့"

"ဒါဆို သား ဟိုနားသွားထိုင်နေ"

"အမေ သိပ်စိမ်းတာပဲ"

"အမေ မစိမ်းဘူး။ နှလုံးသားက သူ့ဟာသူ သိနေတာ။ သူတို့က ပေးမယ့်သူလား၊ တောင်းမယ့်သူလား ခွဲခြားသိတတ်တယ် သားရဲ့"

"သားတောင်းမှာက အဖေခိုင်းခဲ့လို့ပါ။ သုခရာမဆရာတော်ကို သွားပင့်ဖို့ ခရီးစရိတ် အမေ့ဆီကယူသွားတဲ့။ ညနေ သူပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြန်ပေးမယ်တဲ့"

"မင်းအဖေက ပြန်ပေးမှာတဲ့လား"

"ပေးမှာပေါ့"

"မပေးရင် သားတောင်းပေးနော်"

"စိတ်ချစမ်းပါ အမေရာ"

ဒါနဲ့ပဲ ကိုတိုး သူ့အမေဆီက ငွေတစ်ထောင်ထပ်ရသွားတယ်။ ဒေါ်တင်လှခင်ကလည်း ဟန်လုပ်နေတာ။ သူ့သားကို ပေးချင်ချင်ရယ်။ ရောင့်တက်မှာစိုးလို့ မူလဂျီသွန်နီ လုပ်နေတာ။

"အမေ သက်သာလား"

"ချက်ချင်းကြီးတော့ မသက်သာဘူး။ သွေးက အကုန်မကျဘူး။ နည်းနည်းတင်နေတယ်"

"ဘယ်လိုဖြစ်ရတာလဲ"

"ကိစ္စမရှိပါဘူး။ ပါးပါးလေးပါ။ ည မင်းအဖေဆီက တစ်ထောင်ပြန်ရရင် ပုံမှန်ပြန်ရောက်သွားမှာပါ"

"အမေ့သွေးတိုးကလည်း အဆန်းပဲနော်။ ပိုက်ဆံစောင့်တတ်တယ်"

"ဒါလည်း နှလုံးသားက သူ့ဟာသူ အော်တိုဖြစ်နေတာပဲ"

"သား သွားလို့ရပြီလား"

"သွား. . ရတယ်. . ။ စောစောပြန်လာနော်"

"ဟုတ်ကဲ့. . ။ ထမင်းစားအမီ ပြန်လာမယ်"

"အခုမနက်စာလား"

"ညစာ. ."

ကိုတိုးတို့ နိုင်သွားပြီဆိုတော့ လေလေးချွန်ပြီး ထွက်သွားတော့တယ်။

သူတကယ်ပဲ သူ့အဖေခိုင်းထားတဲ့ကိစ္စကို ဆောင်ရွက်တော့မှာ။

❖





"ဆရာတော်ဘုရား. ."

"ဟဲ့. . ဒကာလေးကိုတိုး. . ဘာကိစ္စ. ."

"တရားဟောပင့် လျှောက်ချင်လို့ပါ ဘုရား"

ကိုတိုးက ဆရာတော်ကို ထိုင်ကန်တော့ပြီး အသေးစိတ်ပင့်လျှောက်လိုက်တယ်။

"အိမ်း. . ကြွခဲ့မယ်လေ။ မနက်ဖြန်ညနေကျတော့ လာကြိုပေါ့"

"တင်ပါ့ ဘုရား"

"ဒါပဲ မဟုတ်လား"

"ကျန်သေးတယ်ဘုရား။ အရှင်ဘုရား ဘာတရားဟောမယ်ဆိုတာ မေးခဲ့ပါတဲ့ ဘုရား"

ကိုတိုးမေးလျှောက်တော့ ဆရာတော် စဉ်းစားတယ်။ ရုတ်တရက် စဉ်းစားလို့မရတာနဲ့ လွယ်လွယ်ပဲ ပြောလိုက်တယ်။

"ရောက်မှ သိမယ်"

"တင်ပါ့ ဘုရား"

ကိုတိုး ဆရာတော်ကို ကန်တော့ပြီး ပြန်တယ်။

အိမ်တန်းမပြန်ဘူး။ မြို့ပတ်သေးတာ။ ခြောက်ထပ်ရုံးက သူ့သူငယ်ချင်း ရဲခေါင်မဲပြောင်ဆီ ရောက်သွားသေးတယ်။

"ဟေ့ကောင် မဲပြောင်. . မင်းကို ပြောစရာရှိတယ်"

"ပြောလေကွာ"

"ဒီလိုပြောလို့ မရဘူး။ လက်ဖက်ရည်တိုက်. . ။ ငါအခုပြောမှာ နီလာ့ကိစ္စ"

"ဟုတ်လား. . ။ ဒါဆို တိုက်မယ်ကွာ။ လာ. ."

နီလာဆိုတဲ့ အသံကြားတာနဲ့ ရဲခေါင်မဲပြောင် သွားကြီးဖြီးသွားတယ်။ ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတယ်။ လက်ဖက်ရည်နှစ်ခွက်မှာပြီး ကိုတိုးကို အငမ်းမရမေးတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ. . နီလာ့ကိစ္စဆိုတာ ဘာလဲ"

"ဖြည်းဖြည်းမေးပါကွာ။ ပြောချင်လို့ လာတာ"

"မြန်မြန်ပြောကွာ"

"ပြောရမယ်ဆိုရင်တော့ မင်းအတွက် အခွင့်အလမ်းပဲကွ"

"ဟုတ်လား. . ဘာလဲ. . ပြောစမ်းပါ"

"မဂ္ဂဇင်းထဲက ကဗျာနဲ့ ပတ်သက်လို့ နောက်ဆက်တွဲပါလာတယ်ကွ"

"ဘယ်လိုပါလဲ"

"ကပ်မလိုက်နဲ့၊ ပုသွားမယ်အစား ကပ်လိုက်နိုင်သည်၊ မပုပါလို့ ပြင်ဆင်ချက်ထည့်ထားတယ်ကွ"

"ဟာ. . ဒါဆို ငါကပ်လိုက်လို့ ရပြီပေါ့။ မပုတော့ဘူးပေါ့။ ကြာတယ်ကွာ။ အခုပဲ သွားကပ်လိုက်တော့မယ်"

ရဲခေါင်မဲပြောင်က ချက်ချင်းကြီးထသွားမယ်လုပ်လို့ ကိုတိုးဆွဲထားရတယ်။

"နေပါဦးကွာ. . ။ ရုံးချိန်ကြီး ဘယ်လိုကပ်လိုက်မှာလဲ။ ရုံးတက်. . ။ ရုံးဆင်းမှ ကပ်လိုက်လို့ ရမှာပေါ့"

"အေး. . ဟုတ်သားပဲ။ ငါလောသွားတယ်"

"အဲဒါပြောချင်လို့ ငါလာတာ။ မင်း ဒီညနေရုံးဆင်းရင် ကပ်လိုက်လို့ ရပြီ။ မုန့်စားမယ်နော်"

"စားကွာ. . စား. . ။ ဆေးလိပ်လည်း သောက်ဦး"

ကိုတိုးက လက်ဖက်ရည်ရော၊ မုန့်ရော၊ ဆေးလိပ်ရော အပြည့်အစုံ ဝမ်းဆက်ကိုင်ပြီးမှ ပြန်လာခဲ့တယ်။

အိမ်ပြန်ရောက်တော့ ကွက်တိ။ ညနေစာ မီရုံပဲ။ သူ့အဖေတောင် ပြန်ရောက်နေပြီ။

"သား. . အဆင်ပြေခဲ့လား"

"ပြေတယ် ဖေဖေ"





"ဆရာတော်က ဘာတရားဟောမယ်တဲ့လဲ"

"ရောက်မှ သိမယ်တဲ့"

"အေး. . အေး. . ရောက်ပြီးမှပဲ အဖေမဏ္ဍပ်ရုံသွားလိုက်ဦးမယ်"

ဦးတိုးညွန့်က စိတ်ချလက်ချ ထမင်းစားပြီးမှ မဏ္ဍပ်ရုံဘက်ထွက်သွားတယ်။

သိပ်မကြာဘူးရယ်. . ။

ကြာလှ တစ်နာရီလောက်ပဲ။

မဏ္ဍပ်ရုံဘက်က စပီကာအသံ ထွက်လာတယ်။

"ကျွန်တော်တို့ရပ်ကွက် ဝါတွင်းဆွမ်းလောင်းမဏ္ဍပ်မှာ ဆွမ်းသိမ်းပွဲအတွက် မနက်ဖြန် ပွဲဦးထွက်ညမှာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမှာကတော့ သယ်န်းကျွန်းသုခရာမကျောင်းတိုက်ဆရာတော်ပဲ ဖြစ်ပါတယ်။ ဆရာတော်ဟောကြားမယ့်တရားက ရောက်မှသိမယ် တရားတော်ပါပဲ။ မနက်ဖြန်ည (၇) နာရီမှာ ဟရားနာကြွရောက်ကြဖို့ ဖိတ်ကြားအပ်ပါသည်ခင်ဗျား"

ကဲ. . ဘယ့်နဲ့လုပ်မလဲ။ ဆရာတော်ဟောမယ့်တရားက 'ရောက်မှသိမယ်'တရားတော်တဲ့။

အပြတ်ကြေညာနေရုံတင် မကဘူး။ ဘလက်ဘုတ်မှာလည်း ရေးထားသေးတာ။

အဲဒီပြဿနာက နောက်နေ့ တရားဟောမယ့်ည ဆရာတော်ကို ပင့်လာတော့မှ ပေါ်တော့တာ။

ဆရာတော်က ကားပေါ်ကဆင်းတယ်ဆိုရင် မဏ္ဍပ်ရုံအဝင်ဝမှာ ဘလက်ဘုတ်နဲ့ရေးထားတဲ့စာကို ကြည့်ပြီး မျက်လုံးပြူးသွားတယ်။

ဆရာတော်က ကြွေဆယ်ပြီး မဏ္ဍပ်ရုံထဲကို ဝင်လိုက်တယ်၊ ဆရာတော်ကို အအေးကပ်ပေမယ့် ဆရာတော် အအေးကိုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဘူဦးမပေးနိုင်ဘူး။

အရေးထဲ မိုက်ကိုင်ဆရာက စက်ဖွင့်ပြီး အော်ပါလေရော။

"အဟင်း. . ဟင်း. . ရပ်ကွက်သူ ရပ်ကွက်သားများခင်ဗျာ။ ယနေ့ည ပွဲဦးထွက်တရား ဟောကြားမယ့် သုခရာမဆရာတော် ရောက်ရှိနေပါပြီ။ မကြာတော့မယ့်အချိန်အတွင်းမှာ တရားတော်မြတ်ကို ဟောကြားမှာမို့ ကြွရောက်တရားနာကြပါရန် ဖိတ်ကြားအပ်ပါသည်ခင်ဗျား။ ယနေ့ည ဆရာတော်ဟောကြားမယ့် တရားတော်က ရောက်မှသိမယ် တရားတော်ပါပဲ ခင်ဗျား"

"မဟုတ်သေးဘူး ဒကာ"

"ဘာမဟုတ်တာလဲ ဘုရား"

"ဘာတရားဟောမယ်လို့မှ မပြောလိုက်ဘဲဟာ။ အခုမှ ပြောမှာ။ အနာတပိဏ်သူဌေးကြီးရဲ့ ဒါနခန်းကို ဟောမှာ"

"ရောက်မှ သိမယ် မဟုတ်ဘူးလား ဘုရား"

"ဟုတ်ဘူး ဒကာရဲ့"

"ဦးရွှေတင် စက်ပိတ်. . စက်ပိတ်. . ။ အသံတွေ အကုန်ဝင်နေပြီ။ မြဲသနဲ့ပဲ"

မိုက်ကိုင်တဲ့ ဦးရွှေတင်က စက်မပိတ်ထားမိဘူး။ ဆရာတော်နဲ့ အချီအချပြောတာတွေရော၊ စက်ပိတ်ခိုင်းတာတွေပါ ရပ်ကွက်ထဲမှာ ညံလို့။

တစ်ရပ်ကွက်လုံး ပြုံးစိစိတွေ ဖြစ်လို့။

ဦးတိုးညွန့်က ဆရာတော်ကို ရှင်းအောင်မေးတယ်။

"တပည့်တော်သားကို ပြောလိုက်တော့ ရောက်မှသိမယ်ဆို"

"အေးလေ. . အဲဒီလိုပဲ ပြောလိုက်တာ"

"ဒါဆိုလည်း အဲဒီတရားပဲ ဟောပါဘုရား။ ဒီမှာ ကြေညာပြီးနေပါပြီ"

"ဖြစ်ပါ့မလား ဒကာရဲ့။ အဲဒါ တရားမှ မဟုတ်တာ"





"ဟင်. . ဒါဆို ဘာလဲ ဘုရား"

"စကားကွ. . စကား. . ။ ဒကာ့သားက ဘာတရားဟောမှာလဲမေးတော့ ချက်ချင်းစဉ်းစားလို့မရသေးတာနဲ့ ရောက်မှသိမယ်လို့ ပြောလိုက်တာ။ တရားမဟုတ်ဘူး။ စကား. . စကား. ."

ဦးတိုးညွန့်ရော၊ ဓမ္မာရုံလူကြီးတွေရော ငိုင်သွားကြတယ်။ တီးတိုးတိုင်ပင်ကြတယ်။

ဦးတိုးညွန့်က အရဲစွန့် လျှောက်ထားတယ်။

"အရှင်ဘုရား. . ဘာပဲဖြစ်ဖြစ် ရောက်မှသိမယ်ကိုပဲ တရားဖြစ်အောင် ဟောပေးပါဘုရား။ တပည့်တော်တို့ ကြေညာထားပြီးမို့ပါ"

"တယ်ခက်တဲ့ ဒကာတွေပဲ"

ဆရာတော်လည်း ဒကာရင်းတွေဖြစ်နေတော့ မငြင်းတော့ဘူး။

အဲဒီညက ဆရာတော်ဟောမယ့် အနာတပိဏ်သူဌေးကြီးရဲ့ ဒါနခန်းတရားက ခေါင်းစီးပြောင်းသွားတယ်။

ရောက်မှသိမယ် တရားတော်. . တဲ့။

ဒီတော့မှ ဦးတိုးညွန့်နဲ့တကွ ဓမ္မာရုံလူကြီးတွေ ပြုံးနိုင်ကြတော့တယ်။

ဘယ်ရမလဲ. . ။

ဆရာတော်ကလည်း သူတို့အခက်အခဲပြေလည်အောင် မူလဟောမယ့်တရားကိုပဲ ဉာဏ်ကွန့်ပြီး ခေါင်းစဉ်ပြောင်းပေးလိုက်ရတော့တာပေါ့။

အနာတပိဏ်သူဌေးကြီးခမျာမှာတော့ ဘုမသိဘမသိနဲ့ ရောက်မှသိမယ် ဖြစ်သွားရပါလေရောလား။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# ကပ်လိုက်နိုင်သည်၊ မပုပါ

"မနီလာ. ."

". . . . . . . . . . . ."

"မနီလာ. ."

". . . . . . . . . . . ."

"မနီလာ နားလေးလားဟင်"

"ဘာပြောတာလဲ. .။ ပုသွားချင်လို့လား"

နီလာက ရဲခေါင်ကို လှမ်းဟောက်တယ်။ ရဲခေါင်မဲပြောင်က မနီလာနောက်ကနေ ကပ်လိုက်လာပြီး ခေါ်နေတာ။ နီလာကြားတယ်။ မထူးဘူး။

ထူးစရာလား. .။ သူနဲ့ကိုယ်နဲ့က ဘာမှမဟုတ်သေးဘူးရယ်။ ဟုတ်ရင်တော့လည်း တစ်မျိုးပေါ့။

"ကျွန်တော်ခေါ်နေတာ မနီလာမကြားတော့ နားများလေး. . လေး. . အဲ. . အဲ. ."

ရဲခေါင်မဲပြောင် ရှေ့မဆက်နိုင်ဘူး။ လူရော၊ ပါးစပ်ပါ ရှေ့မဆက်နိုင်တာ။ နီလာက ဆတ်ဆိုလှည့်ပြီး ခါးထောက်ရပ်ကြည့်နေလို့။

"အဟီး. . မနီလာ နေကောင်းတယ်နော်"

ရဲခေါင်မဲပြောင်က မျက်နှာချိုသွေးလိုက်တယ်။ နီလာကတော့ တင်းတင်းပဲ။

"မင်း ဘာ့ကြောင့် တို့နောက်ကို လိုက်နေတာလဲ"





"မဂ္ဂဇင်းထဲက စာကြောင့်"

"ဘာလဲ. .။ ကပ်လိုက်နိုင်သည်၊ မပုပါဆိုတဲ့ ပြင်ဆင်ချက်စာလား"

"ဟုတ်. ."

"ဒါကြောင့် လိုက်တာပေါ့"

"ဟုတ်. ."

"လိုက်ရတဲ့ အကြောင်းရင်းက. ."

"မနီလာက လှလို့"

"လှတိုင်း လိုက်စရာလား။ ဒါဆို မင်း ရန်ကုန်တစ်မြို့လုံး ပတ်လိုက်နေမှာပေါ့"

"ဟုတ်. . အဲ. . မဟုတ်. . ကျွန်တော်လိုက်တာ မနီလာ တစ်ယောက်တည်းပါ"

"ဘာကြောင့် လိုက်လဲ"

"ချစ်လို့"

"ဘာကြောင့်. . ချစ်"

"လှလို့ ချစ်. ."

"လှတိုင်း ချစ်လား"

"ဟုတ်. . အဲ. . မဟုတ်"

"မှတ်ပုံတင်ပါလား"

"ပါပါတယ်"

"ပါရင် ပြ"

ရဲခေါင်မဲပြောင်က အူကြောင်ကြောင်နဲ့ မှတ်ပုံတင်ကို ထုတ်ပြတယ်။

"ပြန်ထည့်ထား"

"ဗျာ"

"ပြန်ထည့်ထားခိုင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လည်း မကြည့်ဘူး"

"ကြည့်ဖို့ မလိုဘူး။ မှတ်ပုံတင်ပါရင် လိုက်လို့ရပြီ"

"တကယ်. ."

"တကယ်. . ။ ကပ်လိုက်နိုင်တယ်။ အိမ်ဝထိ လိုက်နိုင်တယ်။ မပုစေရဘူး။ ခြေပဲတိုစေမယ်"

"တိုပါစေ. . တိုပါစေ. ."

ရဲခေါင်မဲပြောင်တို့ ခွေးအမဲရိုးရသလို ဖြစ်နေတယ်။ နီလာက ဆက်ပြောတယ်။ စည်းကမ်းချက်တွေ များမှများ။

"ကပ်လိုက်ခွင့်ရပေမယ့် မဖွယ်မရာစကား မပြောရဘူး။ ကား စီးရင် ကားခပေးရမယ်"

"ဗျာ. . အဲဒါ မပါဘူးလေ"

"ပါတယ်။ မလိုက်ချင် ပြန်"

"ပြန်ဘူး. . ။ လိုက်မယ်. . ။ ကက မစီးကြေးနော်"

"အောက်ဆိုက်ကားတော့ စီးချင်စီးမှာ"

ရဲခေါင်မဲပြောင် စိတ်နဲ့တွက်ကြည့်တယ်။ လက်ချိုးတွက် တယ်။

"တစ်ရာ. . ၊ နှစ်ယောက်မှ နှစ်ရာ. . ။ ဖြစ်တယ်"

"ဖြစ်ရင် လိုက်ခဲ့တော့။ ကပ်လိုက်ပေမယ့် လက်ကို သတိဆွဲ သလို ကပ်ထားရမယ်။ အသားလာမထိရဘူး"

"ထိခဲ့ရင်. ."

"ထိရင် ဝမ်းနိုင်းနိုင်း"

"မတော်တဆ ထိခဲ့ရင်. ."

"ဇီးရိုးဖိုက်ဖိုက်"

"အဲဒါက ဘယ်ဖုန်းလဲ"

"မသိဘူး"

"မသိဘဲနဲ့များ ဖြံခြောက်တယ်"





"ကြောက်မလားလို့. . ။ ကဲ. . လာသွားမယ်"

နီလာက ရှေ့က ကြော့ကြော့လေးသွားတော့ ရဲခေါင်မဲပြောင် လည်း ကော့တော့ကော့တော့နဲ့ လိုက်သွားတော့တာ။

"ဆွဲခြင်းကူဆွဲခဲ့ရမလား"

"မလိုဘူး. . ။ ပါးစပ်ပိတ်လိုက်"

"အန်. ."

"အန်ချင် ဝေးဝေးသွားအန်"

ဘာပဲဖြစ်ဖြစ် အခုလိုကပ်လိုက်ခွင့်ရတာကိုပဲ ရဲခေါင်မဲပြောင် ပျော်နေတာ။

အစက ရိုးရိုး၊ နောက်တော့ တစ်မျိုးတိုး၊ ကြာရင် နှစ်မျိုး. . သုံးမျိုး. . လေးငါးမျိုးတိုး. . ဟိုး. . ဟိုး. . ပျော်စရာ. . ။

'အိုရချည်သေးရဲ့'

နာရမှာ၊ သေရမှာတော့ မတွေးမိဘူးရယ်။

နီလာက ဘတ်စ်ကားမစီးဘူး။ အောက်ဆိုက်ကားစီးတာ။ ခေါင်းခန်းကစီးတော့ နှစ်ရာတဲ့။ လေးရာကြီးတောင် အထွက်ပြသွား လို့ ရဲခေါင်မဲပြောင် မဲ့ရွံ့နေတယ်။ မတတ်နိုင်ဘူး. . ။ ရင်းရမှာပဲ။ အရင်းမစိုက်ရင် အမြတ်မထွက်နိုင်ဘူးလေ။

ရဲခေါင်မဲပြောင်က တကယ်သတ္တိရှိတာ။ နီလာတို့အိမ်ရှေ့ထိ လိုက်လာတာ။ အမယ်. . သူ့အဆက်ကို လိုက်ပို့သလိုပါပဲ။

"ဒီအိမ်လား. . ။ သွားတော့နော်. . ။ ကိုယ်ပြန်မယ်"

ကိုယ်ပဲပြန်ပြီး ခေါင်းတော့ချန်ထားခဲ့ချင်ပုံပဲ။ တော်တောတောင် လုပ်နေသေးတာ။

နီလာကတော့ ခပ်တည်တည် အေးဆေးပဲ။ အိမ်ထဲကထွက် လာတဲ့ ရီမာက ရဲခေါင်မဲပြောင်ကို မြင်သွားတယ်။

ရဲခေါင်တို့ သူသိတာပေါ့။ ကျောင်းအတူတက်လာကြတဲ့ဘာ ကိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . နင် ရဲခေါင်မဟုတ်လား"

"ဟုတ်တယ်. .။ နင် ရီမာမို့လား"

"အေး. ."

"အအေးမတိုက်ပါနဲ့တော့။ ပြန်တော့မှာ. .။ ဟိုအစ်မကို လိုက်ပို့တာ။ အဲဒါ နင့်အစ်မလား"

"ဟုတ်တယ်. .။ ဘယ်တုန်းက သိတာလဲ"

"ခုပဲဟ"

"ဘယ်လို. ."

"ဩော်. . သိတာကြာပြီ။ ဒါပေမဲ့ သူက‌တော့ မသိဘူး။ ငါက တစ်ဖက်သတ်သိနေတာ။ ငါ ချစ်လို့ဆိုပါတော့"

"အဲဒါကို နင်က ဒီအထိလိုက်လာတယ်"

"ဟီး. . ဒါကတော့ သူ့ခွင့်ပြုလို့"

"ဘာ. . အစ်မက လိုက်ခွင့်ပြုလို့. .။ ဘာတွေလဲဟာ. .။ ရှုပ်နေတာပဲ"

"နင်မသိသေးလို့ပါ. .။ မဂ္ဂဇင်းဟာ. . မဂ္ဂဇင်းထဲက စာကြောင့်. ."

"ငါ့ကို ရှင်းအောင်ပြောစမ်း။ လာ. . အိမ်ထဲဝင်ဦး"

ရဲခေါင်မဲပြောင်တို့ နှစ်ခါမခေါ်ရဘူး။ စွတ်ခနဲပဲ။

ရဲခေါင်မဲပြောင်ကို ရီမာခေါ်လာတာ နီလာမြင်တယ်။ ဒါပေမဲ့ အေးဆေးပဲ။ ဘာမှမသိသလို နေလိုက်တယ်။

သိတယ်မို့လား. .။ ကိုယ်က အစ်မအကြီးဆုံးပဲလေ။ နဂိုကတည်းက မှင်အိုးလိုက် ဆောင်ထားတာပဲ။ မှင်တော့ လျှော့လို့မဖြစ်ဘူးရယ်။ မှင်လျှော့သွားရင်လည်း ပြန်ဖြည့်ထားရမှာပဲ။

အံမယ်. .

ရီမာက ကျေးဇူးရှင်ကို ကော်ဖီတွေဘာတွေတိုက်လို့. .။

နောက်ပြီး တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေကြတယ် မသိ။





သူ့ကိုလည်း ကွက်ကြည့်ကွက်ကြည့် လုပ်ကြသေးတာ။

"ရီမာ ဘာတွေခွင့်ရိုက်နေပါလိမ့်"

တွေးရင်း မျက်နှာကို တင်းထားလိုက်တယ်။

ရီမာကတော့ ပြောလို့ကို မဆုံးဘူး။ တိုးတိုးလေးဆိုတော့ ဘာတွေမှန်းတော့ မသိရ။ သူ့အကြောင်းဖြစ်ဖို့များတယ်လို့တော့ နီလာတွေးမိတယ်။

ရီမာပြောသမျှ သူက ခေါင်းတညိတ်ညိတ်၊ တစ်ခါတစ်ခါ ပြုံးလို့။ မျက်နှာက မှိုဆွတ်မယ့် မျက်နှာမျိုး။

သိပ်မကြာဘူး. .။

နောက်ထပ် ဧည့်သည်တစ်ယောက် ရောက်လာတယ်။ ကိုတိုးလေ။

"ရီမာ. . အန်တီရော။ ဟ. . မဲပြောင်. . မင်းဒီရောက်နေတယ်။ ဘယ်လိုရောက်. ."

ရဲခေါင်က ကိုတိုးကို မျက်စိမှိတ်ပြ၊ လက်ကာပြတယ်။ တိတ်တိတ်နေပေါ့။

ကိုတိုး တိတ်လို့မရဘူး။ ရမလား။ ရီမာနဲ့ ဒီကောင် အတူထိုင်နေတာ ကြည့်မရဘူးရယ်။

"ရီမာ. . အန်တီရော။ ဟော့ကောင်. . ဟိုဘက်တိုး"

ဆိုပြီး ကြားထဲဝင်ထိုင်တယ်။

"မေမေနဲ့ မမကြည်ပြာ အပြင်သွားနေကြတယ်။ ဖေဖေပြန်မရောက်သေးဘူး။ မမနီလာ အခုပဲ အခန်းထဲဝင်သွားတယ်။ ထမင်းချက် ဒေါ်ပုဏ နောက်ဖေးမှာ။ ကဲ. . ဘာသိချင်သေးလဲ"

ရီမာက ဆက်တိုက်ဖြေလိုက်တာ။ သိနေတယ်လေ. .။ မမေးခင် ဖြေထားမှ။

"ဒီကောင် ဘယ်လို ဒီရောက်. ."

ရီမာ မဖြေခင် ရဲခေါင်က ခပ်အုပ်အုပ်ဖြေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကပ်လိုက်လာတာကွ"

"ဘာကပ်လိုက်လာတာလဲ"

"နီလာ့နောက်က ကပ်လိုက်လာတာလေ"

"ဩော်. . အေး. . အေး. . သိပြီ။ ဒီအိမ်ထဲထိ လိုက်ရလား။ မျက်နှာပြောင်ကြီးနဲ့. ."

"ခြံဝတင် လိုက်တာပါကွာ။ ရီမာထွက်ခေါ်လို့"

"ဩော်. . အေး. . အေး. . မင်းကပ်လိုက်တဲ့ကိစ္စ ပြီးပြီမို့လား။ ပြန်တော့"

ကိုတိုးက အိမ်ရှင်မနှင်ဘဲ သူက ဖွတ်နှင်နေတယ်။ ရီမာ့နား ကပ်တာ မကြိုက်ဘူးရယ်။ သူလည်း မကပ်ဘူးရယ်။ ဘာကြီးမှန်း မသိ။

"ကဲ. . ကိုယ်ပြန်မယ်"

"ဟော့ကောင်. . ကိုယ်ရော၊ ခေါင်းရော ပြန်"

ကိုတိုးစကားကြောင့် ရဲခေါင်မဲပြောင် ပြုံးတယ်။

ကိုတိုးကိုလည်း စေ့စေ့ကြည့်တယ်။

ရီမာ့ကိုလည်း စေ့စေ့ကြည့်တယ်။

ရီမာ ရှက်လို့. . ။

နှင်းဆီရောင်ပါးပြင်လေးက ပန်းနုရောင် သမ်းနေပြီ။

ခေါင်းလေးငုံ့လို့. . ။

ရဲခေါင်မဲပြောင်က. .

"ကိုတိုး. . ငါသွားပြီ"ဆိုပြီး နှုတ်ဆက်တယ်။ ကိုတိုးကလည်း ရှုတည်တည်ပဲ။

"သွား. . "တဲ့။

ရဲခေါင်မဲပြောင် ပခုံးလေးတွန့်လိုက်ပြီးမှ ထွက်သွားတာများ အလွတ်စုံထောက်တင်မောင်ဆွေစတိုင်ပဲ။ တကယ်. . ။

❖❖❖



# ချစ်သူရွေးမယ် ချစ်ဝဲလည်

ကိုတိုးရယ်. .

ချစ်ဦးဖြူရယ်. .

ရဲခေါင်မဲပြောင်ရယ်. .

သုံးဦးသား ခေါင်းချင်းဆိုင်နေကြတယ်။ ဘီယာဆိုင်မှာတော့ မဟုတ်ဘူးရယ်။ ကော်ဖီဆိုင်မှာ ထိုင်ကြတာ။ ဒါတောင် ဒကာက ဘယ်သူမှန်း မသိသေးဘူး။

ကော်ဖီသောက်ရင်း သူတို့ဆွေးနွေးနေကြတာ နှလုံးသားရေးရာကိစ္စပဲ။

သုံးယောက်လုံးမှာက နှလုံးရှိတယ်။ ခံစားချက် ကိုယ်စီရှိတယ်။

သူတို့ရဲ့ခံစားချက်တွေက နီလာ၊ ကြည်ပြာ၊ ရီမာဆိုတဲ့ သိပ်လှတဲ့ ညီမသုံးဖော်နဲ့ ပတ်သက်နေတယ်။

ညီမသုံးယောက်ကလည်း တစ်ယောက်တစ်မျိုးလှတာ။

သုံးယောက်ဆိုတော့ သုံးမျိုးလှတာပေါ့။ အဲဒီထဲမှာ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးလို့ ပြောရခက်တယ်။

ရဲခေါင်မဲပြောင်က ပြောတော့ နီလာအလှဆုံးတဲ့။

ချစ်ဦးဖြူကတော့ ကြည်ပြာအလှဆုံးတဲ့။

ကိုတိုးကတော့ ထူးတယ်။

သုံးယောက်လုံး လှတယ်ပဲ ပြောနေတယ်။

"ဘယ်သူပိုလှလဲ"

လို့ မေးတော့လည်း မဖြေဘူး။ သုံးယောက်လုံး လှတယ်ပဲ။

နီလာက ဆံပင်အရှည်ကြီးနဲ့။ နက်မှောင်တဲ့ ဆံကေသာက ဒူးလောက်ထိ ရှည်တာ။ အရပ်လည်း နည်းနည်းမြင့်တယ်။ မျက်ခုံး ကောင်းတယ်။ နှာတံပေါ်တယ်။ ရင်မောက်တယ်။ တင်မကောက် ဘူးရယ်။ အဝေးကကြည့်ရင် ရုပ်ရှင်မင်းသမီးမေသန်းနုလားပဲ။

ကြည်ပြာလား. . ။

ကြည်ပြာက ဆံပင်သိပ်မရှည်လှဘူး။ ခါးလောက်ထိပဲ။ ကိုယ်ဟန်က ကြော့တယ်။ မျက်နှာလေးက မော့နေတယ်။ မျက်တောင်ကော့ကြီးနဲ့။

ညို့အားပြင်းတဲ့ မျက်လုံးပိုင်ရှင်လို့ ဆိုရမယ်။ ဆွဲဆောင်အား သိပ်ကောင်းတဲ့ မျက်လုံးမျိုးလေး။

ကြည်ပြာစိုက်ကြည့်လိုက်ရင် ပုရိသယောကျ်ားတွေ အားလုံး ကြွေသွားမယ်။ ငေးသွားမယ်။ ဆွေးသွားမယ်။ ပြုံးလိုက်ရင်တော့ မူးလဲပြီသာမှတ်တော့။

မူးချင်တဲ့ ယောကျ်ားတော့ အကိုက်ပဲ။ ဆိုင်သွားသောက်စရာ မလိုဘူး။ ကြည်ပြာကိုသာ ထိုင်ကြည့်ပြီး ပြုံးခိုင်းလိုက်။

သေချာတယ်။ တစ်ခုခုပဲ. . ။

မူးပဲလဲမလား၊ ပုဒ်မ ၃၆၇ နဲ့အချုပ်ထဲရောက်မလား. . ။ တစ်ခုခုပဲ။

အဲ. . နောက်ဆုံးပိတ် အိတ်နဲ့လွယ်တာကတော့ ရီမာပဲ။





ရီမာရဲ့အလှက တစ်မျိုး။

ကြွေရုပ်လေးလိုပါပဲ။ ထိလိုက်ရင် ကွဲမယ့်ပုံမျိုး။ ပါးကွဲမှာရယ်. . ။

သူကတော့ ဆံပင်တိုတယ်။ ပခုံးလောက်ထိပဲ ညှပ်ထားတာ။

နှုတ်ခမ်းက ပန်းနုရောင်လေး။ လမ်းသွားရင် ရွရွလေး. . ။

တစ်ခုခုကိုကိုင်ရင် မထိချင်သလို၊ မကိုင်ချင်သလိုနဲ့။

ပန်းကန်ဆေးခိုင်းရင် လွတ်ကျကွဲလွန်းလို့ ဘယ်တော့မှမခိုင်းကြတော့ဘူးရယ်။

တစ်ခါက သူ့အဖေက ကျောယားလို့ဆိုပြီး ခေါ်ကုတ်ခိုင်းတယ်။ ယားလွန်းလို့ စွပ်ကျယ်အကျႌလှန်ပေးထားတဲ့ သူ့အဖေကို လုပ်ပေးနေတာများ ရွရွလေး။

"တောက်. . ယားလွန်းလို့ ကုတ်ခိုင်းပါတယ်။ တရွရွနဲ့ ပုရွက်ဆိတ်လမ်းလျှောက်သလို လုပ်နေတယ်။ ပိုယားသွားပြီ။ သွားတော့။ ထကန်မိမယ်"

ဆိုပြီး သူ့အဖေထကန်မယ်လုပ်လို့ ပြေးရော။ အယားမပြေဘဲ ပိုအယားတိုးသွားတဲ့ ဦးမိုးကြယ်က အလတ်မကို လှမ်းခေါ်တယ်။

"ကြည်ပြာ. . လာကုတ်စမ်း"

ကြည်ပြာထွက်လာတယ်။ ခုန အငယ်မရွရွလုပ်လို့ ဆူခံထိတာ ကြားတယ်။ သူကတော့ ဒီလိုမဖြစ်စေရဘူးဆိုပြီး တွယ်ထည့်လိုက်တာများ။

ဦးမိုးကြယ် ကျောကော့ကော့သွားတယ်။ သူ့လက်သည်းရှည်ကြီးနဲ့ ဆွဲချလိုက်တာများ ဗျင်းခနဲဆို အနီစင်းကြီးထင်လို့။

"တောက်. . ကန်းတာမ။ ငါ့ကို လုပ်ကြံနေတယ်။ သွား. . သွား. . အကြီးမလွှတ်လိုက်"

နီလာ့အလှည့် ရောက်လာတယ်။ နီလာက နပ်တယ်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေကျေနပ်အောင် ကုတ်ပေးနိုင်တယ်။

ဒါနဲ့ တစ်ထိုင်တည်းမှာ အရောင်းအဝယ်ဖြစ်သွားကြသေးတာ။ နီလာက အလကားမကုတ်ပေးနိုင်ဘူးဆိုလို့ ဦးမိုးကြယ်က ကုတ်ခတစ်ရာကို ငွေတစ်ရာနဲ့ ဈေးပေးလိုက်လို့ ဈေးတည့်သွားကြတယ်။ အဲဒီနေ့က နီလာ နှစ်ရာ့ငါးဆယ်ပဲကုတ်ပြီး သုံးရာထုတ်သွားတယ်။

ဈေးထဲမှာမှ အလေးခိုးတာ မဟုတ်ဘူး။ သူတို့အိမ်မှာလည်း အကုတ်ခိုးကြတာပဲ။

အဲဒီလိုအကုတ်တော်ကြတဲ့ ညီမသုံးယောက်အတွက် ကော်ဖီဆိုင်မှာ ကိုတိုးတို့သူငယ်ချင်းသုံးယောက် ဆွေးနွေးပွဲလုပ်နေကြတာ။

"ငါက နီလာ့ကို ချစ်တယ်"

"ငါကတော့ ကြည်ပြာဆိုတော့ ရီမာပဲကျန်တာကွ။ မင်း ရီမာ့ကိုပဲ ချစ်ရမယ်"

ရဲခေါင်နဲ့ ချစ်ဦးဖြူတို့က အပိုင်ပြောပေမယ့် ကိုတိုးက ခေါင်းခါတယ်။

"ငါဘယ်သူ့ကိုမှ မချစ်သေးဘူး။ ရီမာ့ကို ကျောင်းနေဖက်မို့ ပိုပြီးသံယောဇဉ်ရှိတာတော့ မှန်ကယ်။ ချစ်ဖို့တော့ မသေချာသေးဘူး"

"မင်းဟာက ဘာလဲကွာ"

"အေး. . ငါ့ကိုယ်ငါလည်း ဘာမှန်းမသိသေးဘူး"

"မသိလို့ မဖြစ်သေးဘူးလေ။ မင်းသိလိုက်တော့. . ။ ရီမာ့ကိုပဲ ချစ်လိုက်တော့။ ကျန်တဲ့ သူ့အစ်မတွေကို မင်းချစ်လို့မှ မရတော့ပဲ"

"ဘာလို့ မရရမှာလဲ"

"ငါတို့ချစ်သူတွေ ဖြစ်နေလို့ပေါ့ကွ"

"ဘာ. . မင်းတို့ချစ်သူတွေ. . ရယ်ရတယ်ကွာ. . ။ သူတို့က မင်းတို့ကို ချစ်တဲ့ပြန်ပြီလား"





"ဟင့်အင်း. . တို့ ဘာမှတောင် မပြောရသေးဘူး"

"ငါလည်း ထောက်ခံစာမစုံလို့ လျှောက်လွှာတောင်မတင်ရသေးဘူးကွ"

"ဒါနဲ့များကွာ. ."

ကိုတိုးက မဲ့ပြုံးလေးနဲ့ ရယ်သလိုကြည့်လို့ပြောတော့ ရဲခေါင်တို့၊ ချစ်ဦးဖြူတို့ ခံရခက်နေကြလေရဲ့။

ပြောမယ်ဆိုလည်း ပြောချင်စရာပဲ။

သူတို့ဘက်ကသာ သေချာတာ။ ဟိုဘက်က ဘာမှမရေရာသေးဘူး။

ခက်တာက ကိုတိုးပဲ။

ကိုတိုးက နီလာလည်း ဟုတ်သလို၊ မဟုတ်သလို။

ကြည်ပြာလည်း မဟုတ်သလို၊ ဟုတ်သလို။

ရီမာနဲ့လည်း ဘာထူးလဲ။ ဘာမှ မလှုပ်ရှားသေးဘူး။

ဟုတ်နိုးနိုး. . မဟုတ်နိုးနိုးပဲ။

ချစ်ဦးဖြူနဲ့ ရဲခေါင်တို့လည်း အဲဒါကိုပဲ အစာမကြေတာ။ ကိုတိုးဆိုတဲ့ကောင်က သုံးယောက်လုံးနဲ့ဖြစ်ချင်နေသလားလို့တောင် တွေးမိသေးတာ။

"ဒီကောင် ငါးရံ့သုံးကောင်ဖမ်းချင်နေသလား မသိဘူး"

လို့လည်း တွေးကြသေးတာ။ ရဲခေါင်မဲပြောင်က ပိုနက်ရှိုင်းစွာ တွေးသေးတာ။

"ငါးရံ့သုံးကောင်ဖမ်းပြီး တစ်ကောင်ကြော်၊ တစ်ကောင်ချက်ပြီး တစ်ကောင်ငါးရံ့ခြောက်လုပ်ချင်သလားမှ မသိတာ။ ဒီကောင့်လက်ထဲသာ သုံးယောက်လုံးရောက်သွားလိုကတော့ ငါ့နီလာခမျာ ငါးရံ့ခြောက်ဖြစ်ဦးတော့မှာ"

"မင်းတို့ ဘာတွေတွေးနေကြတယ်ဆိုတာ ငါသိပါတယ်ကွာ"

ကိုတိုးက တိုးတိုးလေးပြောလိုက်တာ။ ရဲခေါင်တို့ ဖျားသွား

www.burmeseclassic.com



တယ်။ ဒီကောင်အကြားအမြင်ရသလား တွေးရပြန်ရော။

"တို့က ဘာတွေးလို့လဲ"

ချစ်ဦးဖြူက သွေးတိုးစမ်းတာ။

"တို့တွေးတာ မင်းသိလို့လား"

ရဲခေါင်မဲပြောင်က သွေးပေါင်ချိန်တာ။

"ဟင်း . . ဟင်း . . မင်းတို့က ငါ ညီမသုံးယောက်လုံးအပေါ် ယိုင်နေတယ်လို့ ထင်နေကြတာ မဟုတ်လား"

တည့်တည့်ကြီးပြောတော့ မှန်လည်းနေတော့ ဟိုကောင်တွေ ငြင်းမရဘူး။ ဝန်ခံကြရတယ်။

"ဟုတ်တယ် . . ။ တို့ အဲဒီလိုပဲ တွေးမိတယ်"

"မင်းတို့တွေးတာ မှားတယ်"

"ဘာရယ် . ."

"မင်းတို့က ငါ့ကို ညီမသုံးယောက်လုံးအပေါ် ယိုင်နေတယ်လို့ တွေးကြတာမို့လား"

"အေးလေ . ."

"မှားတယ် . . လုံးဝမယိုင်ဘူး"

"တကယ် . ."

"တကယ်မယိုင်ဘူး။ ပြိုလဲနေတာ။ အချစ်သစ်ပင်ကြီးတစ်ပင်လုံး အမြစ်ကနေကျွတ်ပြီး ပြိုလဲနေတာ။ ညီမသုံးယောက်လုံးပေါ် ပိနေတာ။ ရှင်းပြီလား . ."

ချစ်ဦးဖြူ မျက်လုံးပြူးနေပြီ။ ရဲခေါင်မဲပြောင်လည်း အတူတူပဲ။

"မင်းမတရားမလုပ်ပါနဲ့။ နှစ်သက်ရာကိုရွေးပြီး ကျန်တဲ့နှစ်ယောက်ကို ရှင်သန်ခွင့်ပေးလိုက်ပါ"

"ဟုတ်တယ်။ ပြိုလဲနေတဲ့ မင်းရဲ့လောဘချစ်သစ်ပင်အောက်က သနားစရာ လှကညာပဂေးနှစ်ယောက်ကိုတော့ ငါတို့ ညစာကျွေးခွင့် ပြုသင့်တယ်။ ကျန်တဲ့တစ်ယောက်တော့ မင်းသဘော"





"ငါ့သဘောကတော့ သရီးအင်ဝမ်းပဲ။ မင်းတို့ဝင်မပါနဲ့တော့"

"မပါလို့ ရမလားကွ။ မင်း ဘယ်ရာဇဝင်မှာမှ မရှိတဲ့ လောဘကုမ္ဘာရမင်းသား မလုပ်နဲ့။ မင်းရဲ့သစ်ပင်အောက်က နှစ်ယောက်ကိုတော့ တို့ ရတဲ့နည်းနဲ့ ဆွဲထုတ်ရမှာပဲ"

"ဟုတ်တယ် . ။ မင်းရဲ့အချစ်သစ်ပင်ကြီးကို ဖယ်ရှားဖို့ စည်ပင်သာယာကို ငါဖုန်းဆက်မယ်"

"အေး . . ငါလည်း ဝမ်းနိုင်းနိုင်းနဲ့ အမျိုးသမီးရေးရာကို တိုင်မယ်"

စားမာန်ခုတ်နေကြတာ . . စားမာန်ခုတ်နေကြတာ။ ဟိုနှစ်ယောက် စားမာန်ခုတ်ပေမယ့် ကိုတိုးကတော့ အေးဆေးပဲ။ သူက စင်ပေါ်ကမဟုတ်လား။

ဂနာမငြိမ်တဲ့ သူငယ်ချင်းနှစ်ယောက်ကို ကြည့်ပြီး ပြုံးနေတယ်။

တကယ်တော့ သူလား သုံးယောက်လုံးတတ်နိုင်မှာ။ အလုပ်က မရှိ။ ကုန်ဈေးနှုန်းက ကြီးပါဘိ။ နိုင်ငံတကာမှာကိုက အကုန်ဈေးတွေမြင့်နေတာကိုး။ ဟုတ်ပါ့ . . ။ ကုန်တိုက်ကြီးတွေက အထပ်မြင့်မြင့် ဖွင့်ထားကြတာကိုး။

ဝမ်းဆက်တစ်စုံ ငါးသောင်း။ ဒေါက်ဖိနပ်တစ်ရံ တစ်သောင်းခွဲ။ လက်ကိုင်အိတ်က နှစ်သောင်းခွဲ။

သူတွေးကြည့်တယ်။

'ညီမသုံးယောက်လုံးသာ ယူထားမိလို့က ငါ ခေါင်းတင်မကဘူး။ ရှိသမျှ ပြောင်မှာပဲ။ နားကလည်း ဘာညည်းလိမ့်မလဲ။ ဘာဝယ်ဝယ် သုံးယောက်စာဝယ်ရမယ်။ ဖိနပ်ဖိုးနဲ့တင် သေပြီဆရာပဲ။ ဒါပေမဲ့ ဟိုကောင်တွေ အထင်ကြီးအောင်တော့ အင်ထားဦးမှ'

အဲ့ဒီလိုတွေးရင်း ပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ သူ့ကိုကြည့်ပြီး ဟိုနှစ်ယောက် အသည်းယားနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာခေါင်းညိတ်နေတာလဲ"

"ဘယ်သူ့ရွေးရမလဲ တွေးနေတာ"

"ရီမာ့ ရွေးပေါ့ကွ"

"ဒီလိုတော့ မပြောနဲ့လေ။ သုံးယောက်လုံးကို ရွေးပိုင်ခွင့်ရှိနေတဲ့ ငါ့အနေနဲ့ တစ်ယောက်တည်းကိုပဲ ရွေးတော့မှာ။ ဖိနပ်ဖိုး မတတ်နိုင်လို့။ အဲဒီတစ်ယောက်ကတော့ ငါ့စိတ်ကြိုက် ရွေးပိုင်ခွင့်ရှိတယ်နော်"

"အဟီး. . ရီမာ့ရွေးလေကွာ။ သူ့ခြေထောက်က သေးတယ်။ ဖိနပ်သေးသေး ဝယ်ပေးရရင် မင်းဈေးသက်သာနိုင်တယ်"

"ဟုတ်တယ်ကွ။ ရီမာက ဆံပင်တိုတယ်။ ရှန်ပူဖိုး သက်သာနိုင်တယ်"

ချစ်ဦးဖြူနဲ့ ရဲခေါင်တို့ အပြိုင်အဆိုင် တိုက်တွန်းနေကြတာ

"အင်း. . မင်းတို့ပြောတာ ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ ကွာ. . ဒါက နှလုံးသားကိစ္စကွ။ ငါ့နှလုံးသားက ဘယ်သူ့ကို ချိန်ရွေးမလဲ မသိနိုင်သေးဘူး။ ကဲပေါ့ကွာ. ."

"မကဲပါနဲ့ကွာ. .။ နှလုံးနဲ့တော့ ချိန်မရွေးပါနဲ့ကွာ။ ခေါင်း. . ခေါင်းနဲ့ပဲ ရွေးကွာ။ မင်းနဲ့ဆို ရီမာနဲ့ လိုက်ပါတယ်"

ချစ်ဦးဖြူ သိပ်စိုးရိမ်နေတယ်။ ကြည်ပြာ့ကို သူသိပ်ချစ်နေမ တာ။ ကြည်ပြာ ကိုတိုးနောက်ပါသွားရင် သူရင်ကျိုး၊ တင်ကျိုး အကုန်ကျိုး တော့မှာလေ။

"အင်း. . ငါရွေးရခက်တယ်ကွာ"

ကိုတိုးက ညည်းလိုက်တာ။ ခေါင်းလည်း ခါတယ်။ ခေါင်းလည်း ညိတ်တယ်။ မျက်လုံးမှိတ်တယ်။ မျက်မှောင်ကြုတ်တယ် ဟိုနှစ်ယောက်က သူ့ကြည့်ပြီး မူးရီဝေနေပြီ။

"အကောင်းဆုံးကို စဉ်းစားနိုင်ဖို့ ငါဘာလုပ်ရင်ကောင်းမလဲ"

ကိုတိုးက ညည်းပြော ပြောတာ။





"မင်း ဘာလုပ်ချင်လဲ"

ချစ်ဦးဖြူက မေးတာ။

"ဘီယာစုပ်ပြီး စဉ်းစားရင် အဖြေထွက်မလားပဲ"

ချစ်ဦးဖြူရော၊ ရဲခေါင်ရော မဲ့သွားတယ်။ ဒါပေမဲ့ ချစ်ဦးဖြူက ချက်ချင်းပဲ ပြန်ပြောတယ်။

"ကောင်းတယ်. . သိပ်ကောင်းတယ်။ လာ. . အခုပဲသွားကြ ရအောင်။ မင်းကြိုက်သလောက်သောက်ပြီး အကောင်းဆုံးဖြစ် အောင် စဉ်းစားပေး"

ဒါနဲ့ ဘီယာဆိုင်ရောက်သွားကြပြန်ရော။ ဘီယာဆိုင်ရ တော့လည်း သုံးလေးခွက် ဆင့်သောက်ပြီး ဘာပြောတယ်မှတ်လဲ။

"နေဦးကွာ. .။ ခေါင်းထဲမှာ ရီဝေနေတယ်။ မျက်စိထဲမှာ သုံးယောက်လုံး မြင်နေတယ်။ သုံးယောက်လုံးက လှနေတယ် ဘယ်သူ့ရွေးရမှန်း မသိသေးဘူး။ ပြန်မယ်ကွာ". . တဲ့။

ကကြောင်းပြီး အိမ်လိုက်ပို့လိုက်ကြရတာပဲ အဖတ်တင်တယ်။

ကျေးဇူးရှင်က သုံးယောက်က မလျှော့သေးဘူးရယ်။

❖❖❖

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အချစ်ရောင်းဝယ်ရေး

လကြီးက ထိန်ထိန်သာနေတယ်။

လပြည့်ညရယ်ပဲ။

ရီမာတစ်ယောက် တိုက်ဝရန်တာမှာထွက်ပြီး လကြီးကို မော့ကြည့်နေတယ်။ ပါးစပ်ကလည်း တီးတိုးပြောနေလေရဲ့။

“လမင်းကြီးရယ်. . ရီမာ့ရင်ကို အေးမြှင့်ပေးပါ။ ရီမာ့ရင်မှာ မွန်းကျပ်နေသလိုပါပဲ။ ရီမာလေ. . မမတို့ကိုလည်း ချစ်တယ်။ သူ့ကိုလည်း ချစ်တယ်”

ရီမာ တကယ်ခံစားနေရတယ်။ သူတကယ်ပဲ ကိုတိုးကို ချစ်နေခဲ့တာ။ ကိုတိုးက တိုင်ပတ်နေလို့ ဟပ်ကော့ကြီးဖြစ်နေရတာလေ။

သည်ကြားထဲ သူ့အစ်မနှစ်ယောက်ကလည်း ကိုတိုးကို ကြွေသလိုလို၊ ကျသလိုလိုနဲ့။ ဘာလိုလိုတွေရယ်. . ။

ရီမာ့ခမျာ ရည်းစား အစ်မနှစ်ယောက်လု ဦးနှောက်ခြောက်ခဲ့တာ၊ အဲ. . အူနှောက်ခြောက်သလို ခံစားနေရတာ။





ခက်တာက ကိုတိုးပဲ။

ဘာကြီးမှန်းကို မသိတာ။ စကားပြောရင်လည်း မပြောချင်သလိုလို ဘာလိုလို။

ပြောရင်လည်း သဲသဲကွဲကွဲမကြားရ။ ညီမသုံးယောက်လုံးကိုလည်း ဟိုလူလိုလို၊ ဒီလူလိုလိုနဲ့။

သူ့ကြောင့် နောက်ကတန်းစီနေကြတဲ့ ချစ်ဦးဖြူနဲ့ ရဲခေါင်မဲပြောင်တို့လည်း ဟပ်ကော့ကြီးတွေဖြစ်လို့။

ရီမာ့ခမျာ မိန်းမသားတန်ပေမယ့် ရဲခေါင်မဲပြောင်ကို အချို့ အနေမှန်တွေ ဖွင့်ပြောပြီး အပေးအယူလုပ်ထားရသေးတာ

သူတို့နှစ်ဦးရဲ့ သဘောတူညီချက်အရ. .

ရဲခေါင်ကို မမနီလာနဲ့ အဆင်ပြေသွားအောင် ရီမာက ကူညီမယ်။

ဒီအတွက် ရဲခေါင်က အကျိုးဆောင်ခအဖြစ် တစ်ပတ်ကို နေကြာစေ့ငါးထုပ်နဲ့ ချောကလက်တစ်ထုပ် လက်ဆောင်ပေးရမယ်။

အခုဆို ရဲခေါင်ဆီက ပထမအရစ်အဖြစ် နေကြာစေ့ငါးထုပ်နဲ့ ချောကလက် ရထားပြီးပြီ။

သူ့အစ်မနှစ်ယောက်လုံးကိုလည်း ခွဲဝေပေးပြီးပြီ။

ရီမာ့စီမံကိန်းက ငါးကြင်းဆီနဲ့ ငါးကြင်းကြော်မယ်ပေါ့။ ရတဲ့ လက်ဆောင်တွေနဲ့ အစ်မတွေကို လာဘ်ထိုးမယ်။ သူတို့တစ်တွေနဲ့ ငြိအောင် ညှိပေးမယ်။

သူတို့ ငြိသွားရင် ရီမာ့အတွက် ပြိုင်ဘက်မရှိတော့ဘူးပေါ့။ ဒါဆို ကိုတိုးကို သူတစ်ယောက်တည်း ချစ်လို့ရပြီ။

ကဲ. . မပိုင်လား။

ဒါက ရီမာ့အကြံ၊ ရီမာ့အတွေး. . ။

လက်တွေ့မှာတော့ နေကြာစေ့ငါးထုပ်နဲ့ ချောကလက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်သာ ကုန်သွားတယ်။ ဘာမှ မထူးဘူး။

ကိုတိုးမှ အိမ်မလာနဲ့။ နှစ်ယောက်လုံး ပျာနေတာပဲ။ ရီမာတောင် ပျာစရာမရှိလို့ မီးဖိုထဲပြေးကြည့်တာတောင် ကံမကောင်းဘူး။ လျှပ်စစ်မီးဖိုသုံးတာ ပြာက ရှိမလား။

အခု ရီမာ လမင်းကြီးကိုကြည့်ပြီး အကြံထုတ်နေတာလေ။

လမင်းကြီးကို မော့ကြည့်ရင်း ရီမာပြောပြန်တယ်။

"လမင်းကြီးရယ်. . အချစ်ဆိုတာ ဒီလိုပဲ ပူလောင်သတဲ့လား။ အချစ်ရဲ့ အေးမြခြင်း၊ ချိုမြိန်ခြင်းဆိုတာ ဘာလဲ. . ။ လမင်းကြီးလည်း ငယ်ရာက ကြီးလာတာပဲ။ ချစ်ဖူးမှာပေါ့။ ပြော. ."

ရီမာ သက်သက် လမင်းကြီးကို ပြဿနာသွားရှာနေတာ။ လမင်းကြီးက ဘာမှ ငယ်ရာက မကြီးဘူး။ နဂိုကတည်းက ဒီအရွယ်ပဲဟာ။

လမင်းကြီးကို ငေးကြည့်ပြီး တွတ်ထိုးနေတဲ့ ရီမာ့နောက်ကို နီလာနဲ့ကြည်ပြာ ရောက်လာကြတယ်။

ရီမာက မသိသေးဘူး။ လမင်းကြီးကိုပဲ မော့ကြည့်လို့။

အစ်မနှစ်ယောက်ကလည်း ရီမာဘာတွေပြောမလဲလို့ ငြိမ်နားထောင်နေကြတယ်။

ပြောပြန်ပြီ. . ။ ရီမာက လမင်းကြီးကို တမ်းတမ်းတတနဲ့ ပြောနေ ပြန်ပြီ။

"ပြောလေ လမင်းကြီးရယ်။ အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိဘူးတဲ့။ အဲဒါ ဟုတ်သလား။ ဟုတ်ရင်. . ဟုတ်တယ်ဆို. . ရီမာ ဘာလုပ်သင့်သလဲ. . ။ ပြိုင်ဘက်မှန်သမျှကို မျိုးဖြုတ်ပစ်ရမလား"

ရီမာ့စကားကြောင့် အစ်မနှစ်ယောက် မျက်လုံးတွေပြူးကုန်ကြတယ်။ ရီမာက ဆက်ပြောသေးတာ။

"ပြိုင်ဘက်တွေကို ငရုတ်ဆုံထဲ ထည့်ထောင်းပစ်ရမလား၊





ဓားနဲ့ နုပ်နုပ်စဉ်းပစ်ရမလား. . ပြော"

နီလာနဲ့ကြည်ပြာ တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ပြီး တုန်နေကြပြီ။ အချစ်အတွက် ရီမာ သူတို့အပေါ် ရက်စက်တော့မှာလားလို့ တွေးမိတယ်။

"လမင်းကြီးရယ်. . အဲဒီအလုပ်တွေ ရီမာမလုပ်ရဲဘူး။ အဲဒီလောက် သတ္တိမရှိဘူး။ လမင်းကြီးပဲ ဆင်းလာပြီး ပြေလည်အောင် လုပ်ပေးနော်. . နော်. . ။ လမင်းကြီးရဲ့ကျေးဇူး မမေ့ပါဘူး"

ရီမာ့ရဲ့ အဆုံးသတ်စကားကြားမှပဲ နီလာနဲ့ကြည်ပြာ ဟင်းချနိုင်တော့တယ်။ ရီမာ့ကို အသာလေး အသံပြုလိုက်တယ်။

"ရီမာ. . ညီမလေး. . မအိပ်သေးဘူးလား။ ဘာလုပ်နေလဲကွယ်"

နီလာ့အသံက သိပ်ချိုနေတယ်။ ငရုတ်ဆုံကြောက်လို့နေမှာ။ ကြည်ပြာလည်း ဘာထူးလဲ။ လေသံလေးက ပျော့ပျောင်းလို့။

"ညီမလေးရီမာ. . ညနက်ပြီ. အိပ်စို့နော်။ မမပုံပြောပြမယ်နော်"

အမယ်လေး ချိုသာနေတာ။ ဓားနဲ့ နုပ်နုပ်စဉ်းခံရမှာ ကြောက်လို့. . ။

အစ်မနှစ်ယောက်လုံး ရီမာ့ကို ကြင်နာစွာနဲ့ပဲ အိပ်ရာထဲ ချော့ခေါ်ခဲ့ကြတယ်။ ယပ်ခတ်ပေးတဲ့သူနဲ့၊ ဆံပင်သိမ်းပေးသပ်ပေးတဲ့သူနဲ့. . ။

အစ်မနှစ်ယောက် အထူးကြင်နာနေကြလို့ ရီမာတောင် အံ့ဩနေမိတယ်။ ဒီအချိန်မှာ သူပြောချင်တဲ့ကိစ္စ ပြောဖို့လည်း ဆုံးဖြတ်လိုက်တယ်။

ဒါနဲ့ အစ်မနှစ်ယောက်ကို အသံမြှင့်ခေါ်လိုက်တယ်။

"မမနီလာနဲ့ မမကြည်ပြာ. ."

"ဟဲ့. . ပလုတ်တုတ်. . ။ ဘာလဲ ညီမလေး"

www.burmeseclassic.com



နီလာ လန့်သွားပြီး ပြန်မေးတာ။ ကြည်ပြာကလည်း မျက်လုံး အဝိုင်းသားနဲ့ ပြန်ထူးရှာတယ်။

"ဘာလဲ ညီမလေး. . ။ ပြောလေ"

"ပြောမယ်. . ။ ညီမပြောတာကို သေချာနားထောင်နော်"

"စိတ်ချ ညီမလေး"

"အရေးတယူကို နားထောင်ပါ့မယ်ကွာ"

ရီမာက ပြောမယ့်အရေး ဟန်ပြင်နေတယ်။ ခုတင်ပေါ်က ဆင်းတယ်။ လုံချည်ပြင်ဝတ်တယ်။

ဒီတော့ အစ်မနှစ်ယောက်က ပိုကြောက်တော့တာပေါ့။ အမှန်ကတော့ ရီမာကလည်း သူပြောမယ့်ကိစ္စ အရေးကြီးလို့ ဟန်ပြင်နေတာ။

ရီမာ စပြောပြီ။

"အစ်မတို့မှာ ချစ်တတ်တဲ့စိတ် ရှိကြလား"

တစ်ယောက်မှ မဖြေကြဘူး။ ကြောင်ကြည့် ကြွက်ကြည့် သုင်နေကြတယ်။

"ဖြေလေ"

"ရှိတာပေါ့. . ။ ညီမလေးကို အချစ်ဆုံး"

"ဒါကို မမေးဘူး. . ။ ကောင်လေးတစ်ယောက်ယောက်ကို ချစ်တတ်တဲ့စိတ်ရှိလား မေးတာ"

ချက်ချင်း မဖြေကြပြန်ဘူး။ ကျားကြည့် ဆင်ကြည့် လုပ်နေကြပြန်တယ်။

"ရဲရဲနဲ့ မှန်မှန်ဖြေပါ. . ။ အစ်မတို့ မိန်းမတွေပဲ။ သတ္တိရှိမှပေါ့" မတတ်နိုင်ဘူး။ ညီမနှစ်ယောက်လုံး ပြိုင်တူဖြေလိုက်မိတယ်။

"ရှိ. . ရှိပါတယ်. . ညီမလေး"

"ဟုတ်ပြီ"

"ဗုဒ္ဓေါ. ."





"မဗုဒ္ဓေါနဲ့. . အဟုတ်ပြောမှာ။ အဲဒီ ချစ်စိတ်တွေကို ညီမလေးကို ရောင်း"

"ဘာရယ်. ."

"ဘယ်လို. ."

"ရှုပ်သွားပြီလား. . ။ ဘဝတိုးတက်ရေးအတွက် အလုပ်လုပ်နေကြတဲ့ မမတို့နှစ်ယောက်မှာ အချစ်ဆိုတာ မတွေးသင့်သေးဘူး။ ဒါကြောင့် အဲဒီအတွေးတွေရှိရင် စွန့်လွှတ်လိုက်"

"ဘယ်လို စွန့်လွှတ်ရမှာလဲကွယ်"

"ချစ်စိတ်တွေကို ဝဲပလိုက်။ အလကားမဖြစ်စေရဘူး။ အဲဒီ အချစ်တွေကို ညီမလေးဝယ်မယ်"

"ဘယ်လို. . အချစ်ကိုဝယ်မယ်။ ပြန်ရောင်းစားဖို့လား"

"ညီမလေး. . အချစ်နဲ့ ဖုန်းနဲ့ မှားနေပြီ"

"မမှားဘူး. . ။ မမတို့ကသာ ရောင်း။ ညီမလေး တန်ရာတန်ကြေး ပေးဝယ်မယ်"

"ဘာတွေလာပြောနေတာလဲ"

"တကယ်ဝယ်မှာ. . ။ မမတို့ကို နေကြာစေ့နဲ့ ချောကလက်ပေးနေတာ စရံပဲ။ အရောင်းဝယ်တည့်ရင် တစ်ပတ်ကို နေကြာစေ့ ငါးထုပ်၊ ချောကလက်တစ်ထုပ်စီရမယ်။ ဘယ့်နှဲ့လဲ"

အစ်မနှစ်ယောက် ခေါင်းကုတ်စဉ်းစားကြတယ်။

တော်သေးတယ်။ ရန်လုပ်မှာမဟုတ်ဘဲ မုန့်စားရမယ့်ကိစ္စ ဖြစ်နေလို့ ပြုံးနိုင်ကြတော့တယ်။

ညီမလေးကို ကျီစယ်ချင်တာနဲ့ အရောင်းအဝယ်ကိစ္စ သဘောတူပေးလိုက်ကြတယ်။

"ကဲ. . ညီမလေးသဘောပဲ။ အရောင်းဝယ်ကိစ္စ သဘောတူတယ်။ မမတို့ ချစ်စိတ်တွေကို ဝဲပစ်လိုက်တော့မယ်"

"ကောင်းပြီ. . ။ ဒါဆိုရင် စည်းကမ်းသတ်မှတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်လေ"

"တစ်.. ကိုတိုးလာရင် ပုံမှန်ဆက်ဆံ၊ အတူတွဲ မထိုင်ရ၊ မုန့်မကျွေးရ၊ အီကလီ မလုပ်ရ"

"လုပ်ဘူး"

"နှစ်.. ကိုတိုးခေါ်ရင် မလိုက်ရ၊ သူနဲ့ တွဲမသွားရ"

"သွားဘူး"

"သုံး.. ကိုတိုး ဘယ်ခေါ်ခေါ် ငြင်းပြီး ညီမလေးကိုပဲ ရှန်တိန်လုပ်ပေးရမယ်"

"တစ်မျိုးတော့.."

"ဟား.. ဟား... ညီမလေး မဟုတ်ဘူး.. လိပ်မလေး။ ပေါ်ပြီ..။ ကြည့်စမ်း.. ကြည့်စမ်း.. အစ်မတွေကို အထင်လွဲနေတာ..။ တို့က ကိုတိုးအပေါ် ရိုးရိုးကြိုက်တာပါအေ"

"ရိုးရိုးလည်း မကြိုက်နဲ့၊ ရှယ်လည်း မကြိုက်နဲ့တော့။ ဒါပဲနော်.. စည်းကမ်းမလိုက်နာရင် ဆယ်ဆပြန်လျှော်ရမယ်"

"စိတ်ချ ညီမလေးရေ..။ စောစောက အဲဒီလိုပြောပါလား။ ဒါဆို မမတို့ ဘယ်ကြိုက်မလဲ။ အခုတော့ ကြိုက်လက်စကြီးနဲ့ဆိုတော့ ကြိုးစားရမှာပေါ့လေ။ အချစ်က စားရတာမှ မဟုတ်တာ။ ချောကလက်က စားရတာပဲ ဥစ္စာ"

နီလာက ရီမာ့ကို သဘောကျစွာကြည့်ပြီး ပြောနေတာ။ ကြည်ပြာကလည်း ဝင်ဖောက်သေးတာ။

"ဟော့.. အချစ်က ချိုမြိန်တယ်ဆိုတာ အလကား။ ချောကလက်ကမှ တကယ်ချိုမြိန်တာ။ တစ်ပတ်တစ်ထုပ် မှန်မှန်လုပ်နော်"

"စိတ်ချ..။ မမတို့ မှန်မှန်စားရစေမယ်"

ရီမာ ရဲရဲအာမခံလိုက်တယ်။ အာမခံရဲမှာပေါ့။ နေကြာစေ့နဲ့ ချောကလက်က ရဲခေါင်ဆီက ရမှာပဲလေ။

❖❖❖



# ပြောင်းလဲသွားသော အချစ်များ

"ဟဲ့.. ကိုတိုးရယ်။ အခုမှပဲ ပေါ်လာတော့တယ်။ လာ.. မင်းအန်ကယ်လည်းရှိတယ်"

"နီလာတို့ရော ရှိရဲ့လား"

"ရှိပါ့ကွယ်.. သုံးယောက်လုံးရှိတယ်။ တက်.. အိမ်ပေါ်။ အန်တီ ဒီပန်းပင်လေးတွေ ပြီးအောင်ရွှေ့လိုက်ဦးမယ်"

ဆိုင်းမပါဗုံမပါ ရောက်ချလာတဲ့ ကိုတိုးကို အန်တီဒေါ်နီပြာရီက နှုတ်ခွန်းဆက်တယ်။

ကိုတိုးလည်း ဒီအိမ်ဘက် ခြေဦးမလှည့်တာ နည်းနည်းကြာသွားပြီ။ အခုမှ သတိရလို့ တမင်လာတာ။ ဘယ်သူ့သတိရလို့လဲလို့ မေးရင်တော့ "သုံးယောက်လုံးကို သတိရလို့ပေါ့" လို့ ဖြေမလားပဲ။

အိမ်ပေါ် တက်လာတဲ့ ကိုတိုးကို စမြင်တာက ဦးမိုးကြယ်ပဲ။

"လာ.. မောင်တိုး။ မင်းလာတာနဲ့ အတော်ပဲ။ အန်ကယ် မင်းကို မေးစရာရှိလို့"

ဦးမိုးကြယ်စကားကြောင့် ကိုတိုး ခေါင်းကြိမ်းသွားတယ်။ ပြဿနာပဲလို့လည်း တွေးလိုက်မိတယ်။

"ဟိုကွာ.. တလောက ဖတ်လိုက်ရတဲ့ ရွှေရမ်းတီးမဂ္ဂဇင်းထဲက ကဗျာတစ်ပုဒ်က ငါ့သမီးနဲ့များ ပတ်သက်နေလားလို့"

သိလိုက်ပြီ..။ နီလာဆိုတာ ဒန်ပေါက်မဟုတ်၊ ကျောက်မိုင်းမဟုတ်ဆိုတဲ့ ကဗျာကို ပြောတာနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



သိပေမယ့် မသိချင်ယောင်ဆောင်ပြီး မှင်လေးနဲ့ မေးလိုက်တယ်။

"ဘယ်ကဗျာလဲ အန်ကယ်"

"ဟိုကွာ. . ချစ်တဲ့သူ နီလာလေ ဆိုလား. . ။ အဲဒီကဗျာ"

"သြော်. . သိပြီ။ ဖတ်ရတယ်. . ။ အလကား အန်ကယ်ရာ။ မော်ဒန်ကဗျာတဲ့။ တကယ်တော့ ဖွတ်ကဗျာကြီးပါ"

"မင်းပြောသလို ဖွတ်ကဗျာပဲ ထားပါဦး။ ငါ့သမီးကို ရိသလိုကြီး ဖြစ်မနေဘူးလား"

"ဒါကတော့ ဒီလိုရှိပါတယ်။ မြန်မာပြည်မှာ နီလာတွေကများတော့ ဒီနီလာလို့ တပ်အပ်ပြောရဖို့ ခက်ပါတယ်"

"မင်းမရှိုးနဲ့။ ရေးတဲ့သူက ချစ်ဦးဖြူတဲ့။ မင်းသူငယ်ချင်းဆို"

"မဟုတ်. . အဲ. . ဟုတ်ပါတယ်။ ဒါပေမဲ့ ရေးတာက တစ်ယောက်ပါ"

"ဘယ်သူရေးတာလဲ"

"ရဲခေါင်မဲပြောင် ရေးတာပါ"

"ဒါနဲ့ ချစ်ဦးဖြူဆို"

"ဒီလိုပါ. . ။ ချစ်ဦးဖြူက ရွှေရမ်းတီးမှာ အယ်ဒီတာပါ။ သူ့ဆီရောက်လာတဲ့ကဗျာကို သူ့နာမည်တပ်ပြီး ထည့်လိုက်တာပါ။ အကျင့်ပါနေလို့"

"မင်းအတော်သိသားပဲ"

"သိဆို ကြံရာပါခင်ဗျ"

"ဘာပြောတယ်. ."

"သြော်. . ကြံကြီးစည်ရာပြောတာ. . ကြံကြီးစည်ရာ အန်ကယ်ရာ"

"မသိလို့လား"

"သိတယ်"





"သိရင် ငါ့ကို မှန်တဲ့အတိုင်း ပြောစမ်း။ အဲဒီကဗျာဟာ ငါ့သမီး နီလာကို စောင်းရေးတာ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ရေးတာ ဘယ်သူ. ."

"ရဲခေါင်မဲပြောင်ပါ ခင်ဗျ"

"နာမည်ကလည်းကွာ"

"အမှန်ကတော့ ရဲခေါင်ပါ။ မပြီးပြောင်နေလို့ ရဲခေါင်မဲပြောင်လို့ ခေါ်ကြတာပါ"

"အေး. . သူ့ကို ငါတွေ့ချင်တယ်"

"ခင်ဗျာ. ."

"ငါတွေ့ချင်လို့. . ။ နောက်တစ်ပတ် ခေါ်ခဲ့စမ်းပါ"

"အန်ကယ် ဘာလုပ်. ."

"ဘာမှ မလုပ်ဘူး. . ။ ငါ့သမီးကို ကြိုက်တဲ့သူဆိုတော့ မြင်ဖူးချင်လို့။ သင့်ရင်လည်း သင့်သလိုပေါ့။ အန်ကယ်က နားလည်မှုရှိပါတယ်"

"ကျေးဇူးပဲ အန်ကယ်ရယ်"

"မင်းက ဘာလို့ ကျေးဇူးတင်ရတာလဲ"

"မှားလို့. . ။ သူငယ်ချင်းအစား ခံစားပြီး ကျေးဇူးတင်တာပါ။ စိတ်ချ. . ကျွန်တော်ခေါ်ခဲ့ပါ့မယ်"

"အေး. . ပြီးရော။ မင်းပြန်လို့ရပြီ"

"အန်. . မပြန်သေးဘူးလေ"

"ဘာလုပ်ဦးမှာလဲ"

"ဟို. . ဟို. . သူတို့နဲ့မှ စကားမပြောရသေးတာ"

"ဘယ်သူနဲ့ စကားပြောချင်တာလဲ"

"ဟို. . နီလာ၊ ကြည်ပြာ၊ ရီမာ. . ဟီး. . သုံးယောက်လုံးပါ"

ဦးမိုးကြယ်က ကိုတိုးကို စေ့စေ့ကြည့်တယ်။ မျက်မှောင်ကြုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တယ်။ နောက်. . သတိပေးသလို ပြောလိုက်တယ်။

"မင်းလည်း ဟိုလိုလိုဒီလိုလို လုပ်မနေနဲ့။ ပြတ်ပြတ်သားသား လုပ်။ ပိစောက်လိုလို၊ နှင်းဆီလိုလို၊ စပါယ်လိုလိုနဲ့. . ။ ဘာမှန်းကို မသိဘူး။ မျက်စိကိုနောက်တယ်"

ကိုတိုး အသားလွတ်ကြီး အကြိမ်းခံလိုက်ရလို့ အီးမှန်သလို ဖြစ်သွားလေရဲ့။ သူ့ကို ဦးမိုးကြယ် တစ်ခါမှ ဒီလိုမဆက်ဆံဖူးလို့ အံ့ဩနေတယ်။

ဟုတ်တယ်. . ။

အံ့ဩတဲ့အထဲမှာ နီလာလည်းပါတယ်။ အဖေ ဘာလုပ်ဖို့ ရဲခေါင်ကို ခေါ်ရသလဲ စဉ်းစားမရဘူး ဖြစ်နေတယ်။

တကယ်တော့. .

ဒီကိစ္စတွေအားလုံး ရီမာ့လက်ချက်ဆိုတာ သူတို့မသိကြဘူး။ ရီမာက ချွန်ထားတာ။ နီလာကို ရဲခေါင်လိုက်တဲ့ကိစ္စ၊ ကြည်ပြာကို ချစ်ဦးဖြူကြိုက်တဲ့ကိစ္စတွေအားလုံး သူ့အဖေကို သူပြောလိုက်တာ။

သူ့အကြံက အဖေသိသွားရင် ကာယကံရှင်တွေခေါ်တွေ့။ အဖေကျေနပ်ရင် နားဖောက်ပြီးသားဖြစ်။

အဆင်ကို ပြေလို့. . ။

သူ ကိုတိုးကို ကြိုက်တာတော့ ထည့်မပြောဘူးရယ်။

ဒါပေမဲ့ ဦးမိုးကြယ် ယော်ရာက ကြီးလာတာပဲ။ ရိပ်မိတာပေါ့။

ဒါကြောင့် ကိုတိုးကို ဟောက်ထားတာ။ ဒီကောင် ဟိုလိုလို ဒီလိုလို တိုင်ပတ်နေလို့ ဟန့်ထားရတာ။

ရီမာက ရဲခေါင်ထံက နေကြာစေ့နဲ့ ချောကလက်မှန်မှန်ယူပြီး သူ့အစ်မတွေကို ပေးနေတာလေ။

ရဲခေါင်ကိုလည်း ပြောပြီးသား။ အဖေခေါ်တွေ့လိမ့်မယ်။ မျက်နှာပိုးသတ်၊ မျက်နှာပေါင်းတင်ပြီးမှ လာခဲ့ဖို့။

ချစ်ဦးဖြူကိုတော့ ရီမာ တိုက်ရိုက်မဆက်သွယ်ပဲ ရဲခေါင်က





နေတစ်ဆင့် နေကြာစေ့နဲ့ ချောကလက် ဆင့်ဆိုထားတာ။

အဆင်ကိုပြေလို့. . ။ သူ့အစ်မတွေကို ပေးပြီးတဲ့အပြင် သူ့ဖို့ပါ ကျန်သေးတယ်။ ဟန်ကို ကျလို့. . ။

ဒီအစီစဉ်တွေအားလုံးကို ရီမာကြိတ်ကြံတာ။ ကိုတိုးမသိဘူး။ သိလို့လည်း မဖြစ်ဘူး။

အခု ကိုတိုးကို သူ့အဖေဟောက်တာကြားတော့ ရီမာရယ်ချင်လိုက်တာ မနည်းအောင့်ထားရတယ်။

ဦးမိုးကြယ်ရှိလို့ ညီမသုံးယောက် တီဗီ မဲကြည့်နေကြရတာ။ ကိုတိုးကို ဟက်ဟက်ပက်ပက် မခေါ်ရဲကြဘူး။

သိပ်မကြာဘူး။ ဦးမိုးကြယ် ခြံထဲဆင်းသွားတယ်။ ဒေါ်နီပြာရီကို ဝိုင်းကူနေတယ်။

ဒီအခွင့်ကောင်းကိုယူပြီး ကိုတိုးက ညီမသုံးယောက်နား သွားထိုင်တယ်။

ထိုင်မိတာက နီလာ့ဘေးပဲ။ နီလာက လာထိုင်တဲ့ ကိုတိုးကို လှည့်ပြီးပြုံးပြတယ်။ မျက်နှာပြန်လှည့်တော့ မျက်ထောင့်နီကြီးနဲ့ ကြည့်နေတဲ့ ရီမာ့ကို တွေ့လို့ ပြန်တည်သွားတယ်။ မဲ့သွားတယ်။

"ဆယ်ဆနော်. . ဆယ်ဆ. ."

ရီမာ အော်နေတာ။ ကိုတိုး နားမလည်ဘူး။ တီဗီကြည့်နေတယ်။

ဆတ်ဆို နီလာထသွားပါလေရော။

နီလာထသွားတော့ ကိုတိုးဘေးမှာ ကြည်ပြာကျန်ခဲ့တယ်။ ရီမာက ထပ်အော်တယ်။

"ဆယ်ဆနော်. . ဆယ်ဆ. ."

ရီမာ အော်လို့မဆုံးသေးဘူး။ ကြည်ပြာပါ ဆတ်ဆို ထသွားတယ်။

ကိုတိုး မျက်မှောင်ကုပ်တယ်။ သွေးရိုးသားရိုး မဟုတ်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



သိ`နတယ်။

ရီမာ့ကို လှမ်းကြည့်တော့ အေးဆေးပဲ။ သူနဲ့ ဘာမှမဆိုင်သလိုပဲ။

"ရီမာ သူတို့နှစ်ယောက်က ဘာလို့ထသွားကြတာလဲ"

"သိဘူးလေ"

"အကြောင်းတစ်ခုခုများ ရှိနေလား"

"သိဘူးလေ"

"ဆယ်ဆဆိုတာ ဘာလဲ"

"ဆယ်ဆဆိုတာ တစ်ကျပ်ဆို တစ်ဆယ်လေ"

"ဘာကိုပြောတာလဲ"

"အိမ်မှာ တာဝန်ကိုယ်စီခွဲထားတာလေ။ ကိုယ့်တာဝန် ကိုယ်မပြီးရင် ဒဏ်ငွေဆယ်ဆရိုက်မယ်လို့ စည်းကမ်းထုတ်ထားလို့"

"ဘယ်သူက ထုတ်တာလဲ"

"မေမေ"

"မေးကြည့်မယ်"

"ကြည့်လေ. . ။ ဒီမှာ. . "

ဆိုပြီး ရီမာက သူ့မေးကို ထိုးပြတယ်။

ကိုတိုး သိပ်ဘဝင်မကျဘူး။ တစ်ခုခုမှားနေပြီလို့ပဲ ထင်နေတယ်။ အစာမကျေတာနဲ့ ဆတ်ခနဲ ထတယ်။ ရီမာက စိုးရိမ်တဲ့ မျက်လုံးလေးနဲ့ ကြည့်ရင်း‌ မေးတယ်။

"ဘယ်လဲ"

"ဒြိထဲ ဆင်းမလို့"

"ဘာလုပ်မလို့လဲ"

"အန်တီ့ကို ကူလုပ်ပေးမလို့"

"မလုပ်နဲ့။ ဒီမှာပဲ ထိုင်"

"တီဗီမှ မကြည့်ချင်တာ"





"ဒါဆို ပိတ်လိုက်မယ်။ ရီမာနဲ့ စကားပြောပေါ့။ ပြောစရာရှိတယ်"

ပြောပြောဆိုဆို ရီမာက တီဗီပိတ်လိုက်တယ်။ ကိုတိုးနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောဖို့ ပြင်တယ်။

ကိုတိုးကတော့ ဂနာမငြိမ်ဘူး။ အိမ်ထဲကိုကြည့်တယ်။ ထသွားတဲ့ နီလာနဲ့ ကြည်ပြာကို ရှာတာနေမှာ။

အရင်က ဒီလိုမဟုတ်ဘဲ ဘာလို့ အခုမှဒီလိုဖြစ်ရသလဲ စဉ်းစားလို့မရဘူး။ ရီမာ့မေးလို့ကလည်း အဖြေ ဂယနဏရမှာ မဟုတ်ဘူးဆိုတာ သိနေတယ်။

ဒါပေမဲ့. .

ရီမာ့ကိုပဲ မေးရတော့မှာ။

"ရီမာ ကိုတိုးကို မှန်မှန်ပြောမလား"

"ဘာကိုလဲ"

"အကြောင်းအရာတစ်ရပ်ကိုပေါ့"

"ဘာအကြောင်းအရာလဲ"

"ဒီအိမ်မှာ ဘာတွေဖြစ်နေလဲ"

"ဘာဖြစ်လို့လဲ"

"ဆက်ဆံရေးတွေ ပြောင်းလဲနေတယ်"

"ကိုတိုး စိတ်ထင်လို့ပါ"

"မဟုတ်ဘူး. . ပြောင်းကိုပြောင်းတယ်။ အန်ကယ်ကအစ၊ နီလာနဲ့ကြည်ပြာ အဆုံးပဲ"

"အို. . ကိုတိုးစိတ်ထင်လို့ပါ"

"မဟုတ်ဘူး။ တစ်ခုခုတော့ အကြောင်းရှိပါလိမ့်မယ်"

"ဘာအကြောင်းမှ မရှိဘူး။ ဒီအတိုင်းပဲ. . ။ ကိုတိုးစိတ်ထဲက တစ်မျိုးထင်နေတာ။ လျှောက်တွေးမနေနဲ့။ ထမင်းစားသွားပါလား"

"မစားချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စားခဲ့ပြီလား"

"စားခဲ့ပြီ"

"မမနီလာတို့ ထမင်းဝင်စားနေကြတာ ထင်ပါတယ်၊ ထမင်းစားဖို့ သူတို့နှစ်ယောက်ပဲ ကျန်တော့တာလေ"

"ခေါ်ဖော်တောင် မရကြဘူး"

"ရီမာခေါ်သွားပဲ"

"သူတို့လည်း ခေါ်သင့်တာပေါ့"

ကိုတိုး တကယ့်ကို အစာမကျေဖြစ်နေတာ။ ရင်လည်း မချောင်လှဘူး။ အိမ်ထဲကို ကွက်ကြည့်ကွက်ကြည့် လုပ်နေတာ။ သိပ်မကြာလှဘူး။

နီလာ အိမ်ထဲက ထွက်လာတယ်။ ကိုတိုးကို လှမ်းကြည့်ပြီးမှ ဖြတ်ကျော်သွားတယ်။ ပြုံးတောင် မပြုံးတော့ဘူး။

အစကဆို ဒီလိုနေရာမျိုးမှာ နီလာတို့ အပြုံးတွေ ရွှန်းရွှန်းလဲ့လို့။ ကြည်ပြာတို့ဆို စကားတွေဖောင်လို့။

အခုတော့. .

ခြောက်ကပ်ကပ်ဖြစ်နေပြီ။

ဒါ. . ဘာသဘောလဲ။ ဘာဖြစ်ကြတာလဲ။ ရုတ်ခြည်းပြောင်းလဲသွားတာ အကြောင်းမဲ့မဟုတ်ဘူးဆိုတာတော့ ကိုတိုးသိနေတယ်။

အကြောင်းရင်းကို သိရအောင် လေ့လာမယ်၊ စူးစမ်းမယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။

သည်ကိစ္စမှာ ကိုတိုးမသင်္ကာတာကတော့ ရီမာ့ကိုပဲ။

ရီမာ ဘာလဲ၊ ဘယ်လဲ၊ ဘာသဘောလဲ။

ကိုတိုး အတွေးတွေ ချာချာလည်နေတယ်။ အရာရာဟာ ပြောင်းလဲနေပြီပဲ မဟုတ်လား။

❖❖❖



# ဆင်ကြုံ ကြုံနေကြသူများ

ကော်ဖီဆိုင်လေးတစ်ဆိုင်. . ။

သန့်ရှင်းသပ်ယပ်ပြီး လူလည်းရှင်းတယ်။ မြို့ပြင်မှာဆိုတော့ ပတ်ဝန်းကျင် လူလည်းရှင်းတယ်။

အဲဒီဆိုင်လေးရဲ့ ထောင့်ကျကျစားပွဲမှာတော့ လူငယ်နှစ်ယောက် ကော်ဖီသောက်ရင်း တစ်စုံတစ်ရာကို စောင့်မျှော်နေကြတယ်။

သူတို့နှစ်ယောက်လား. . ။

ချစ်ဦးဖြူနဲ့ ရဲခေါင်မဲ့ပြောင်ရယ်ပဲပေါ့။

သူတို့နှစ်ယောက်ကြည့်ရတာ စိတ်လှုပ်ရှားနေပုံပဲ။ ဂနာမငြိမ်ကြဘူး။ အပေါက်ဝကို တကြည့်ကြည့်နဲ့။

ထိုစဉ်မှာပဲ ဆိုင်အဝင်ဝမှာ ပုံရိပ်လေးတစ်ရိပ်ပေါ်လာတယ်။ မိန်းကလေးတစ်ယောက်ရဲ့ ပုံရိပ်ပဲ။ တိတိပပပြောရရင် မိန်းကလေးတစ်ဦးရဲ့ ပုံရိပ်။ ကနွဲ့ကလျလေး။ ခပ်လှလှလေး။ ကြွေချင်စရာကြွေ့ရုပ်လေး. . ။



www.burmeseclassic.com

www.burmeseclassic.com



ရီမာရယ်ပဲပေါ့။

ဆိုင်ထဲကို ခပ်ကြော့ကြော့လေး ဝင်လာတာ။

ဝင်ဝင်ချင်း ဆိုင်ထဲကို တစ်ချက်ဝေ့ကြည့်ပြီး ရဲခေါင်ကိုမြင်တော့ အဲဒီကို တန်းသွားတယ်။

"လာ. . ရီမာ။ နင်လာပါ့မလားလို့"

"သေချာမှာထားတာပဲ. . ။ လာမှာပေါ့"

"ထိုင်လေဟာ"

ရဲခေါင်က ခရီးဦးကြိုပြုလို့ ရီမာဝင်ထိုင်တယ်။

"ဘာသောက်မလဲ။ ကော်ဖီပဲလား"

"ကော်ဖီပဲ ကောင်းပါတယ်"

ရဲခေါင်က စားပွဲထိုးလေးကို လှမ်းခေါ်ပြီး ကော်ဖီတစ်ခွက် ထပ်မှာလိုက်တယ်။ ပြီး. . ရီမာ့ကို ချစ်ဦးဖြူနဲ့ တစ်ခါတည်းမိတ်ဆက်ပေးတယ်။

"ရီမာ. . ဒါ. . ချစ်ဦးဖြူလေ။ ရွှေရမ်းတီးမဂ္ဂဇင်းအယ်ဒီတာပေါ့။ ရီမာနဲ့ သိပ်မစိမ်းပါဘူး။ ကျောင်းတုန်းက တို့နဲ့တွဲသေးတာ။ ဒီကောင် ကျောင်းမှန်မှန်မတက်လို့ ရီမာမသိတာ"

"အင်း. . ဟုတ်လိမ့်မယ်။ မင်ဖူးသလိုတော့ ရှိတယ်ထင်လို့ စဉ်းစားနေတာ"

"ကျောင်းမှာတုန်းက မြင်ဖူးတာ နေမှာပေါ့"

ချစ်ဦးဖြူက ဝင်ဖောတယ်။ ရီမာ ခေါင်းခါတယ်။

"မဟုတ်သေးဘူး။ ဓာတ်ပုံမြင်ဖူးတာ. . ။ ဘယ်ဂျာနယ်ထဲမှာပါလိမ့်"

"ဩော်. . သတင်းကုန်ဂျာနယ်တို့၊ အမှောင်တန်းဂျာနယ်တို့မှာ မြင်ဖူးတာနေမှာ။ ကိုယ်က အယ်ဒီတာဆိုတော့ ဘာပွဲညာပွဲတွေ ခဏခဏတက်ရတယ်လေ"

"မဟုတ်ဘူး. . ။ ဂျာနယ်က မှုခင်းဂျာနယ်ပဲ။ အလိုရှိသည်





တဲ့။ အဲဒီထဲက ဓာတ်ပုံနဲ့ တူနေတာ။ လူတူမရှားဆိုတာ ဟုတ်မယ်နော်"

သွားရော. . ။ ချစ်ဦးဖြူတို့ ရောက်ရောက်ချင်း ဆောတ်နဲ့ထွင်းခံလိုက်ရပြီ။

"ဟုတ်ပ. . ဟုတ်ပ. . ။ လောကကြီးမှာ လူတွေ တူပဲတူနိုင်လွန်း။ တစ်ခါကလည်း ကောင်မလေးတစ်ယောက် သူ့ရည်းစားပါဆိုပြီး လာဆွဲလို့ မနည်းရှင်းပြလိုက်ရသေးတယ်"

"ဆွဲပြီး အကြွေးတောင်းတာမဟုတ်လား။ ဟား. . ဟား. . ဟား"

ရဲခေါင်က ဝင်ဖောက်လိုက်တာ။ အမှန်ကတော့ ပွဲထိန်းပေးတာ။ သူမထိန်းရင် ချစ်ဦးဖြူသိပ်မပျော်ဘူးဆိုတာ သူသိနေတယ်လေ။

"ကဲ. . ရီမာ ကော်ဖီသောက်လေ။ ဘာအကြောင်းထူးလဲ။ ပြော. . "

ရီမာက ကော်ဖီကိုငုံသောက်ရင်း ရဲခေါင်နဲ့ ချစ်ဦးဖြူတို့ကို အကဲခတ်သလို ကြည့်လိုက်တယ်။ နောက်. . ခပ်ဖြည်းဖြည်းပဲ မေးလိုက်တာ။

"အကျိုးဆောင်ကြေး ပါလား"

"ပါပါတယ်ဟာ။ ဒီမှာ. . "

ဆိုပြီး ရဲခေါင်က နေကြာစေ့ပါကင်ထုပ်နဲ့ ချောကလက်ထုပ်ပါတဲ့ ကြွပ်ကြွပ်အိတ်ကို ဘေးခုံပေါ်ကယူပြီး စားပွဲပေါ်တင်ပြလိုက်တယ်။

"သူ့အတွက်ရော. . "

"ပါတယ်. . ။ အဲဒီထဲမှာပဲ"

ရီမာက အိတ်ကိုလှမ်းကြည့်တယ်။ နောက်ပြီး ညည်းညည်းညူညူပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိတ်ကြီးနဲ့ ကားတိုးစီးဖို့ မလွယ်ဘူး။ ဒုက္ခပါပဲ. . ။ ကိုယ်လည်း စားရတာမဟုတ်။ သူများအကျိုး သက်သက်ဆောင်နေရတာ။ ကားတိုးစီးရဦးမယ်. . ။ ဟင်းနော်. ."

ရီမာ ဘာကိုဆိုလိုတယ်ဆိုတာ ရဲခေါင်မဲပြောင် သဘောပေါက် တယ်။

"စိတ်ချ ရီမာ. . ။ ကားတိုး မစီးစေရဘူး။ ဒီကပြန်ရင် တကၠသီငှားပေးလိုက်မယ်။ စိတ်အေးအေး. . ကြီး ကော်ဖီသောက်။ ပြောစရာရှိ ပြော"

"ပြောမယ်။ နေဦး. . ။ မုန့်လေးပါ စာ လိုက်ဦးမယ်။ ဟို့. . ဆိတ်သားပတ်စ် မှာပေးစမ်းပါ။ ရီမာက ဆိတ်သားပတ်စ်ကြိုက်တယ်"

ရဲခေါင်ခမျာ ခပ်မဲ့မဲ့နဲ့ပဲ ဆိတ်သားပတ်စ် မှာပေးရပြန်ရော။

"ကောင်းတယ်"

ရီမာအ မုန့်စား၊ ကော်ဖီသောက်ပြီး အားရှိသွားပုံပဲ။ 'အိပ်မယ်ဆိုရင်တော့ ဒုက္ခ' ရဲခေါင်တွေးမိသေးတာ။

"ရှေ့အပတ်ထဲမှာ နင့်ကို ဖေဖေခေါ်တွေ့လိမ့်မယ်။ ကိုတိုးကို မှာလိုက်ပြီ။ နင်နဲ့ကိုတိုး မတွေ့သေးဘူးမို့လား"

"ဟင့်အင်း. . မတွေ့သေးဘူး"

"အေး. . ဒါဆို မသ်ချင်ယောင်ဆောင်နေ။ ကိုတိုးပြောလိမ့်မယ်"

"နင့်အဖေကြီးကို ကြောက်တယ်ဟ"

"မကြောက်နဲ့. . ။ ဖေဖေက ကြောက်တတ်တဲ့သူကို မကြိုက်ဘူး။ သူမေးရင် ရဲရဲပြော၊ ရဲရဲဖြေ. . ။ မှားသွားပစေ. . ။ သူကြိုက်တယ်။ အီးညှောင့်အီးညှောင့်တော့ သွားမလုပ်နဲ့"

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ"

ရဲခေါင် တကယ်လန့်နေတာ။ ရီမာ ဘာတွေလျှောက်လုပ်နေ





မှန်းလည်း သဘောမပေါက်ဘူးရယ်။ သူဖြစ်စေချင်တာက သူ့ကိုနီလာနဲ့နီးစပ်အောင် အကျိုးဆောင်ပေးရုံပဲ။ ယောက္ခမကြီး မပါဘူးရယ်။

အခု နီလာနဲ့ မတွေ့ရဘဲ ယောက္ခမကြီးနဲ့ စတွေ့ရမယ်ဆိုတော့ ကျောစိမ့်မယ်ဆိုလည်း စိမ့်ချင်စရာပဲလေ။

"ဒါထက် သူ့ကိစ္စရော"

ရဲခေါင်က ချစ်ဦးဖြူဘက် မေးငေါ့ပြီး မေးလိုက်တာ။

"ဖေဖေ့ကို ပြောပြထားပြီးပြီ"

"ဘာရယ်. ."

ချစ်ဦးဖြူ လန့်ခုန်မိတော့မလို့။

ဘယ့်နှယ်. . ကြည်ပြာကို ဘာမှမပြောရသေးတာ။ ဘာမှမဖြစ်သေးဘဲ ယောက္ခမလောင်းကြီး သွားပြောရတယ်လို့။ ချစ်ဦးဖြူလည်း ညစ်သွားတာပဲ။

"သိပ်ညစ်မနေပါနဲ့။ ဘာမှ လွန်လွန်ကဲကဲကြီး ပြောထားတာမဟုတ်ပါဘူး။ ဖေဖေသိရုံလောက် ပြောထားတာ"

"ဟို. . ကြည်ပြာကိုရော ဘာမှပြောမထားဘူးလား"

"ဟိုကြည်ပြာရော၊ ဒီကြည်ပြာရော ပြောလို့ မဖြစ်သေးဘူးလေ။ ကိုချစ်ဦးဖြူနဲ့ ရီမာက ဆုံမှ မဆုံကြသေးဘဲ၊ ဘယ်ကစပြောရမှန်း မသိသေးဘူး"

"ဒါဆို နေဖြောစေ့နဲ့ ချောကလက်က"

"ရီမာအနေနဲ့ပဲ ပေးကျွေးနေရတာပေါ့"

"ဒုက္ခပါပဲ။ မရီမာ. . တိုင်ပတ်မနေနဲ့ဗျာ"

"တိုင်ပတ်တာ မဟုတ်ဘူး။ အခြေအနေနဲ့ အချိန်အခါကိုကြည့်ပြီး လုပ်ရတာ။ ရဲခေါင်ဆို အဆင်ပြေတယ်။ ကျောင်းနေဖက်သူငယ်ချင်းမှန်း မမနီလာသိထားတော့ ပြောလို့ကောင်းတယ်"

"နီလာ. . နီလာကရော ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရဲခေါင်က ဝင်မေးတာ။

"မမနီလာက နေကြာစေ့ကောင်းကြောင်း၊ ချောကလက်ချို ကြောင်း သိပ်ပြောတာပဲ"

"ငါ. . ငါ. . ငါပေးတာလို့ မပြောလိုက်ဘူးလား"

"ပြောတာပေါ့"

"ဘာပြန်ပြောလဲ"

"သနားပါတယ်တဲ့။ သူကုသိုလ်ရအောင် ချောကလက်များ များ စားပေးရမယ်တဲ့"

အလကား. . ။ ရီမာ လျှောက်ပြောနေတာ။ အမှန်ကတော့ ထိုင်ပြောနေတာပေါ့လေ။ ဟိုက ဘာမှ မပြောဘူး။ နေကြာစေ့နဲ့ ချောကလက်ကလည်း သူဝယ်ပေးသလို လုပ်နေတာ။ ကိုတိုးကိစ္စ အတွက် သူများပစ္စည်းနဲ့ လာဘ်ထိုးထားတာ။

ဒါပေမဲ့. .

ဒီဘက်က လူတွေနဲ့လည်း သူ့အစ်မတွေကို မြန်မြန်နီးစပ်စေ ချင်တယ်။ ဒါမှ သူစိတ်အေးရမှာ မဟုတ်လား။

မြန်မြန်ဖြစ်သွားအောင် ဖေဖေ့ကို တစ်ခါတည်းပြောလိုက် တော့ ပြီးရော။

ဖေဖေက စိတ်မြန်တယ်။ လူငယ်တွေအပေါ် နားလည်မှုရှိ တယ်။ အဆင့်အတန်း မခွဲခြားတတ်ဘူး။ သမီးတွေကို ချစ်တယ်။

ဖေဖေ့သိလို့ ဘာမှအဆင်မပြေစရာ မရှိဘူးဆိုတာ ရီမာသိ ပြီးသား။

ရီမာကြောက်တာ တစ်ခုပဲရှိတယ်။

သူတို့ကြံနေတာတွေကို ကိုတိုးသိသွားမှာကိုပဲ။

အဲဒါကိုတော့ ရီမာအကြောက်ဆုံး။

မချစ်ရသေးဘဲ မုန်းသွားရင် သေပြီဆရာပဲ။

"ရီမာ တစ်ခုစားချင်သေးတယ်။ အဲ. . ပြောချင်သေးတယ်"





ရီမာက မုန့်ပန်းကန်ကြည့် ပြောတာဆိုတော့ မှားသွားတယ်။ ရဲခေါင်လည်း မျက်လုံးပြူးသွားပြီးမှ ပြန်ကျဉ်းသွားတော့တယ်။

"ပြောလေ. . ။ ဘာပြောမလဲ"

"ဟို. . အခုလို ကျိတ်ကြံတဲ့ကိစ္စတွေကို ကိုတိုး လုံးဝမသိစေ ဖို့ပဲ"

"စိတ်ချပါ. . ။ ငါ ကိုတိုးကို ဘာမှ မပြောဘူး"

ရဲခေါင်က ကတိပေးတာ၊ ရီမာက ချစ်ဦးဖြူကိုလည်း လှမ်း ကတိတောင်းတယ်။

"ကိုချစ်ဦးဖြူလည်း ကိုတိုးကို ဘယ်တော့မှမပြောပါဘူးလို့ ကတိပေးနော်"

"စိတ်ချပါဗျာ. . ။ အယ်ဒီတာကောင်းတစ်ယောက်မို့ ကတိ ခိုင်ရပါစေ့မယ်"

ဘာမှ မဆိုင်ဘူးရယ်. . ။

ဘာအယ်ဒီတာကောင်းမှလည်း မဟုတ်။

ရမ်းတီး၊ မှန်းတုတ်၊ ခိုးချ အယ်ဒီတာက ပါဝါလုပ်နေတာ။ မသိရင်တော့ ယုံပေါ့။

"ယုံပါတယ်. . ။ ကိုချစ်ဦးဖြူရဲ့ ဥပဓိရုပ်ကိုကြည့်ပြီး ယုံပါ တယ်။ ရီမာ အကြံတစ်ခုပေးပါရစေ"

"ပေးပါ. . ပေးပါ. . "

"ဟို. . ဒီလိုပါ၊ မမကြည်ပြာကို ကိုချစ်ဦးဖြူနဲ့ပတ်သက်ပြီး ရီမာ စပြောလို့ရအောင် မမကြည်ပြာဆီ စာတိုက်ကနေ စာပို့လိုက် ပါလား"

"ထောက်ခံစာနဲ့ စာရွက်စာတမ်းတွေကို နောက်ဆက်တွဲ(က) နဲ့ ပို့မယ်လို့ ရေးလိုက်ပေါ့၊ အဓိကကတော့ စာရောက်လာဖို့ပဲ"

"ဟုတ်ပြီ. . ဟုတ်ပြီ. . "

"ဒါမှ အဲဒီစာကို ရီမာဝိုင်းဖတ်ပြီး ဆက်လက်တွန်းပို့လို့ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ချောက်တွင်းမှာလား"

"ဟုတ်ပါဘူး . . ။ ချစ်ဦးဖြူဆိုတာ သာမန်အယ်ဒီတာ မဟုတ်ကြောင်း၊ အခုဖြူပေမယ့် တစ်နေ့ညိုလာရင် စာရေးဆရာကြီးချစ်ဦးညိုရဲ့ နေရာကို သူရသွားနိုင်ကြောင်း . . ဘာညာ . . သာရကာတွေ ရွီးလို့ရတာပေါ့"

"ဟုတ်လိုက်လေကွယ် . . ။ ရီမှာ သိပ်တော်ပါလား"

"လူတိုင်းပြောကြတာပဲ"

"ငါမပါဘူး"

ရဲခေါင်က ဝင်ဖောက်တာ။

အဲ့ဒီနေ့က သူတို့တစ်တွေ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ဆက်လက်ဆွေးနွေးလိုက်တာ ဆိတ်သားပတ်စ်တစ်ပန်းကန်လုံး ကုန်ပါလေရော။

ရီမှာ့ခမျာ အပြန် ဗိုက်လေးလို့ မအီမသာနဲ့ကို ထပြန်သွားရတာ။

ကကပေါ်ရောက်တော့ ဘာပြောသွားတယ်မှတ်လဲ။

"ဒီလို အမြဲ ကျွေးနိုင်၊ ပေါ နိုင်ကြပါစေ" . . တဲ့။

❖

ရဲခေါင်မဲပြောင်ရဲ့ရုံးကို ကိုတိုးရောက်လာတယ်။ လာရတဲ့အကြောင်းရင်းက ရဲခေါင်ကို ဦးမိုးကြြယ်က တွေ့ချင်တဲ့ကိစ္စပဲ။

ဒီကိစ္စပြောဖို့အတွက် ကိုတိုးက မှင်အပြည့်ဖြည့်လာတာ။ ဒီခွင်ကို သူဖန်လာတယ်ပေါ့။

ဒီတော့ သူ့ကို ရဲခေါင်က ကျေးဇူးတင်၊ ဘီယာတိုက်၊ သိပ်မိုက်တဲ့ အစီအစဉ်ပဲ။

ဒီကိစ္စကို ရဲခေါင်လုံးဝမသိသေးဘူးပဲ သူထင်တာပေါ့။ ဒါလား . . ရှယ်လျှို့ဝှက်လေ။ ပေါက်ကြားလို့လည်း မဖြစ်ဘူး။ ပေါက်





ကြားရင် ဘီယာနဲ့ဝေးသွားနိုင်တယ်။

'ဒီကောင့်ကို ကောင်းကောင်းနဲ့ပြီးမှ ဘီယာအပီကိုင်ရမယ်'

လို့ ကိုတိုးတွေးလာတာ။ ရုံးရောက်တော့ မောရောပဲ။ ရဲခေါင် မရှိဘူး။ အပြင်သွားနေသတဲ့။

ဘယ်ရမလဲ . . ။ ဒွဲကောင်းကောင်းနဲ့ ထိုင်စောင့်တာ။ ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်တာ လက်ဖက်ရည်တစ်ခွက်နဲ့ စီးကရက်နှစ်လိပ်ကုန်မှပဲ ရဲခေါင်ရောက်လာတယ်။

"ဟေ့ကောင် ရဲခေါင် . . မင်းကိစ္စအတွက် ငါ သက်သက်လိုက်လာရတာ။ ဒီမှာ လက်ဖက်ရည်ဖိုးရှင်း"

ရဲခေါင်က ပြုံးတယ်။ သူပါ ဝင်သောက်ပြီး လက်ဖက်ရည်ဖိုးရှင်းရှာပါတယ်။

"ဘာကိစ္စလဲ . . ပြော"

"မင်းကိစ္စ . . "

"ငါ့ကိစ္စက ဘာလဲ . . ပြော"

"ဒီမှာ မပြောဘူးကွာ"

"ဘယ်မှာ ပြောချင်လဲ"

"ဘီယာဆိုင်မှာ"

"မအားသေးဘူးကွ။ ရုံးဆင်းမှဆို ဖြစ်မလား။ သိပ်မှ မလိုတော့ပဲ"

"ဖြစ်တယ်"

"ဒါဆို မင်းဆက်စောင့်"

"စောင့်မယ် . . စောင့်မယ် . . "

"စောင့်တာလည်း စောင့်၊ ကိစ္စကိုလည်း ပြောဦး"

တကယ်တော့ ရဲခေါင် ဟန်လုပ်မေးတာ။ ကိစ္စက သိနေတယ်လေ။ သိပြီးသားပဲ။

"အခု မပြောဘူးကွာ။ ဘီယာသောက်ရင်းမှ ပြောမယ်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် အရေးကြီးတဲ့ခွင် ငါဖန်လာတယ်"

"ပြောကွာ. .။ သိချင်လှပြီ"

ရဲခေါင် ဟန်လုပ်ပြောတာ။

"သိချင် စောင့်ဦးကွာ။ ဘီယာဆိုင်ရောက်မှ ပြောမယ်။ မင်း သိထားရမှာက နီလာ့ကိစ္စ မင်းအဆင်ပြေဖို့ရှိတယ် ဆိုတာပဲ"

"အဆင်ပြေရအောင် ငါလည်း ဘာမှမပြောရသေး. ."

"မင်းပြောမှလားကွာ။ နီလာတို့အိမ်မှာ အရေးပါအရာရောက်တဲ့ ငါတစ်ယောက်လုံး ရှိနေတာပဲ"

"ကျေးဇူးပဲကွာ. .။ ကဲ. . ခဏစောင့်ဦး။ ငါ အလုပ်လက်စ ဖြတ်ပြီး ပြန်ဆင်းလာခဲ့မယ်"

"အိုကေ"

ကိုတိုးက ဆရာကြီးစတိုင်နဲ့ လုပ်နေတယ်။ ရဲခေါင် ရယ်ချင်စိတ်ကို အောင့်ထားရတယ်။

ဘာပဲဖြစ်ဖြစ်. .

ဘီယာတော့ တိုက်ရဦးတော့မှာပဲလေ။

အရင်းများမှ အမြတ်များမယ်မဟုတ်လား။ တချို့ အချစ်အတွက်နဲ့ အသက်ပင်သေသေ ဖြစ်နေကြတာ။ ကိုယ်က ဒီလောက်လေးကုန်ကျတာ ရှိပါစေတော့လို့ ရဲခေါင်သဘောပိုက်တယ်။

သိပ်မိုက်တဲ့ကလေး. .။ ကုန်ဦးတော့မှာ။

❖

ဒီတစ်ခါ ကိုတိုးတို့က ဘီယာဆရာကြီးဖြစ်နေပြီ။ ဘီယာနှစ်ပက်၊ ဆော်ဒါတစ်လုံး မဟုတ်တော့ဘူး။

စည်ဘီယာကိုတောင် မသောက်တော့ဘူးရယ်။ ပုလင်းက ပိုကောင်းတယ်ဆိုပြီး ပုလင်းမှာတော့တာ။ သူမတိုက်ရတိုင်း. .။

ထားပါတော့. .။





ရဲခေါင်မဲပြောင် ကျေနပ်ပြီးသားပဲ။ နီလာတို့ အိမ်ဝင်ရမယ်ဆိုတော့ သူပါမှ ဖြစ်မှာကိုး။

ဘာပဲဖြစ်ဖြစ်. .

ဒီနေရာမှာ ကိုတိုးကို ဆရာတင်ထားရမှာပဲ။

"ဆရာတိုး သောက်လေ. .။ ဘာစားမလဲ. . မှာ"

အမယ်လေး. . ချက်ချင်းကို ဆရာတိုးဖြစ်လို့။ စားချင်ရာမှာတဲ့။

ကိုတိုးကလည်း ခွင်တွေ့တုန်း ဖွဲ့မဟဆိုပြီး မှာလိုက်တာများ အစိမ်းကြော်၊ ချိုချဉ်ကြော်၊ ကြက်ကြော်. . စုံလို့။

ပြောမယ့်သာ ပြောရတာ။ ကိုတိုးမှာတာတွေကြည့်ပြီး ရဲခေါင် မျက်နှာပျက်နေပြီ။ ကြာရင် တစ်ကိုယ်လုံးပျက်တော့မှာ။

"ကိုတိုး. . မင်းစားမှာရော ဟုတ်ရဲ့လား"

ရဲခေါင်က ကိုတိုးကို မသက်သာသလို ကြည့်တယ်။ ကိုတိုး ဖုတ်များ ဝင်နေပြီလားပေါ့။ ကိုတိုးကတော့ အေးဆေးပဲ။

"မကုန်မချင်း နှံ့စားမယ်. .။ ဘာမှ မပူနဲ့"

"စားဟ. . စား. .။ ကဲ. . ငါ့ကိစ္စပြော"

"မင်းကိစ္စပေါ့ကွာ. .။ ငါအတော်ကြီးစားလိုက်ရတာ။ အဘိုးကြီးက လူတစ်မျိုးကွ"

"တစ်ယောက်တည်းဆို တစ်မျိုးပဲဖြစ်မှာပေါ့ကွာ"

ရဲခေါင်က ဝင်ဖောက်တာ။ မထူးဘူးလေ. .။ သူ့ရှိုးမှာကြီးကို သိသိနဲ့ နားထောင်နေရမယ့်အတူတူတော့ ပွဲဆူအောင်လုပ်ပေးတာမှ ပျော်ရဦးမယ်။

"အေး. . အဘိုးကြီးတစ်ယောက်တည်းမို့ တစ်မျိုးပေမယ့် ငါနဲ့တွေ့တော့ နှစ်မျိုးဖြစ်သွားရော"

ကိုတိုးက ပြောလိုက်၊ စားလိုက် လုပ်နေတာ။ သောက်တာကလည်း ပါသေး။ ဆက်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကကွာ. . သူတို့အိမ်မှာ အချိန်မရွေး ဝင်ထွက်သွားလာစားသောက်နေတော့ အဘိုးကြီးက ငါ့ကို သားသမီးလို သံယောဇဉ်ဖြစ်နေတာပေါ့"

"ယုံတယ်ကွာ. . ။ ဆက်ပြော"

"ယုံရမယ်လေ. . ။ ကြောင်လည်းရမယ်၊ ကွက်လည်းရမယ်။ အဘိုးကြီးကတော့ ငါမှ ငါပဲဟော့။ သားယောကျာ်းလေး မရှိဘူးကိုးကွ"

ရွှီးတာ. . ရွှီးတာ. . ။ ရဲခေါင်ကလည်း ခေါင်းလေးတညိတ်ညိတ် လုပ်နေတယ်။ ကိုတိုးပြောတာကို အရမ်းအရမ်း စိတ်ဝင်စားသလို လုပ်နေတယ်။ ထောက်တောင်ပေးလိုက်သေး။

"အေး. . ဒါနဲ့ ဆက်ပြောပါဦး။ ငါအရမ်းစိတ်ဝင်စားလာပြီ"

"ငါ့ကို သားသမီးလို သဘောထားတယ် ထင်ပါရဲ့ကွာ။ ငါပြောရင်ပြီးတာပဲ။ သူ့သမီးတွေစကားတောင် နားမထောင်ဘူး။ ငါ တစ်ချက်ပြောရင် ခေါင်းတစ်ချက်ညိတ်ပဲ"

"မင်းက ဘာတွေများ ပြောလဲ"

"ဟိုကွာ. . ငါက အန်ကယ်စားပြီးပြီလားဆိုလည်း ခေါင်းညိတ်တာပဲ။ နေကောင်းလားဆိုလည်း ခေါင်းညိတ်တာပဲ။ အန်ကယ်. . ပြန်မယ်နော်ဆိုလည်း ညိတ်တာပဲ"

"တယ်ဟုတ်ပါလား"

"ဟုတ်ဆိုကွာ. . ငါပြောတိုင်း တစ်ခါမှခေါင်းမခါဘူး။ အန်ကယ်. , ပြန်မယ်ပြောလိုက်ရင်များ ခေါင်းကို သုံးခါလောက် အော်တိုညိတ်တော့တယ်"

"ပြန်စေချင်လို့ နေမှာပေါ့"

"မဟုတ်ဘူး. . ။ ငါ့ကို လေးစားတာကွ။ ငါပြောရင် မငြင်းဘူး။ ဒါနဲ့ ငါလည်း မင်းကိစ္စ စဉ်းစားမိပြီး ပြောချလိုက်တာပေါ့"

"ဘယ်လိုပြောချလိုက်တာလဲ"





"ဟိုကွာ. . ငါ့မှာ သူငယ်ချင်းတစ်ယောက်ရှိကြောင်း၊ သဘောကောင်းကြောင်း၊ အဲဒီကောင်က အန်ကယ့်သမီး နီလာနောက်ကကပ်လိုက်ဖူးကြောင်း၊ နီလာ့ကို စိတ်ဝင်စားနေပုံရကြောင်း၊ နီလာ ဒန်ပေါက် ကဗျာစပ်တာ သူစပ်တာဖြစ်ကြောင်းနဲ့ အန်ကယ် အဲဒီကောင်ကို ခေါ်ဆုံးမသင့်ကြောင်း ပြောလိုက်တာပေါ့ကွ။ အဲဒါ အန်ကယ်က မင်းကို ခေါ်ခဲ့တဲ့။ တွေ့ချင်တယ်တဲ့။ အဆင်ကိုပြော"

"ဟင်. . မင်းက ငါ့ကို ချောက်တွန်းထားတာမဟုတ်ဘူးလား ဟိုက ပြောတော့တစ်မျိုး"

"ဘယ်က ပြောတာလဲ"

"ဟိုကွာ. . နီလာပြောတာ။ နီလာ့နောက် ငါလိုက်တုန်းက ပြောတာ။ အဖေဆီ လာတွေ့တဲ့။ သူတို့အိမ်ထဲထိတောင် ရောက်ခဲ့တာ။ ရီမာနဲ့တွေ့လို့ကွ"

"ဒါဆို မင်း အန်ကယ့်အိမ်ရောက်ဖူးတယ်ပေါ့"

"အေးကွ. . ဒါပေမဲ့ အဘိုးကြီးနဲ့ မတွေ့ပါဘူး. ။ ရီမာနဲ့ပဲ တွေ့ခဲ့တာ"

"အေး. . အခု အဘိုးကြီးနဲ့ တွေ့ရတော့မယ်။ တနင်္ဂနွေနေ့ ငါလာခေါ်မယ်။ မင်းဘက်က အသင့်ပြင်ထား"

"အဝတ်အစား လဲထားရမှာလား"

"ဟိုက မေးခွန်းတွေထုတ်ရင် ပြန်ဖြေနိုင်အောင် ပြင်ဆင်ထားခိုင်းတာကွ"

"အဘိုးကြီးက ငါ့ဗျူးမှာပေါ့"

"အေးလေ. ."

"ဗျူးပြီး အလုပ်ခန့်မှာလား။ သူ့သမီးနဲ့ ပေးစားမှာလား"

"ဒါတော့ မင်းပဲမေးကြည့်တော့ဟေ့"

ကိုတိုး တင်းသွားတယ်။ ပြန်ဖို့ လုပ်တယ်။ ပြန်သင့်တာ ကြာပြီ။ ဘီယာသုံးလုံးလည်းပြတ်၊ စားစရာတွေလည်း ပြတ်ပြီ။ ပြန်ရုံပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတော့တာပေါ့။

ရှီးသင့်တာရှီး၊ ချိန်းသင့်တာလည်း ချိန်းခဲ့ပြီးပြီမို့ ဆိုင်ထဲက ထွက်ခဲ့ကြတယ်။

"ကဲ. . သူငယ်ချင်း။ ငါသွားမယ်။ တနင်္ဂနွေနေ့ လာခေါ်မယ် နော်။ သေချာပြင်ဆင်ထား။ အဆင်ပြေရင် တစ်ခါတည်း မိန်းမရ သွားနိုင်တယ်"

ကိုတိုးက ရစ်နေသေးတာ။ ရဲခေါင်ကတော့ မရစ်နိုင်တော့ ဘူး။

"အေးပါကွာ. . ငါအကောင်းဆုံးဝတ်ဘေးထားပြီး စောင့်နေ ပါ့မယ်"

လို့ ပြောပြီး နှစ်ယောက်သား ကျောခိုင်းထွက်သွားကြတော့ တာ။

လေးငါးဆယ်လှမ်း လှမ်းပြီးမှ နှစ်ယောက်သား ပြန်လှည့်ကြ ပြီး လျှောက်လာတော့ မျက်နှာချင်းဆိုင် ဆုံကြပြန်တယ်။

"အေးကွာ. . မှားသွားတယ်။ ငါက ဒီဘက်သွားရမှာ။ မင်း သွားရမယ့်ဘက် သွားမိတယ်။ ဆောရီးပဲ သူငယ်ချင်း"

လို့ ကိုတိုးကပြောတော့ ရဲခေါင်ကလည်း. .

"ငါလည်း မှားသွားတယ်။ စောတော့ မစောတော့ဘူး။ ဒါ ပေမဲ့ ဆောရီးကွာ"

လို့ ပြန်ပြောလိုက်သေးရဲ့။ တကယ့်လူတွေ. . ။

❖❖❖



# ပို့စ်မော်ဒန်အင်တာဗျူး

အားလပ်ရက် တနင်္ဂနွေနေ့. . ။

ဦးမိုးကြယ်တို့မိသားစုအားလုံး အိမ်မှာရှိနေကြတယ်။

ဦးမိုးကြယ်က သတင်းစာတစ်စောင် ဖတ်နေတယ်။ ဒေါ်နီ ပြာရီကတော့ ပုတီးစိပ်လို့။

နီလာတို့ ညီအစ်မသုံးယောက်က ထုံးစံအတိုင်း တီဗီထိုင် ကြည့်နေကြတာ။

သိပ်မကြာပါဘူး. . ။

ဧည့်သည်ရောက်လာတယ်။ ဘယ်သူရှိရမလဲ။ ကိုတိုးနဲ့ ရဲခေါင်မဲပြောင်။

"အန်ကယ်. . ကျွန်တော်တို့ ရောက်ပါပြီ"

လို့ ကိုတိုးက နှုတ်ဆက်တယ်။

"ဩော်. . အေး. . ထိုင်ကြ. . ။ သူက. . "

"ကျွန်တော်ပြောတဲ့ ရဲခေါင်ပါ"

"မဲပြောင်တာ မပါတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကြယ်က စဖောက်လိုက်တယ်။ ရဲခေါင်က သွားလေးဖြီးပြီး. .

"ဟီး. . ဒါက သူငယ်ချင်းတွေက ချစ်လို့ ခေါ်ကြတာပါခင်ဗျ"

"အန်ကယ်ကလည်း ခင်တတ်ပါတယ် မောင်မဲပြောင်. . အဲ. . မောင်ရဲခေါင်ရဲ့"

"ဟီး. . ကျေးဇူးတင်ပါတယ်ခင်ဗျ"

"ခင်တာ ကျေးဇူးတင်စရာလား။ မုန့်ကျွေးလို့ ကော်ဖီတိုက်လို့ဆို ဟုတ်သေး"

ဦးမိုးကြယ်ပြောတာဆိုတာတွေကိုကြည့်ပြီး ကိုတိုးကောင် သံသယ ဖြစ်သွားတယ်။ ရဲခေါင်ကို ခေါ်ပြီးချွတ်မှာလားလို့ တွေးမိတယ်။ ရဲခေါင်ကို လက်ကုတ်သတိပေးလိုက်တယ်။

"ဟေ့ကောင်. . သတိထား။ မင်းကို ချွတ်မလား မသိဘူး"

"ရတယ်. . ။ အတွင်းမှာ ဘောင်းဘီပါတယ်"

ရဲခေါင်က အေးဆေးပဲ။

ဘယ်ထိအေးဆေးလဲဆို မိဘနှစ်ပါး ရှေ့ထားပြီး နီလာ့ကိုပဲကြည့်နေတယ်။ သူ့ကိုယ်သူ ကျောက်ကုန်သည်မှတ်နေလား မသိ။

ထောင့်မကျိုးတဲ့ ရဲခေါင်ကိုကြည့်ပြီး ဒေါ်နီပြာရီ ပုတီးပတ်တွေ မှားကုန်တယ်။ မျက်စောင်းကလည်း ခဲလိုက်သေး။ လက်က ပုတီးစိပ်ပြီး မျက်စိက ရဲခေါင်ဆီမှာရယ်။ ပါးစပ်ကလည်း ပွစိပွစိနဲ့ မေတ္တာပို့နေသလား မသိရ။

အခြေနေမဟန်တာသိလို့ နီလာထသွားတယ်။ နီလာထတော့ ကျောက်စိမ်းလည်းထ. . အဲ. . ကြည်ပြာနဲ့ ရီမာလည်း ထတော့တယ်။

သိပ်မကြာပါဘူး. . ။ ဒေါ်နီပြာရီလည်း ထသွားတော့တယ်။ ဒေါ်နီပြာရီ ထပြီးအထွက်မှာ ရဲခေါင်ကို မျက်စောင်းထိုးသွားတာဆို





တော့ ခုံစွန်းနဲ့ တိုက်မိပါလေရော။

"ဗုဒ္ဓေါ. . တဏှာ. ."

ယောင်စကတော့ ဗုဒ္ဓေါပဲ။ တဏှာကြီးက ရဲခေါင်ကို လှမ်းနှိုးပြီး ကပ်ထည့်လိုက်တာလေ။ ကြုံတုန်း ဆော်ရတာ။

သားအမိတတွေ ထသွားတော့ ဧည့်ခန်းမှာ ဦးမိုးကြယ်နဲ့ ကိုတိုးရယ်၊ ရဲခေါင်ရယ်ပဲ ကျန်တာပေ့ါ။

ကိုတိုးကလည်း ဦးမိုးကြယ် ရဲခေါင်ကို လွတ်လပ်စွာမေးမြန်းစူးစမ်းနိုင်ရန် ရည်သန်ပြီး အပြင်ထသွားတယ်။

"အန်ကယ်. . ကျွန်တော် ခြံထဲခဏ ပန်းပင်လေး သွားကြည့်မလို့။ ရဲခေါင်. . အန်ကယ်နဲ့ စကားပြောဦး"

ဆိုပြီး ထလာခဲ့တော့တယ်။ ခြံထဲကျတော့ ပန်းပင်မကြည့်ဘဲ ညီမသုံးဖော်ကို ရှာနေတာရယ်။ ဘယ်သူမှတော့ ခြံထဲဆင်းမလာသေးဘူး။

ကိုတိုး ပန်းခြံကြားမှာ ဟိုလိုလိုဒီလိုလိုနဲ့ စောင့်နေတော့တာ။

အဲဒီအချိန်မှာတော့ ဧည့်ခန်းမှာ ဦးမိုးကြယ် အင်တာဗျူးစနေပြီလေ။

"နာမည်ရင်းက မောင်ရဲခေါင်. . ဟုတ်တယ်ဟုတ်"

"ဟုတ်. ."

ရဲခေါင်က သတိဆွဲပြီး ဖြေတာ။ ထိုင်လျက် သတိဆွဲထားတာ။ မေးချင်ရာမေး ရင်ကော့ဖြေမယ်ဆိုတဲ့ သဘောပဲ။

"မိဘက. ."

"ဦးကျော်ခေါင်၊ ဒေါ်လှသောင်. . ။ ကုန်သည်လုပ်။အဖေရှိအမေဆုံး. ."

"ညီအစ်ကိုမောင်နှမ. ."

"တစ်ဦးတည်းသောသား"

အမယ်လေး. . ဖြေနေလိုက်တာ။ တကယ့်ကို တပ်မှူးကမေး



www.burmeseclassic.com

www.burmeseclassic.com



တာကို ဖြေနေတဲ့ ရဲဘော်အတိုင်းပဲ။

ဦးမိုးကြယ်က ဆက်မေးတယ်။

"ဆူနာမီကို ဘယ်လိုမြင်လဲ"

"ဗျာ. . "

"လူတွေသိန်းချီသေခဲ့ရတဲ့ ဆူနာမီဒီလှိုင်းကို ဘယ်လိုမြင်လဲ မေးတာ"

"ဩော်. . ကျွန်တော် မမြင်လိုက်ဘူးခင်ဗျ။ အိပ်ပျော်နေတယ်"

"ဒါဆို ကိုရီးယားဇာတ်ကားတွေကို ဘယ်လိုမြင်လဲ"

"တီဗီထဲမှာဆိုတော့ ခပ်သေးသေးပဲမြင်ပါတယ်။ ဇာတ်လမ်းကောင်းပါတယ်။ ဇာတ်သိမ်းညံ့တယ်။ မြန်မာမှုပြုလိုက်ရရင်တော့ ရိုက်စားပဲ"

"ငွေထုတ်ပေးရင် ရိုက်မလား"

"ရိုက်ရဲပေါင်"

"မင်းအနေနဲ့ G.S.M ဖုန်းလျှောက်ထားတာ ရပြီဆို ဘာလုပ်မလဲ"

"ရောင်းစားပါ့မယ်ခင်ဗျ"

"မဆိုးပါဘူး. . စီးပွားရေးလာဘ်မြင်တယ်။ ငါ့သမီးနဲ့ရရင် ဘာလုပ်မလဲ"

"ရောင်းစားပါ့မယ်ခင်ဗျ"

"ဘာကွ. . "

"အာ. . ဘွာ. . အန်ကယ်မေးတာ ဆက်သွားလို့ ရောသွားတာ။ အလုပ်ကြိုးစားပြီး ရှာဖွေကျွေးပါ့မယ်"

"ရှာဖွေလို့ မရရင်ရော"

"သူ့မိဘဆီက လှည့်ရမှာပဲ"

"ဘာ. . "





"ဩော်. . သူ့မိဘဆီ လှည့်ပြီး ခဏပြန်အပ်ထားပါ့မယ် ခင်ဗျ"

"ဘယ်တော့ ပြန်ခေါ်မလဲ"

"ကလေးမွေးပြီး ကလေးဘွဲ့ရမှ"

"မင်းကို ငါနောက်ဆုံးတစ်ခွန်းပဲမေးတော့မယ်။ သေချာဖြေစားဖြေ"

"ဟုတ်ကဲ့ပါ"

"မင်း ငါ့သမီးကို တကယ်ချစ်လား"

"ဟာ. . အန်ကယ်. . အဲဒါပဲပြောချင်တာ။ ကျွန်တော် နီလာ့ကို တကယ်ချစ်ပါတယ်။ အဲဒါ သူ့ကိုမပြောရဲလို့ အန်ကယ်ပဲ ပြောပေးပါနော်"

"ဩော်. . အေး. . အေး. . ဟော့ကောင်. . ဘာကွ"

ဦးမိုးကြယ်အော်ထည့်လိုက်တာ တစ်အိမ်လုံးတုန်သွားတယ်။ ရဲခေါင်တစ်ယောက်ပဲ မတုန်တာ။ သတိဆွဲထားတုန်းပဲ။

"ဟော့ကောင်. . သက်သာ"

"မသက်သာပါဘူး အန်ကယ်ရယ်။ ညောင်းတောင်နေပြီ"

"အေး. . ဒါကြောင့် မင်းကို သက်သက်သာသာထိုင်ခိုင်းတာ"

"ဩော်. . ဟုတ်ကဲ့"

ဆိုပြီး ရဲခေါင် ပြင်ထိုင်တယ်။ ဦးမိုးကြယ် ဘာစိတ်ကူးပေါက်သွားလဲ မသိဘူး။ ဆက်မဖျူးဘဲ ရေဘူးတွေဘာတွေ ချတိုက်နေတယ်။ အားလပ်ချိန်ပေးထားတာလားပဲ။

အဲဒီအချိန်မှာတော့. .

ခြံထဲ ပန်းပင်ကြည့်မယ့် ကိုတိုးတစ်ယောက် ပန်းပွင့်ကြည့်နေတယ်။

ရီမာဆိုတဲ့ အလှပန်းလေးကိုပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . .

သိပ်တော့ အစာမကျေဘူး။

လက်ရှိဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ ရီမာ့ကို သူမေးနေတာ။

"ဘာတွေဖြစ်နေပြီလဲ ရီမာ။ အန်ကယ်ကိုယ်တိုင် ရဲခေါင်ကို ခေါ်တွေ့လို့ . .။ ဘယ်သူ့လက်ချက်လဲ"

"သိဘူးလေ"

"နီလာနဲ့ ကြည်ပြာကရော ဘာဖြစ်နေကြတာလဲ"

"သိဘူးလေ"

ရီမာက ဘူးနှစ်လုံးဆောင်ထားတော့ ကိုတိုးဆက်မမေးတော့ဘူး။ ဆက်မေးလည်း ဘူးတွေပုံလာမှာ မြင်မိလို့။

ဒါပေမဲ့ . .

မကျေနပ်တာတော့ အမှန်ပဲ။

ဘာကိုမကျေနပ်မှန်းလည်း မသိ။ ဘာမှန်းမသိတဲ့ ဒေါသက ရီမာ့အပေါ် စုပြုံကျရောက်နေသလိုပဲ။

"ဒီမှာ ရီမာ . ."

ခပ်ထန်ထန်လေးခေါ်လိုက်မိလို့ ရီမာလန့်သွားဟန်ရှိတယ်။ တိုးတိုးလေး ပြောတယ်။

"ရီမာ ဒီမှာပါပဲ။ ဘယ်မှ မသွားပါဘူး"

ရီမာ လျှောင်တာမဟုတ်ပါဘူး။ သူရပ်နေတဲ့နေရာက ဘယ်မှ ရွှေ့ဖို့ စိတ်ကူးမရှိလို့ ဖြေလိုက်မိတာ။ လျှောင်သလိုဖြစ်နေတော့ ကိုတိုးတင်းသွားတာပေါ့။ လေသံပြင်းပြင်းနဲ့ ပြောလိုက်မိတယ်။

"လတ်တလောဖြစ်ပေါ်နေတဲ့ ဖြစ်ရပ်တွေနဲ့ ပတ်သက်လို့ ရီမာ့ဘက်က တာလုံပါစေလို့ ဆုတောင်းပါတယ်"

"ဆုတောင်းတိုင်း ပြည့်တတ်လို့လား ကိုတိုးရယ်"

"ဘာကိုဆိုလိုတာလဲ . .။ ဝန်ခံတဲ့ သဘောလား"





"ဘာကို ဝန်ခံရမှာလဲ။ ဘာလဲ . . အစ်တဲ့သဘောလား"

ရီမာလည်း အရှိန်လေးရလာတာနဲ့ ပြန်ပြောနေမိတယ်။

တကယ်တော့ . .

ကိုတိုးကို သူသိပ်ချစ်တာပါ။ ချစ်သမျှ ဘယ်လိုမှအပြစ်မယူရက်အောင် ချစ်တာ။ ဘယ်တုန်းက ဘယ်လိုဖြစ်၊ ချစ်သွားတယ်ဆိုတာတော့ ရီမာလည်း မပြောတတ်သေးဘူး။

ကျောင်းအတူတက်ခဲ့ကြပြီး ကျောင်းပြီးတော့လည်း အမြဲပဲ တွေ့နေကြတော့ သံယောဇဉ်ဆိုတာ ရှိပြီပေါ့။

ကြာလာတဲ့အမျှ သံယောဇဉ်ကနေ ရွှေယောဇဉ်ဆိုတာ ရှိပြီပေါ့။

အဟုတ် . .။

ရီမာကသာ ရွှေယောဇဉ်ပြီတွယ်ရတာ။ ကိုတိုးက ကြေးယောဇဉ်တောင် အရိပ်မပြလို့ ခံရခက်နေတာ။

ကိုတိုးဟာ ချစ်တတ်ရဲ့လား။ နှလုံးမှပါရဲ့လားလို့တောင် ရီမာ မတွေးမိသေးဝဘ။

"ဒီမှာ ရီမာ . ."

"ဒီမှာပါပဲဆို"

"ပြေးနိုင်တုန်း ပြေးထား။ မိရင်တော့ ဘွာမခတ်နဲ့။ ဒါပဲ . ."

ကိုတိုးက ပြောပြောဆိုဆို အိမ်ပေါ်ပြန်တက်သွားတယ်။ ရီမာ ရီဝေစွာပဲ ကျန်ခဲ့ရပြီပေါ့။

"နင် ငါ့ရဲ့ရင်ဘတ်ကြီးကို ခွဲမကြည့်တော့ဘူးလား ကိုတိုး။ အေးလေ . . နင်က ခွဲစိတ်ကုဆရာဝန်မှ မဟုတ်တာ။ နင်က တိုးတိုးလေးနဲ့ ရစ်တတ်တဲ့ တိုးရစ်ပဲ"

ရီမာ စိတ်ပျက်လက်ပျက်ညည်းလိုက်တာများ ကိုတိုးတစ်ယောက် လူစင်စစ်က တိုးရစ်ဖြစ်သွားတယ်။

ကိုတိုး အိမ်ပေါ်တက်သွားတော့ အခြေအနေတွေ လှတာ



www.burmeseclassic.com

www.burmeseclassic.com



ပတာဖြစ်နေတာ တွေ့ရလို့ အံ့အားသင့်သွားမိတယ်။

ကြည့်ပါဦး. . ။

ရဲခေါင်ကို နီလာက ကော်ဖီချပေးနေပါလား။

"လာ. . ကိုတိုး. . ကော်ဖီသောက်"

ဆိုပြီးလည်း တစ်ခွက်ချပေးတယ်။ ဦးမိုးကြယ်ကလည်း ပြုံးလို့. . ။ ကိုတိုးက ဝင်ထိုင်ပြီး ရဲခေါင်ကို တိုးတိုးကပ်မေးတယ်။

"မင်းနဲ့ အဘိုးကြီးနဲ့ ဘယ်လိုပြေလည်သွားတာလဲ"

"အန်ကယ်က ရုပ်ရှင်မင်းသားကြီး အကယ်ဒမီနေအောင်နဲ့ သိပ်တူတယ်၊ ခန့်ပြီး ချောတယ် ပြောလိုက်လို့ကွ"

"မှတ်သားထိုက်ပါပေတယ်"

ကိုတိုး တိုးတိုးလေး မှတ်ချက်ပြုလိုက်တယ်။ နီလာက ကိုတိုးကို မလုံမလဲကြည့်ပြီး ပြန်ဝင်သွားတယ်။

ဘာပဲဖြစ်ဖြစ်. .

ဒီပွဲမှာ ရဲခေါင်မဲပြောင်တို့ အိုကေမှာ စုံပြည်သွားပြီလို့ ပြောလို့ရတယ်။ ပြန်မယ်လုပ်တော့ ဦးမိုးကြယ်က. .

"ကဲ. . မောင်ရဲခေါင်။ အန်ကယ့်သမီးတွေကို ကိုယ့်ညီမတွေ၊ အစ်မတွေလိုပဲ စောင့်ရှောက်. . ။ အိမ်လည်း လာလည်ပေါ့။ လမ်းမှာ ကပ်မလိုက်နဲ့။ ကားတိုက်မယ်။ ကြားလား. . "

လို့တောင် မှာနေသေးတာ။ ရဲခေါင်တို့များ. .

"ဝုတ်ကဲ့. . ဝုတ်ကဲ့. . " ဆိုပြီး သွားကြီးဖြီးလို့။

❖❖❖



# မျက်ရည်ဝေ့ဝဲ ငိုနေဆဲပါသခင်

အရက်မူးရင် ကျွဲခိုးပေါ်တယ်ဆိုတာ ဟုတ်မှာ။ သိပ်မကြာလှဘူး. . ။ ရဲခေါင်တို့သုံးယောက် ဘီယာဆိုင်ထိုင်ရင်း ရီမာ့အစီအစဉ်တွေ ပေါ်သွားတယ်။

ဖော်ကောင်က ဘညွှန့်မဟုတ်ဘူး။ ရဲခေါင်ကိုယ်တိုင်ပဲ။

သူ မူးမူးနဲ့ အမှတ်တွေယူပြီး လျှောက်ပြောရာကနေ ပေါ်သွားတော့တာ။

ကိုတိုး ဟက်ခေါက်တယ်။ တိုက်ပေါ်တက်၊ တံခါးခေါက်တာ မဟုတ်ဘူးရယ်။

အာခေါင်ကို လျှာနဲ့ထောက်ပြီး ခေါက်ရတာလေ။ ပထမခေါက်တာ 'တောက်'မဖြစ်ဘဲ 'ကျစ်'လို့ ဖြစ်သွားလို့ ပြန်ခေါက်ရသေးတာ။

"တောက်ယယ"

သူက 'တောက်'ဆိုတော့ ရဲခေါင်နဲ့ ချစ်ဦးဖြူက မော့ကြည့်တယ်။ ကိုတိုးက ဂိုက်ပေးကြမ်းကြမ်းနဲ့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲခိုးပေါ်ပြီ။ ထောင်ချပစ်မယ်"

ကိုတိုးစကားကြောင့် ချစ်ဦးဖြူတို့ မျက်လုံးဝိုင်းသွားကြတယ်။

"သက်သက်ညှာညှာ လုပ်ပါကွာ။ ဟိုက မိန်းမသား"

လို့လည်း သံတိပေးတယ်။

မရဘူး။ ကိုတိုး တင်းနေတယ်။ ယောင်ကိုင်းနေပြီ။

"တော်ပြီကွာ. . ။ သွားမယ်"

"ဘယ်ကိုလဲ"

"ရီမာ့ဆီ"

"ဘာလုပ်ဖို့လဲ"

"စာရင်းရှင်းဖို့"

"မင်း ရီမာ့ကို ပေးစရာရှိလို့လား"

"အေး. . အကြွေးရှိတယ်။ အဲဒီအကြွေးအတွက် စာရင်းရှင်းရမယ်"

ပြောပြောဆိုဆို ကိုတိုးထတယ်။ တကယ်သွားတော့မှာ. . ။

ရဲခေါင်က ထတားတယ်။ သူ့ အာချောင်မိတာကိုး။

"လာပါ ကိုတိုးရာ။ တို့နဲ့ ပျော်ပျော်သောက်စမ်းပါ။ ရီမာ မမှားပါဘူး။ မင်းနစ်နာအောင် ဘာလုပ်လို့လဲ"

"လုပ်တာပေါ့ကွ. . ။ သူလုပ်လို့ သူ့အစ်မတွေ ငါ့ကို ရှောင်ဖယ်ဖယ်လုပ်သွားတာ"

"ဟ. . ဒါ. . ကောင်းတာပေါ့ကွ။ မင်းကို ရှောင်ဖယ်မှ ငါတို့ဘက် ရောက်မှာ"

လို့ ချစ်ဦးဖြူက ပြောတယ်။ ဆက်လည်း ပြောသေးတာ။

"ငါ့ကိုလည်း ယောက္ခမလောင်းကြီးက ဘယ်တော့ခေါ်တွေ့မလဲပဲ။ ကြည်ပြာဆီတော့ စာထည့်လိုက်ပြီးပြီ။ ခုလောက်ရှိ ရီမာဘေးက တီးပေးနေလောက်ပြီ"

"ဟော်. . တော်ကြဗျာ. . ။ မင်းတို့တတွေ ရီမာနဲ့ပေါင်းပြီး ငါ့ကို အရူးလုပ်နေကြတာပေါ့"

ကိုတိုးပေါက်ကွဲနေတာ။ လွင့်စင်နေတာ။ ချစ်ဦးဖြူက ချော့ပြည်ထိုးတယ်။

"မင်း ရီမာ့အပေါ် အထင်မလွဲပါနဲ့ကွာ။ သူ့ခမျာ မင်းအပေါ် သံယောဇဉ်ရှိလွန်းလို့ သူ့အစ်မတွေရဲ့ သံယောဇဉ်မြားဦးကို ငါတို့ဘက် လှည့်ပေးရှာတာပါ"

"ဘာလဲကွ. . ။ မင်းတို့တတွေ ရီမာ့ကို လာဘ်ပေးလာဘ်ယူလုပ်ကြတာမဟုတ်လား။ ငါ့ကိုတော့ ဖုံးဖိထားတယ်။ တော်ပြီ. . ။ မင်းတို့ကိုပါ ငါစိတ်ဆိုးတယ်. . ဂလွတ်. . ဂလွတ်. ."

ကိုတိုးက စိတ်ဆိုးဆိုးနဲ့ ဘီယာခွက်ကို ကောက်မော့ချတာ ပြောင်ရော။ ရဲခေါင်က မနည်းတောင်းပန်တယ်။

"ကိုတိုးရာ. . အဲဒီလိုကြီးတော့ စိတ်မဆိုးပါနဲ့ကွာ။ ငါတို့ ဘီယာဖိုးနဲ့ မွဲလိမ့်မယ်"

"ဆိုးတယ်ကွာ. . ဘာဖြစ်လဲ. . ။ ဂလွတ်. . ဂလွတ်. ."

"ဟ. . ဆော်ပြန်ပဟ"

ချစ်ဦးဖြူတောင် မျက်လုံးပြူးသွားတယ်။

"ဒီကောင်စိတ်ဆိုးတာ တစ်မျိုးဟ"

လို့လည်း မှတ်ချက်ပြုတယ်။

ရဲခေါင်က တစ်ချက်စဉ်းစားပြီး ပြုံးလိုက်တယ်။ ခပ်ယဲ့ယဲ့လေး မေးလိုက်တယ်။

"ကိုတိုး. . မင်းစိတ်ဆိုးရင် ဒီလိုမဲ နီးရာခွက် ကောက်မော့တတ်လား"

"ဟုတ်တယ်"

ကိုတိုးက ဂိုက်ပေးကြမ်းကြမ်းနဲ့ ပြောတာ။ ရဲခေါင်က ငါးခူပြုံးလေးပြုံးရင်း. .

"ကဲကွာ. . ဒါဆိုလည်း ဆိုးကွာ။ ရော့. ."







www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဖန်ခွက်တစ်ခွက် ထိုးပေးတယ်။ ကိုတိုးက ဖန်ခွက်ကို လှမ်းကြည့်ပြီး ငြိမ်နေတယ်။ စိတ်ဆိုးဟန်မပြဘူး။

ခပ်တိုးတိုးလေးတောင် ပြန်ပြောလိုက်သေးတာ။

"ရေသန့်လောက်နဲ့တော့ စိတ်မဆိုးနိုင်ဘူး ဟော့ကောင်. ."

❖

"ရီမာတောင်းပန်ပါတယ် ကိုတိုးရယ်။ အရာရာဟာ ရီမာ့ရဲ့ အမှားတွေပါ"

ရီမာ့အသံတွေ တုန်ယင်အက်ကွဲနေဘယ်။ ခက်ထန်စူးရဲလှတဲ့ ကိုတိုးရဲ့အကြည့်တွေကို ရင်မဆိုင်ရဲလို့ ခေါင်းလေးလည်း ငုံ့ထားရှာတယ်။

"တော်ပြီ ရီမာ. .။ နင် တစ်ကိုယ်ကောင်းဆန်တာ။ နင်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ အားလုံးကို အရှုံးလုပ်ရက်တယ်။ နင့်ကို ငါမကျေနပ်နိုင်ဘူး"

ကိုတိုးအသံတွေကလည်း အရင်ကလို မတိုးဘဲ မာကျော နေတယ်။ ရီမာက နှုတ်ခမ်းသားလေးကို ပြတ်မတတ်ကိုက်ရင်း ပြောရှာတယ်။

"နင်ကျေနပ်တဲ့အထိ ငါတောင်းပန်သွားမှာပါ။ နင်စိတ်ဆိုးရင် ငါမနေတတ်ဘူး။ ငါ့ကို ခွင့်လွှတ်ပါ ကိုတိုးရယ်"

"ငါ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး ရီမာ"

"ငါတောင်းပန်ပါတယ် ကိုတိုးရယ်"

"တောင်းပန်မနေပါနဲ့ဟာ။ နင်တောင်းပန်လည်း အလကားပဲ။ ငါက ဟင်ဆို လှည့်ကြည့်ချင်တာမဟုတ်ဘူး"

"နင် ဘာလို့ ငါ့အပေါ် ဒီလောက်မာနိုင်ရတာလဲဟင်။ နင် ငါ့အပေါ် သံယောဇဉ်မရှိဘူး"

"သံယောဇဉ်ဆိုတာက တခြား၊ မကျေနပ်နိုင်တာက တခြား





ပါ ရီမာရယ်"

ကိုတိုးက တကယ်ပဲ မကျေနပ်နိုင်ဘူး ဖြစ်နေတာ။ ရီမာ ဘယ်လိုမှ တောင်းပန်လို့ မရနိုင်ဘူး။

နောက်ဆုံးတော့ ရီမာဆုံးဖြတ်လိုက်ပါတယ်။ ကိုတိုးရဲ့ မာကျောတဲ့နှလုံးသားရှေ့မှာ လက်မြှောက်အရှုံးပေးလိုက်ဖို့ပဲပေါ့။

"ကိုတိုးရယ်. . နင်စိတ်ချမ်းသာမယ်ဆို ငါတစ်သက်လုံး ငိုဆိုငိုပါတော့မယ်။ ငါ့ကို ခွင့်လွှတ်ပါလို့ ထပ်ပြီးလည်း မတောင်းပန်ဝံ့တော့ပါဘူး။ ငါလေ. . ငါ. . ဟင့်. . ဟင့်. ."

ရီမာ ဟန်မဆောင်နိုင်တော့ဘူး။ မျက်နှာကို လက်ဝါးနဲ့အုပ်လို့ ငိုရှိုက်မိတော့တယ်။ ရီမာ့ငိုသံတွေက အင်းယားကန်ဘောင်ကို ဖြတ်ကျော်ပြီး ကန်ရေပြင်မှာ လှိုင်းထသွားစေတယ်။

သူတို့ရောက်နေတဲ့ အင်းယားကန်စပ်က ခုံတန်းလေးပေါ်မှာတော့ ငိုရှိုက်နေတဲ့ ရီမာနဲ့ မျက်နှာလွှဲထိုင်နေတဲ့ ကိုတိုးကို တွေ့ရမှာဖြစ်တယ်။

တကယ်တော့. .

ရီမာ့ကို ပြောချင်လို့၊ ပေါက်ကွဲမှုတွေ ပြချင်လို့ ကိုတိုးကိုယ်တိုင် ဒီနေရာကို ခေါ်လာခဲ့တာပဲ။

အခု ပြောချင်တာတွေ ပြောပြီးလို့ ကိုတိုးကျေနပ်သွားပြီ ဒါပေမဲ့. .

ရီမာ့ခမျာမှာတော့ ငိုလို့ရယ်။

ရီမာငိုနေတာကို ခပ်လှမ်းလှမ်းကနေ လူနှစ်ယောက်ကြည့်နေတယ်။

ပြီး. . အနားကို ရောက်လာကြတယ်။

မှုန်တေတေမျက်နှာထားနဲ့ ကိုတိုးကို ကြည့်တယ်။ ရီမာ့ကို ကြည့်တယ်။

"မိန်းကလေး ဘာဖြစ်လဲ. . ပြော. .။ သူဓော်



www.burmeseclassic.com

www.burmeseclassic.com



ညာခေါ်လာလို့လား။ ဘာမှ မကြောက်နဲ့။ အမှန်အတိုင်းပြော"

လူစွမ်းကောင်းနှစ်ယောက်က ခါးထောက်ပြီး မေးနေတာ။ ကိုတိုးက မော့ကြည့်ပြီး ကြောင်နေတယ်။ ရီမာက ငိုနေရာက မော့ကြည့်တယ်။

မျက်ရည်တွေပြည့်နေတဲ့ ရီမာ့ကိုကြည့်ပြီး သူတို့ ကရုဏာသက်ဟန်ရှိတယ်။ ခပ်တင်းတင်းပဲ မေးလိုက်တယ်။

"ဟေ့ကောင်. . မင်း. . မိန်းကလေးကို ဘာစော်ကားလဲ"

"မင်း. . ညာခေါ်လာတာလား"

ကိုတိုး ဘာမှပြန်မပြောဘူး။ သူတို့ကိုတစ်လှည့် ရီမာ့ကိုတစ်လှည့် ကြည့်နေတယ်။

ဟိုလူနှစ်ယောက်က သေချာပြီအထင်နဲ့ ပြောပြောဆိုဆို ကိုတိုးကို လှမ်းတွန်းလိုက်တယ်။

"ဟာ. . ဒီကောင် ညာခေါ်လာပြီး စော်ကားဖို့ ကြံနေတာဖြစ်ရမယ်"

ကိုတိုး ယိုင်ခနဲဖြစ်သွားတော့ ရီမာ ဆတ်ဆို ထတယ်။

"လာ. . မိန်းကလေး။ ဘယ်ပို့ပေးရမလဲ"

ဆိုပြီး တစ်ယောက်က ရီမာ့လက်ဖျောင်းကို ကိုင်တယ်။ ရီမာ ရုန်းလိုက်ပြီး ပြောလိုက်တယ်။

"ရှင်တို့ ရီးတီးယားတား လာမလုပ်ကြနဲ့နော်။ ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်ခေါ်လိုက်မယ်။ အဲဒါ ကျွန်မချစ်သူရှင့်"

"အယ်. . မှားပဟ"

"စောစောက ပြောပါလားကွယ်"

လို့ ပြောပြီး နှစ်ယောက်လုံး လစ်ကြပါလေရော။

ဒီတော့မှ ရီမာပြန်ထိုင်တယ်။ ကိုတိုးက ပြန်မထိုင်ဘူး။ ရီမာ့ကို စေ့စေ့ကြည့်ပြီး မေးလိုက်တယ်။

"ရီမာ နင်ဘာပြောလိုက်တာလဲ"





"နင်ကြားသားပဲ"

"ဘာသဘောနဲ့ ပြောတာလဲ"

"နင့်အတွက် ကာကွယ်လိုက်တဲ့ ငါ့ရဲ့နှလုံးသားထဲက စကားပဲ။ ဒီအတွက် နင်ထပ်စိတ်ဆိုးရင် ငါတောင်းပန်ပါတယ်။ ငါသွားတော့မယ်"

ရီမာ တကယ်ထသွားတယ်။ စိုစွတ်နေတဲ့ မျက်ရည်စတွေကို လက်ဖမိုးလေးနဲ့ သုတ်သွားတယ်။

ရီမာ သိပ်တင်းနေတယ်။ ပါးပြင်ထက်ကျနေတဲ့ မျက်ရည်ကို ကိုယ်ချစ်ရသူက သုတ်ပေးဖို့နေနေသာ အကြည့်စိမ်းတွေနဲ့ ကြည့်လို့ရယ်။

ရီမာတွေးမရတာကတော့ ကိုတိုး ဘာလို့ သူ့ကိုမချစ်နိုင်တာလဲ။

မမနီလာကို ချစ်နေလို့လား. . ။

ဟင့်အင်း. . မဖြစ်နိုင်ဘူး။

မမကြည်ပြာကို ကြိုက်နေလို့လား. . ။

ဒါလည်း မဖြစ်နိုင်ဘူး။

ဒါဆို သူ့ကို ဘာလို့မချစ်သလဲ။ ဘာလို့စိမ်းနေသလဲ။ တိမ်းနေသလဲ။ ရှောင်နေလဲ. . ။

ရီမာတစ်ယောက် အတွေးရယ်. . ၊ အဆွေးရယ်. . ၊ မျက်ရည်ရယ်တို့ ရင်မှာပိုက်ပြီး. .

အင်းယားကန်ဘောင်ပေါ်က ပြန်ဆင်းသွားပြီ။

ကိုတိုး လိုက်မခေါ်မိဘူး။

ကိုတိုးလည်း ငိုင်နေတယ်။

အဓိပ္ပာယ်မဲ့ အင်းယားရေပြင်ကို ကြည့်နေတယ်။

ကန်ရေပြင်က လှိုင်းကြက်ခွပ်သံလေးများနဲ့အတူ. .

အဲဒါ ကျွန်မချစ်သူ. .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မချစ်သူ. . .

ကျွန်မချစ်သူ. . ဆိုတဲ့ အသံလေးတွေကလည်း ပျံ့လွင့်နေသလိုပဲ။

အင်းယားကန်ဘောင်မှာ ကိုတိုးတစ်ယောက်တည်း. . ။

❖

ရီမာ ကားငှားပြီး အိမ်တန်းပြန်ခဲ့တယ်။ အိမ်ရောက်တော့ တစ်ခါတည်း အိပ်ခန်းထဲဝင်သွားပြီး အိပ်ရာထက်မှာ ငိုရှိုက်နေမိတယ်။

"ကျွန်မ ငိုပါရစေ"

"ကျွန်မ အားရအောင် ငိုပါရစေ"

"ကျွန်မကို ငိုခွင့်ပြုကြပါ"

လို့လည်း ရူးသွပ်စွာ ဆိုနေမိတယ်။

အချစ်ဆိုတာ. .

ငိုကြွေးခြင်းတဲ့လား. .

ရူးသွပ်ခြင်းတဲ့လား. .

အစက ကျွန်မ မသိခဲ့မိဘူးလေ. . ။

ချစ်ကံခေတယ်ဆိုတဲ့ စကားအသုံးအနှုန်းကိုလည်း ကိုယ်နဲ့ ပတ်သက်လိမ့်မယ်လို့ ကျွန်မ အစက မထင်ခဲ့မိဘူး။

အချစ်ဆိုတဲ့အရာကို ကျွန်မကြောက်သွားပါပြီ။

ကျွန်မရဲ့ ဂုဏ်သိက္ခာ. .

ကျွန်မရဲ့ မာန. .

ကျွန်မရဲ့ တည်ကြည်မှုတွေဆိုတာ ဘယ်မှာလဲ. . ။

တကယ်ဆို. .

ကျွန်မဟာ ရှေ့က ပြေးနေရတဲ့သူပါ။

အခုတော့ ပြောင်းပြန်တွေ ဖြစ်ကုန်ခဲ့ပြီ။





ဟင့်အင်း. .

ကျွန်မ ရှက်တာမဟုတ်ဘူး။ ဝမ်းနည်းတာ၊ ကြေကွဲတာ၊ ယူကျုံးမရဖြစ်တာ။ ဒါပါပဲ. . ။

သူ့ကိုချစ်စိတ် ကျွန်မကြိတ်မှိတ်ဖြေပါ့မယ်။ ဒါဟာ အကောင်းဆုံးရွေးချယ်လိုက်တဲ့ နည်းလမ်းဖြစ်မှာပါ။

ရီမာတစ်ယောက် အရမ်းကို ဝမ်းနည်းကြေကွဲ ခံစားနေရပြီ။ ရင်ထဲက ခံစားလွင့်စဉ်လာတဲ့ စကားတွေကလည်း ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းဆိုတဲ့ အရာတွေနဲ့ ပြွမ်းတီးနေတယ်။

ရီမာ့ထံက သဲ့သဲ့ထွက်လာတဲ့ ရှိုက်သံကြားလို့ နီလာဝင်လာတယ်။ အိပ်ရာထက်မှာ မျက်နှာအပ်ငိုနေတဲ့ ရီမာ့ကိုမြင်တော့ ထိတ်ထိတ်ပျာပျာဖြစ်သွားတယ်။

"ညီမလေး. . ညီမလေး ဘာဖြစ်လို့လဲဟင်။ နေမကောင်းဘူးလား"

နီလာက ကြင်နာစွာဖေးမရင်း မေးလိုက်တယ်။ ရီမာ ပြန်မဖြေဘူး။ အစ်မကိုဖက်လို့ အားရပါးရငိုရှိုက်မိတော့တယ်။

"ဟင့်. . ဟင့်. . ဟင့်. ."

"တိတ်ပါ ညီမလေးရယ်။ ဘာဖြစ်လဲ. . မမကို ပြော။ နေမကောင်းဘူးလား"

ရီမာ မဖြေဘူး။ နီလာ့ရဲ့ရင်ခွင်ထဲမှာ ခေါင်းဝှက်ပြီး ဆက်ငိုငယ်။ အတင်းလည်း ဖက်ထားတယ်။

အိပ်ခန်းထဲက အသံတွေကြောင့် ကြည်ပြာဝင်လာကြည့်တယ်။ မြင်ရတဲ့ အခြေအနေကြောင့် အံ့အားသင့်စွာမေးတယ်။

"ဟင်. . ရီမာ ဘာလို့ ငိုနေတာလဲ။ နေမကောင်းဘူးလား"

"ငါလည်း မေးမရဘူး။ ညည်းမေးစမ်းပါဦး"

ဆိုပြီး နီလာက ရှန်တိန်လုပ်တယ်။ ကြည်ပြာက ဘေးမှာဝင်ထိုင်ပြီး ရီမာ့ကို ဆွဲယူဖေးမလို့ မေးပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘာဖြစ်. . ဟင်း. . ဟိုမှာ. . ဟိုမှာ. . "

ကြည်ပြာက ဆက်မမေးဘဲ နီလာ့ကိုလက်ညှိုးထိုးပြလို့ နီလာသူ့ကိုယ်သူ ငုံ့ကြည့်လိုက်တယ်။

"ဟောတော့. . နှပ်တွေအများကြီးပါလား။ သွားပါပြီ. . ။ ရေချိုးပြီး အင်္ကျီအသစ်လဲလာတာ"

ဆိုပြီး ရိမာ့ကို ကြည်ပြာ့ထံ ရှန်တိန်လုပ်တယ်။

လောလောဆယ်မှာတော့ ရိမာ အငိုခေတ္တရပ်ပြီး သူ့နှပ်တွေသူပြန်ကြည့်ရင်း မသက်သာသလို ပြောလိုက်သေးတာ။

"ဒီလောက်အများကြီးဟာ. . ။ ညီမနှပ်ချည်းပဲ မဖြစ်နိုင်ဘူး"

"ဟဲ့. . နင့်နှပ်မဟုတ်လို့ ဘယ်နှပ်က ငါ့လာကပ်ရမှာလဲ။ တကတည်း. . "

နီလာ ထပြေးတယ်။ ကြည်ပြာကတော့ နပ်တယ်။ ရိမာ့ကို သူ့ရင်ခွင်ထဲ အဝင်မခံဘဲ ပခုံးကကိုင် တွန်းထားတယ်။

"ညီမ. . လွတ်လွတ်ကျွတ်ကျွတ်ငိုနော်"

လို့လည်း ပြောသေးတာ။ ရိမာက ပြုံးလာပြီး ပြောလိုက်တယ်။

"ငိုတော့ဘူး"

"ဟင်. . ခုနက ဘာလို့ငိုတာလဲ"

"ငိုချင်လို့"

"အခု ဘာလို့ ဆက်မငိုတာလဲ"

"မမနီလာ နှပ်ပေတာကြည့်ပြီး ရယ်ချင်သွားလို့"

"ကောင်စုတ်မလေး"

ကြည်ပြာက ရိမာ့ပခုံးကို လွှတ်လိုက်တယ်။ နောက်ပြီး မေးခွန်းထုတ်တယ်။

"နေပါဦး. . ။ ခုနက ဘာလို့ငိုနေတာလဲ။ အကြောင်းမဲ့ အလကားတော့ ဘယ်သူမှ မငိုဘူး"

"ပိုက်ဆံရမလားလို့ ငိုတာ"





"ဘာ. . "

"ဟုတ်တယ်. . ။ ရုပ်ရှင်သရုပ်ဆောင်လျှော်က်မလားလို့ လေ့ကျင့်ကြည့်တာ။ ဖြစ်ပါတယ်နော်"

ရိမာ ဖောလျှောလုပ်နေတာ။ အစ်မတွေ မရိပ်မိကြဘူးရယ်။ နီလာက အင်္ကျီလဲပြီး ပြန်ဝင်လာတယ်။

"ဘာလို့ ငိုတာလဲ။ ဟင်. . အခုတော့ ပြုံးလို့ပါလား"

လို့ လှမ်းမေးတယ်။ ရိမာက ပြုံးပြီးဖြေတယ်။

"ရုပ်ရှင်သရုပ်ဆောင်လုပ်ဖို့ လေ့ကျင့်ကြည့်တာပါ။ ပိုင်တယ်နော်"

"သိပ်ပိုင်တာ။ နှပ်ထွက်တဲ့မေ ဇာတ်ကားရိုက်ရင် အကယ်ဒမီတောင် ရမလားပဲ"

ရိမာ ပြုံးတယ်။ အစ်မတွေလည်း ပြုံးကြတယ်၊

ဒါပေမဲ့. .

ရိမာတစ်ယောက် ရင်ထဲမှာငိုနေခဲ့ဆိုတာကိုတော့ သူတို့ မသိကြဘူး။

အိပ်ခန်းထဲက ပြန်ထွက်သွားကြတဲ့ အစ်မနှစ်ယောက်ရဲ့ ကျောပြင်ကို ကြည့်ပြီး ရိမာ တိုးတိုးလေးရေရွတ်မိတယ်။

"ရိမာ အမြဲပဲ ငိုနေရတော့မှာလား ကိုတိုးရယ်. . "

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

## တုံ့ပြန်တတ်သော ချစ်သဘော

မိုးစက်လေးတွေ ကျနေတယ်။

လေလေးကလည်း တစ်ချက်တစ်ချက် ဝေ့ဝေ့တိုက်နေတယ်၊

ရာသီဥတုက မှိုင်းပျပျရယ်. . ။

တဖျောက်ဖျောက်ကြွေကျနေတဲ့ မိုးစက်လေတွေ ထိမှန်ခံရတဲ့ ရွက်စိမ်းလေးတွေဟာ တုန်ခါနေကြလေရဲ့။

မိုးစက်ပွင့်တို့ ထိမှန်လို့ တုန်ခါသွားတဲ့ သစ်ရွက်လေးတွေကို ကြည့်ပြီး ရီမာတိုးညင်းစကားဆိုလိုက်တယ်။

"မိုးပွင့်လေးတွေဆိုတာ အေးမြစေတာပဲကွယ်။ သူတို့ကြောင့် တုန်လှုပ်ရသတဲ့လား"

တကယ်တော့. .

ဒီစကားလုံးလေးတွေကိုပြောနေတဲ့ သူ့ရဲ့နှုတ်ဖျားလေးတွေကိုကပဲ တဆတ်ဆတ်တုန်လို့ရယ်။

မိုးရွာနေတာ ကြာပြီ။

ရီမာ ပန်းခြံထဲက မတက်ဘူး။ ဒါန်းလေးပေါ် ထိုင်ရင်း မိုးပွင့်





လေးတွေကို ငေးကြည့်နေတာ။

ရီမာနားလည်ထားတာက မိုးဆိုတာ အေးမြတယ်တဲ့လေ။ ခုတော့လည်း အေးမြတဲ့ မိုးကြောင့်ပဲ သစ်ရွက်လေးတွေ လှုပ်ခါရ ပန်းပွင့်လေးတွေ လှုပ်ခါနေရပါလား။

အချစ်ဆိုတာ မိုးနဲ့တူရင်. .

ရီမာဆိုတာ ခိုရာမဲ့ပန်းလေး ဖြစ်နေပြီပေါ့။

မိုးစက်လေးတွေ နှိပ်စက်တဲ့ဒဏ်ကို ပန်းလေးတွေ ခံနေရသလို. .

ရီမာလည်း. .

မိုးနဲ့အတူ ရီမာ့မျက်ရည်တွေ သွန်ချပစ်လိုက်မိတယ်။

"ဟဲ့. . သမီးရီမာ. . အမယ်လေး. . မိုးရွာနေတာကို တက်မလာဘူး။ လာ. . လာ. . သမီး အအေးမိတော့မှာပဲ"

ရီမာ့ကိုမြင်သွားတဲ့ ဒေါ်နီပြာရီက ထီးနဲ့ပြေးဆင်းလာပြီး ခေါ်ယူတယ်။

"ခိုက်လှချည်လား သမီးရယ်။ မိုးရွာထဲမှာ ထိုင်နေရတာလို့"

အိမ်ပေါ်ရောက်တော့ မေမေက ကြင်နာစွာပဲ မိုးရေတွေ သုတ်ပေးတယ်။ အဝတ်စားလဲပေးတယ်။

ကော်ဖီပူပူလေးတစ်ခွက်လည်း ဖျော်တိုက်တယ်။

စက်ရုပ်လေးလိုဖြစ်နေတဲ့ ရီမာ့ကို ကြည့်ပြီး. .

"ကိုတိုးတစ်ယောက်လည်း မလာတာကြာပြီ။ သမီးနဲ့ ရန်များဖြစ်ထားကြသလား"

လို့ မေးတယ်။ မေမေက ရီမာရဲ့ခံစားချက်ကို နားလည်ပုံရတယ်။ ရီမာဘာဖြစ်နေသလဲဆိုတာ မေမေရိပ်မိပုံလည်း ရတယ်။

ရီမာ မေမေ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားတယ်။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲမှာ မလိုလားဘူး။ ဒါကြောင့် ရီမာ့လိမ်လိုက်ရပြန်ရဲ့။

"ကိုတိုး စာရင်းသင်တန်းတက်နေတယ်မေမေ။ ဒါကြောင့် မလာတာပါ။ သမီးနဲ့ ဘာမှမဖြစ်ပါဘူး။ ပုံမှန်ပါပဲ။ ဟိုနေ့ကတောင် တွေ့သေးတယ်"

"ဟုတ်လား. . ။ ဒါဆိုလည်း ပြီးတာပါပဲ။ ကော်ဖီသောက်ပြီး အိပ်လိုက်ဦးနော်။ မမတို့ ရုံးကပြန်လာတော့မယ်။ မေမေ ထမင်းအိုး လေး တင်ထားပေးမယ်။ သမီး အေးအေးဆေးဆေးသာအိပ်"

ရီမာ့နဖူးက ဆံစလေးတွေကို သပ်ပေးပြီး မေမေထွက်သွား တယ်။ စိတ်မချသလိုလည်း လှည့်ကြည့်သွားသေးတာ။

"စိတ်ချပါ မေမေရယ်။ မေမေတို့ စိတ်ဆင်းရဲအောင် ရီမာ မနေတော့ပါဘူး"

ရယ်လို့ ရီမာ တိုးတိုးလေးပြောနေမိတယ်။

ကော်ဖီသောက်ပြီး ရီမာအိပ်ကြည့်တယ်။ အိပ်စက်ခြင်းဆို တာ ရီမာ့အတွက် ဟုတ်တန်ရာမတူဘူး။ ဘယ်မှာ အိပ်လို့ရမှာတဲ့ လဲ။

စိတ်အာရုံတွေက ကိုတိုးဆီ ရောက်နေတယ်။

ကျောင်းတုန်းက အတူထိုင်ခဲ့ကြတဲ့ ကန်တင်းလေးဆီ ရောက် သွားတယ်။

"ကိုတိုးက ကော်ဖီသိပ်ကြိုက်တာပဲနော်"

"အင်း. . ကြိုက်တယ်။ ကော်ဖီဆို ခါးခါးလေးမှ။ ရီမာရော ကြိုက်လား"

"ဟင့်အင်း. . ကော်ဖီမကြိုက်ဘူး။ ဒါပေမဲ့ ဒီနေ့ကစပြီး ကော်ဖီခါးခါးပဲသောက်တော့မယ်"

"ကြိုက်မှ သောက်စမ်းပါဟာ။ ငါကြိုက်တာနဲ့ နင်ကြိုက်ဖို့ မလိုပါဘူး"

"လိုတယ် ထင်လို့ပေါ့ဟ"





"ဘာဆိုင်လို့လဲဟ"

"ဟဲ့. . မိတ်ဆွေပေါင်းသင်း သူငယ်ချင်းဆိုတာ သူ့အကြိုက် ကိုယ့်အကြိုက် သိရတယ်တယ်ဟဲ့"

"ဘယ်သူပြောတာလဲ"

"ငါပြောတာ"

"အေး. . ဒါဆိုရင် ကော်ဖီသောက်။ ဒီနေ့ကစပြီး ငါ လက် ဖက်ရည်ပြောင်းသောက်မယ်"

ကိုတိုးက တကယ်ရွှတ်တယ်။ နောက်နေ့မှာ လက်ဖက်ရည် ပြောင်းမှာသောက်တယ်။ ကိုတိုးကိုကြည့်ပြီး ရီမာပြောလိုက်မိသေး တယ်။

"သိပ်ရွှတ်တာပဲ"

"ဟဲ့. . သမီး။ ဘာရွှတ်ရမှာလဲ။ ပရိတ်ရွတ်ပေးရမှာလား"

ရီမာ ယောင်ပြီး အသံထွက်သွားတာကို အိပ်ခန်းထဲပြန်ဝင် လာတဲ့ ဒေါ်နီပြာရီကြားသွားလို့ မေးတာ။ ရီမာ ချော်လဲရောအိပ်ပစ် လိုက်ရတော့တာပေါ့။

"ဟုတ်တယ် မေမေရယ်။ ပရိတ်ရွတ်ချင်လို့ သင်ပေးပါလား"

"အေး. . အေး. . နေဦး။ မေမေ ထမင်းပေါင်းအိုး ပလပ်ထိုး ပြီး လာခဲ့မယ်"

ဒေါ်နီပြာရီ အသော့လေးပြန်ထွက်သွားတယ်။ အဟုတ်မှတ် သွားတာ။ နောက်ပြီးရင် တကယ်ပဲ ပရိတ်လာရွတ်ပေးတော့မှာ

သြော်. . မေမေရယ်။

❖

ညက မှောင်လွန်းလှတယ်။

ဒီည မီးပျက်နေတယ်။ မနေ့ညက မလာဘူး။ ညနေကတော့ လာသွားပဲ။ ဒေါ်နီပြာရီတောင် ထမင်းတစ်အိုး ကျက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ည အွန်စောကားကြည့်မယ်လုပ်မှ ဖျတ်ဆို မီးက ပျက်သွားရော။

အင်ဗက်တာနဲ့ ကြည့်ကြတာ။ အင်ဗက်တာလည်း အားနည်းသွားလို့ မီးကောင်းကောင်းမထွန်းရပါဘူး။

အခုတလော မီးက မမှန်ချင်ဘူး။ ဟိုတလောကတော့ လာလိုက်၊ ပျက်လိုက်ပဲ။ လာတော့လည်း အားနည်းနေလို့ မီးအားမြှင့်စက် အကုန်တင်ထားရတယ်။ ဒါတောင် မီးလုံးဆို ခရမ်းချဉ်သီးလား ထင်ချင်စရာ။ ဟင်းအိုးထဲ ထည့်ချက်မိမလိုတောင် ဖြစ်ရသေးတာ။

ဒီညလည်း မီးပျက်ပြန်ပြီ။ မိုးကလည်း အေးတော့ အားလုံးအိပ်ရာစောစောဝင်ကြတယ်။ ရီမာက အစောကြီးကတည်းက အိပ်ရာထဲ ရောက်နေတာ။

“ဟီး . . ဟီး . . ဟီး . . ဟီး . . ”

ဆိုတဲ့ ခိုက်ခိုက်တုန်နေတဲ့အသံက ရီမာ့ထံက ထွက်လာတာ။ အိပ်မောကျနေတဲ့ နီလာလန့်နိုးသွားတယ်။ ရီမာ့ကို စမ်းကြည့်လိုက်တယ်။

“ဟင် . . ကိုယ်တွေပူလို့ပါလား”

နီလာ စိုးရိမ်သွားတယ်။ ရီမာ့ကို အသာလေးလှုပ်နှိုးကြည့်တယ်။ မနိုးဘူး . . ။ ယောင်တောင်နေသေးတယ်။

“ကိုတိုး သိပ်ရက်စက်တယ်”

“ကိုတိုး . . ကိုတိုးရယ် . . ”

လို့ ယောင်နေလို့ နီလာအတင်းလှုပ်နှိုးရတော့တယ်။

“ညီမလေး . . ညီမလေး နိုးပြီလား”

“အင်း . . အင်း . . ”

ညည်းသံသဲ့သဲ့ ထွက်လာတယ်။ နီလာတို့အသံကြောင့် ကြည်ပြာနိုးလာပြီး အသင့်ထားတဲ့ ဖယောင်းတိုင် မီးထွန်းလိုက်တယ်။

“မမနီလာ . . ရီမာ ဘာဖြစ်လို့လဲ”

“ဖျားနေတယ်။ ကိုယ်တွေပူလို့ . ”





“မေမေ့နှိုးလိုက်ရမလား”

“မနှိုးနဲ့ . . ။ အိပ်ပါစေ . . ။ မမဆေးတိုက်မယ်။ ညီမ ကော်ဖီပူပူလေး ဖျော်ခဲ့”

“ဟုတ်ကဲ့”

ကြည်ပြာ စမ်းတဝါးဝါးနဲ့ ထသွားတယ်။

“ခွီး . . ”

“ဟဲ့ . . ပလုပ်တုတ် . . လုပ်ပါဦးတော့”

ဆိုပြီး ကြည်ပြာပြန်ပြေးလာတယ်။ ကြောင်ကို တက်နင်းမိလို့ရယ်။

ညီမတတွေ ဆူဆူညံညံဖြစ်နေကြလို့ ဦးမိုးကြယ်ရော၊ ဒေါ်နီပြာရီပါ နိုးလာတယ်။

သူတို့ အိပ်ခန်းထဲ ဝင်လာကြတယ်။

ရီမာဖျားနေတာသိတော့ ဒေါ်နီပြာရီက ကရုဏာဒေါသောနဲ့ ဆူတယ်။

“ဖျားမှာပေါ့ . . ။ ညနေက မိုးရွာတာကို တက်မလာပဲ မိုးရေထဲ ထိုင်နေတာကိုး”

ဒီတော့မှပဲ ရီမာ မိုးရွာထဲထိုင်နေတာ အားလုံးသိသွားကြတယ်။ ဆူတော့ မဆူကြပါဘူး။

ဝိုင်းပြီး ဂရုစိုက်ပြုစုကြတယ်။ ချော့မော့ပြီး သိပ်လိုက်ကြတယ်။

ရီမာအိပ်ပျော်သွားတော့မှ သူတို့ အသီးသီး အိပ်ရာဝင်ကြတယ်။

ရင်ထဲမှာတော့ အတွေးကိုယ်စီနဲ့ရယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



မိုးပေါက်လေးများ မြူးတူးဆော့ကစားနေတယ်။ လေအေးလေးကလည်း နွေ့လို့။

မုတ်သုန်ဝင်ခဲ့ပြီပဲလေ။

မိုးရွာမှာပေါ့. .။

မိုးရွာတာတော့ ထား။ ရင်ဘတ်ကြီးက ဘာဖြစ်ရတာလဲ။

ဟုတ်တယ်. .။

မိုးစက်လေးတွေကိုကြည့်ပြီး ကိုတိုးရင်ခုန်နေတယ်။ ဘာဆိုင်လို့လဲနော့။

ပြောပြဖို့ခက်တဲ့ ခံစားချက်ကို ခံစားနေရတယ်။

အမှန်ဝန်ခံရရင်တော့ ရီမာ့မျက်နှာလေးကို မြင်ယောင်နေမိတယ်။

"အဲဒါ ကျွန်မချစ်သူရှင့်"

ဆိုတဲ့ အသံလေးကိုလည်း အဖန်ဖန်ကြားနေမိတော့တယ်။ ရီမာ ဘာသဘောနဲ့ ပြောတာလဲ။

အကျဉ်းအကျပ်ကလွတ်ဖို့ သက်သက်လား။

ရင်ထဲက ဖြစ်လာတဲ့ စကားလား။

ကိုတိုး ဝေဖန်ပိုင်းခြား စိတ်ဖြာနေမိတယ်။

ရီမာရဲ့ ခွင့်လွှတ်ဖို့ တောင်းပန်တဲ့အသံလေးတွေကလည်း နားထဲက မထွက်ဘူး။

"နင်ကျေနပ်တဲ့အထိ ငါတောင်းပန်သွားမှာပါ။ နင်စိတ်ဆိုးရင် ငါမနေတတ်ဘူး"

ဆိုတဲ့ ရီမာရဲ့ အားဖျော့ဖျော့တောင်းပန်သံနဲ့ မျက်ရည်ဝေ့ဝဲနေတဲ့ မျက်လုံးလေးများကို ကြားယောင်မြင်ယောင်နေမိတယ်။

မနေ့ကပဲ ရဲခေါင် သူ့ကို ပြောသွားခဲ့သေးတာ။

"ကိုတိုး မင်းမှားနေပြီကွာ။ ရီမာ သနားပါတယ်။ ဟိုနေ့က မိုးရွာထဲထိုင်နေလို့ ဖျားသေးတယ်တဲ့။ မင်း ဘာလို့ သူ့အပေါ်





အသည်းမာနိုင်ရ ရက်စက်နေရတာလဲ"

လို့ ရဲခေါင်က ပြောပေမယ့် ဘာမှပြန်မပြောမိဘူး။ တုံဏှိဘာဝေ လုပ်နေမိခဲ့တယ်။

ချစ်ဦးဖြူကလည်း သူ့ကို ဖျောင်းဖျပါသေးတယ်။

"ကိုတိုးရာ. . မင်း ကိုယ့်ကိုယ်ကိုယ် မညာချင်စမ်းပါနဲ့။ ရီမာနဲ့ မင်းရဲ့ သံယောဇဉ်ကို ငါတို့အသိဆုံးပါ။ မင်းက ဟိုလိုလို ဒီလိုလိုနဲ့ မပြတ်သားပဲကိုး။ စိတ်ကိုလျှော့ သူငယ်ချင်း။ သူ့အစ်မနှစ်ယောက်ကလည်း အိုနာညစ်ရေး ဒုက္ခဘေးရောက်ဖို့ နီးနေပြီ။ မင်း ကိုယ့်ပစ္စည်းအမှန်ကိုပဲ ကြံစမ်းပါ"

ချစ်ဦးဖြူပြောတာက ရိုတိုတိနဲ့ရယ်။ သူကပဲ ညီမသုံးယောက်လုံးကို ကြံနေခဲ့သလိုလို။

ဟုတ်သလားလို့ မေးရင်တော့. .

'ဟီး. . ပြောတတ်ဘူးလေ' လို့ ဖြေမိမလားပဲ။

"လောဘ. . လောဘ. . ချစ်လောဘ. . ကလေးတွေများ မုန့်တွေအများကြီးမြင်နေတော့ အကုန်လိုချင်သလိုပါပဲလေ။ တကယ်စားရမှာက တစ်ခုတည်းဆိုတာ မသိကြဘူး။ လောဘ. . လောဘ. . ချစ်လောဘ. ."

လို့လည်း ရဲခေါင်က ရီသေးတာ။

သူငယ်ချင်းတွေ ဘာပြောပြော ခွန်းတုံ့မပြန်လို့ အံ့သြနေကြသေးတယ်။

ဟုတ်တယ်. .။ ကိုတိုး ဘယ်သူ့ကိုမှ စကားမပြောချင်ဘူး။ မိုးစက်လေးတွေကိုပဲ ငေးကြည့်နေချင်တယ်။ လွမ်းနေချင်တယ်။

သူလွမ်းမှာ နီလာနဲ့ ကြည်ပြာမပါတာတော့ သေချာသွားပြီ။

ကိုတိုး လူဖီး၊ လူနပ်၊ လူလည်. .။ ဟိုနှစ်ယောက်က အသီးသီး Booking တွေချိတ်သွားမှပဲ ရတဲ့အတန်းက ဝင်ဆိုင်တော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . .

ကိုတိုး ခက်နေတယ်။

ကိုယ်က အိုက်စကရင်အပြည့် မလိုင်တစ်ခွဲသားနဲ့ ပြောထားပြီးမှ . .

အခု ဘယ်အပေါက်က ဝင်ရမှာလဲ . . ပြော . . ။

အောက်ကျို့ပြီး ခွေးတိုးပေါက်ကလည်း မဝင်ချင်ဘူး။

ဟိုကောင်တွေကိုလည်း မပြောချင်ဘူး။

ကိုတိုး ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ။

သူ့ဟာသူ တိုင်ပတ်ခဲ့ပြီးမှ အခု မူးသလို ရူးသလို ဖြစ်နေတာရယ်။

'ငါဘာလုပ်ရမလဲ . . ငါဘာလုပ်ရမလဲ . .'

ကိုတိုး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ။ ရှိမှာအိမ်သွားဖို့ စိတ်ကူးလိုက်သေးတယ်။

ရှက်တရက်ကြီးတော့ မသွားချင်ပြန်ဘူး။ ကိုယ့်ဟာကိုယ် ရှိန်နေတာ။

ဒါနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေရာကနေ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ ဝုန်းဆို ထိုင်နေရာက ထလိုက်တယ်။ ဝတ်ထားတဲ့ စပို့ရှပ်ကို ဆွဲချွတ်လိုက်တယ်။

ဧည့်ခန်းထဲမှာထိုင်ပြီး မိုးရွာတာကို ငေးကြည့်နေရာက ဝုန်းဆို ထလိုက်တော့ သူ့မိခင်ဒေါ်တင်လှခင် လန့်သွားတယ်။ အင်္ကျီချွတ်နေတာမြင်တော့ ကြောင်ကြည့်နေမိတယ်။

"သား . . ဘာလုပ်မလို့လဲ"

လို့ ဒေါ်တင်လှခင်က မေးတယ်။

"အမေ သားကို ခွင့်လွှတ်ပါ"

"ဟောတော့် . . ဘာကို ခွင့်လွှတ်ရမှာလဲ"

ဒေါ်တင်လှခင် ကြောင်ကြည့်နေတယ်။ ကိုတိုးက ကိုယ်တုံးလုံးကြီးနဲ့ မိုးရွာထဲ ပြေးဆင်းသွားတယ်။





"သား . . သား . . ဘယ်လဲ . . ။ ပြန်လာခဲ့လေ"

ကိုတိုးလှည့်မကြည့်ဘူး။ ပြန်တောင်အော်လိုက်သေးတယ်။

"အမေ သားကို ခွင့်လွှတ်ပါ"

ဒေါ်တင်လှခင် ဘာကိုခွင့်လွှတ်ရမှန်းမသိ ဖြစ်နေတယ်။ ဒေါ်တင်လှခင် ကြောင်ကြည့်နေတုန်းပဲ ကိုတိုးက နောက်ဖေးဘက် ပြေးသွားတယ်။

လှမ်းကြည့်တော့ ထင်းပုံနားက ဓားမကြီးဆွဲကိုင်လာတာ မြင်လိုက်ရလို့ ဒေါ်တင်လှခင် ရင်ဘတ်လေးဖိထားမိတယ်။

"ဘုရား . . ဘုရား . . သားလေးက ဘာဖြစ်ပါလိမ့်။ ဘာလုပ်မလို့ပါလိမ့်။ အပမှား မှီလေသလား"

လို့ တွေးရင်း ဒေါ်တင်လှခင် လှမ်းအော်တယ်။

"သား . . ဓားကြီးနဲ့ မလုပ်ပါနဲ့။ ဓားချပြီး အမေ့ဆီ လာခဲ့ပါ"

ကိုတိုးက သူ့အမေကို တစ်ချက်ကြည့်ပြီး . .

"အမေ . . သားကို ခွင့်လွှတ်ပါ"

လို့ပဲ ထပ်ပြောတယ်။

"ခွင့်လွှတ်တယ် သား . . ခွင့်လွှတ်တယ်။ သား ဓားချပြီး တက်ခဲ့တော့။ အမေရင်တုန်လှပြီ"

"အမေခွင့်လွှတ်ရင် သားတော့ ခုတ်ပြီ"

ဆိုပြီး ဓားကို မြှောက်လိုက်တယ်။ ဓားက မိုးစက်တွေကြားမှာ လက်ခနဲ . . ။

"အား . ."

ဒေါ်တင်လှခင် အော်လိုက်တာ။ ကိုတိုး လှည့်ကြည့်တယ်။

"အမေ ဘာလို့ အော်တာလဲ"

"သား . . သား . . ဓားကြီးနဲ့ ခုတ် . ."

ဒေါ်တင်လှခင် အသံဆက်ထွက်မလာဘူး ထင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာခုတ်သေးလို့လဲ။ အမေခွင့်လွှတ်တယ်ဆိုလို့ ခုတ်မလို့ဟာ ဘာလို့အော်ရတာလဲ"

"ကိုယ့်သားလေး ကိုယ့်ကိုယ်ကိုသတ်သေမှာ ဘယ်မိခင်က ကြည့်ရက်မှာလဲ သားရဲ့။ ဓားချနော်"

"ဘယ်သူသတ်သေမှာလဲ"

"သားလေ"

"ဘယ်သူ့ကို သတ်မှာလဲ"

"သားကိုယ်သား သတ်သေမှာ"

"အမေ့ကို ဘယ်သူပြောလဲ"

"မြင်နေတာပဲဟာ"

"အမေ. . ရမ်းမပြောနဲ့"

"မြင်လို့ ပြောတာလေ"

"သားက ဟိုမှာ ထိပ်ပိုင်းကိုင်းကျိုးကျနေတဲ့ ပန်းအိပင်ကို ကတုံးတုံးမလို့ဟာ။ အမေပဲ ခွင့်လွှတ်တယ်ဆို"

"ဘာရယ်. ."

"ပန်းအိပင်ကို ခုတ်ထွင်ရှင်းလင်းမလို့ အမေ့ဆီခွင့်တောင်းတော့ အမေပဲ ခွင့်လွှတ်တယ်ဆို"

"ဩော်. . ဒါဆိုရင်တော့ ခွင့်လွှတ်ပါတယ်သားရယ်။ ခုတ်. . ခုတ်. ."

ဒီတော့မှ ကိုတိုး ပန်းအိပင်ကို ဘယ်အငြိုးနဲ့လည်းမသိ၊ ဖြိုတော့တာ။

အဲဒီညက ကိုတိုးလည်း မိုးရွာထဲထွက်ကြောင်တဲ့ဒဏ်နဲ့ ဖျားသေးတာ။ ယောင်တော့လည်း. .

"ရီမာရယ်. . ခွင့်လွှတ်ပါတယ်"တဲ့။

တကယ်ပဲ. . အဟုတ်. .။

❖❖❖



# တိုင်ပတ်တဲ့အသည်း

"ဟာ. . ကိုတိုး. . လာ. .။ ဘယ်က လှည့်လာလဲ"

"မင်းဆီပဲ"

"ဘီယာတိုက်ခိုင်းမလို့လား"

"မဟုတ်ပါဘူး။ ဘီယာဆိုတာ အရက်ပါမဲ့ကွာ။ မသောက်ချင်တော့ပါဘူး"

"ကျားသားမိုးကြိုး. . အဲဒါဆို ဘာကိစ္စ. ."

"မင်းကို သတိရလို့"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ်ကွာ. .။ လာ. . လက်ဖက်ရည်သောက်ရအောင်။ ငါတိုက်မှာပါ"

"အေး. . သွားနှင့်။ လိုက်ခဲ့မယ်"

ရဲခေါင်က ရေးလက်စရုံးစာမပြတ်သေးလို့ နောက်ကလိုက်ခဲ့မယ်လို့ ပြောလိုက်တယ်။ ကိုတိုးလည်း လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဂနာမငြိမ်ဘူးရယ်။ ကော်ဖီတစ်ခွက်မှာသောက်ရင်း လေးလေး



www.burmeseclassic.com

www.burmeseclassic.com



နက်နက် စဉ်းစားနေတယ်။

တကယ်တော့ သူ ရဲခေါင်ဆီလာတာ ရီမာ့အကြောင်းသိချင်လို့ လာတာပဲ။ ရီမာ့အိမ် မသွားတာကြာတော့ မသွားဝံ့တော့သလို ဖြစ်နေလေရဲ့။

မကြာခင်ပဲ ရဲခေါင်ရောက်လာပြီး ဝင်ထိုင်တယ်။

"ဘာသောက်မလဲ။ မှာလေကွာ"

"ကော်ဖီမစ်ပလိန်း တစ်ခွက်ဟေ့"

ရဲခေါင်က ကော်ဖီလှမ်းမှာပြီး ကိုတိုး ကို စေ့စေ့ကြည့်တယ်။ သူ့ကိုသတိရလို့ လာတယ်ဆိုတာတော့ မဖြစ်နိုင်ဘူးဆိုတာ သိနေတယ်။

ကိုတိုးက ရုတ်ခြည်း ဘာမှမပြောသေးဘူး။ ဒါနဲ့ ရဲခေါင်ကပဲ စကားစပေးလိုက်တယ်။

"ကိုတိုး. . အခုတလော မင်းဘာတွေလုပ်နေလဲ။ တို့ဆီလည်း မလာဘူး။ ရီမာနဲ့ရော တွေ့သေးလား"

"ဟင့်အင်း"

"မင်း ရီမာ့ကို တွေ့ဖို့ကောင်းတယ်။ ရီမာ တော်တော်ခံစားနေရတယ်"

"မင်း သူတို့အိမ် ရောက်သေးလို့လား"

"ရောက်တယ်. . ။ မင်းကို တစ်အိမ်လုံး မေးကြတယ်"

"ရီမာကရော မေးလား"

"မေးတာပေါ့ကွာ. . ။ မင်းနေကောင်းရဲ့လား မသိဘူး။ ငါ့ကိုတောင် မင်းအိမ်သွားကြည့်ခိုင်းနေတာ။ သူလွှတ်တယ်လို့ မပြောပါနဲ့။ နေကောင်းရင် ပြီးရောတဲ့။ ငါလည်း မအားတာနဲ့ မင်းဆီ မရောက်တာ"

"ရီမာရော နေကောင်းရဲ့လား"

"သိပ်ကောင်းပုံ မရဘူး။ ပိန်လည်း ပိန်သွားတယ်။ အစား





အသောက်တောင် သိပ်မစားလို့ သူ့အိမ်သားတွေ စိတ်ညစ်နေကြတယ်။ ဆေးခန်းပြကြည့်တော့လည်း ရောဂါမည်မည်ရရ မရှိဘူး။ အားနည်းတာလောက်ပဲတဲ့။ သနားပါတယ်ကွာ။ အမြဲတမ်းပဲ မှိုင်ပြီး ငေးနေတာတဲ့"

ရဲခေါင်က အပိုရော၊ အဆစ်ရော၊ အလိုက်ရော တစ်ထွေးကြီးပစ်ထည့်လိုက်တာ ကိုတိုးငိုင်ဆင်းသွားတယ်။

ကိုတိုးကိုကြည့်ပြီး ရဲခေါင်ပြုံးတယ်။ လက်စနဲ့ ထပ်ထည့်ပေးလိုက်သေးတယ်။

"တကယ်တော့ ရီမာဟာ အင်မတန်သဲမယာဇဉ်ကြီးရှာတယ်။ သူ့ကိုကြိုက်နေတဲ့ ငနောတစ်ခွေ စာလိုက်ပေးတာ ဘာပြောလိုက်တယ်မှတ်လဲ။ ကျွန်မမှာ ချစ်သူရှိတယ်။ လိုက်နှောင့်ယှက်ရင် ဝမ်းနိုင်းနိုင်းတိုင်မယ် ပြောလွှတ်လိုက်သတဲ့။ ရီမာ့မှာ ချစ်သူရှိတယ်လို့ ငါတော့ မယုံဘူး။ မင်းကော ယုံလား"

"ဘယ်ရှိမှာလဲ"

"မင်းသိလို့လား"

"သိတာပေါ့ကွ"

"အေးလေ. . မင်းသိရင် ပြီးတာပဲ"

ရဲခေါင်က အသာမဲ့ပြီး ပြောလိုက်တာ။ ကိုတိုးစိတ်တွေ ကနာမငြိမ်တာ ထင်ရှားလှတယ်။ လက်ဖက်ရည်ကို ကုန်အောင်မသောက်ဘူး။

ရေနွေးပူကြီးကို ကောက်မော့ချသေးတာ။

နောက်ပြီးမှ လျှာကိုထုတ်၊ လက်နဲ့ယပ်ခတ်နေသေးအား။

နောက်ပြီး လက်ဖက်ရည်ဖိုးရှင်းပေးပြီး ပွဲမငှားပဲ ထပြန်သွားပါလေရော။

ကိုတိုးရဲ့ကျောပြင်ကြီးကိုကြည့်ရင်း ရဲခေါင် ခေါင်းအညိတ်ညိတ် လုပ်ကျန်ခဲ့တာရယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



"ဆရာချစ်ဦးဖြူ ရှိလားမသိဘူး"

"ရှိပါတယ်. . ကြွပါ. . ။ ဘယ်သူလို့ ပြောလိုက်ရမလဲခင်ဗျ"

"ကိုတိုးလာတယ် ပြောလိုက်ပါ"

"အစ်ကို ကားတိုးလာတာတော့ ဟုတ်ပါပြီ။ ဘယ်သူလို့ ပြောရမှာလဲ။ အစ်ကို့နာမည်. ."

"ကိုတိုးပါဆို. ."

ဒီတော့မှ ရုံးစာရေးလေး သဘောပေါက်သွားတယ်။

"ဪ. . နာမည်က ကိုတိုး။ ကားတိုးစီးလာတဲ့ ကိုယ်မဟုတ်။ နာမည်ကိုတိုး. . ဟုတ်ပြီ. ."

လို့ ရေရွတ်သွားသေးတာ။ ကောင်လေးက အတွင်းခန်းက ပြန်ထွက်လာပြီး. .

"ဆရာက အထဲကြွခဲ့ပါတဲ့"

ဆိုလို့ ကိုတိုး အတွင်းခန်းမှန်တံခါးကို တွန်းဖွင့်ဝင်သွားလိုက်တယ်။

အမယ်. . အအေးခန်းထဲမှာ ချစ်ဦးဖြူတို့ အငြိမ့်သား။

"လာ. . ကိုတိုး. . ထိုင်ကွာ. . ။ ဖောင်ပိတ်ခါနီးမို့ အလုပ်ရှုပ်နေလို့ဆို။ ဘာကိစ္စ. ."

"ဘာကိစ္စမှ မရှိပါဘူး။ သတိရလို့"

"အယ်. . ကျားသားမိုးကြိုးပါလား"

ချစ်ဦးဖြူ အံ့ဩသွားတယ်။ ဒီလိုကြီးမှ တစ်ခါမှမလာဖူးတဲ့ဟာပဲ။

"အယ်ဒီတာကြီးကို လက်ဖက်ရည်တိုက်ချင်လို့ လာတာ။ လာလေ. . ။ အပြင်မှာ လက်ဖက်ရည်လိုက်သောက်ဦး"

"မအားသေးပါဘူးကွာ။ ဧည့်သည်ကို ငါပဲတိုက်ပါ့မယ်။ မှာလိုက်လို့ ရတယ်"

"ဟာ. . မမှာနဲ့။ အေးအေးဆေးဆေးစကားပြောချင်လို့ လာ





တာ။ မအားရင်လည်း ခဏလေးပဲ လိုက်သောက်ပေါ့"

"အေးလေ. . ။ မင်းဒီလောက်တိုက်ချင်မှတော့ ငါလိုက်သောက်ပါ့မယ်။ လက်ဖက်ရည်တိုက်ပြီး ကဗျာတော့ ထည့်မခိုင်းနဲ့နော်"

"ဒါမျိုးတွေ ဝါသနာမပါဘူး။ မင်းက ငါ့ကို ဟိုကောင်တွေလို မှတ်လို့လား"

ကြားဖူးနားဝနဲ့သာ ပြောလိုက်ရတာ။ ဘယ်ကောင်တွေမှန်း ကိုတိုး ဂဃနဏမသိဘူးရယ်။

လက်ဖက်ရည်ဆိုင် ထိုင်မိတယ်ဆိုရင်ပဲ တိုတိုးက စကားစတယ်။

"မင်းနဲ့ ကြည်ပြာနဲ့ အခြေအနေ ဘယ်လိုလဲ"

"လျှောက်ထားတုန်းပဲ"

"ဘာမှမထူးသေးဘူးလား"

"လျှောက်လွှာကို ပြန်ကျမလာသေးတာကွ။ ငါမရောင်းစားမယ်ဆိုလို့ အင်ထားလားမသိ"

"မင်းက ဖုန်းလျှောက်တာလား၊ လူလျှောက်တာလား"

"ဖုန်းလည်းလျှောက်၊ လူလည်းလျှောက်ထားတာပဲ။ ကျတာအရင်ရောင်းစားရမှာပဲ မောင်"

ချစ်ဦးဖြူက နောက်နေတာ။ တကယ်လည်း သူချစ်သဝဏ်လွှာ ပါးထားပေမယ့် ဘာမှ ပြန်ကြားချက် မရသေးဘူးရယ်။

"ကဲ. . ငါ့ကိစ္စ ထားစမ်းပါ။ မင်းအခုလာတဲ့ကိစ္စက. ."

"မင်းကို သတိရလို့"

"ဟုတ်ရဲ့လားကွာ။ တခြားတစ်ယောက်ယောက်ကို သတိရလို့ လာတာ မဟုတ်ဘူးလား။ ဥပမာ. . ရီမာ့ကိုကွာ"

"ဟာကွာ. . မင်းဆီ သက်သက်လာတာပါ။ ရီမာနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ။ ချစ်သူတွေမှ မဖြစ်ကြသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးက ခေါင်းကြီးငုံ့ပြီး ရှက်သလို လုပ်နေတာ။ သူကများ ရှက်ရသေး။

မိန်းကလေးရှင်ဘက်ကများ ကြားရင်တော့ ဖနောင့်နဲ့ချည်း လိုမ့်ပေါက်ခံရမယ့်အမျိုး။

"မင်းဟာလေ. . အသိခေါက်ခက် အဝင်နက်တဲ့ကောင်ပဲ။ ရီမာနဲ့ မင်းနဲ့ ချစ်သူဖြစ်ဖို့ လိုသေးလို့လား"

လို့ ချစ်ဦးဖြူကပြောတော့ ကိုတိုး မျက်မှောင်ကုပ်တယ်။ သဘောမပေါက်သလို ပြန်မေးတယ်။

"ချစ်သူဖြစ်ဖို့ မလိုဘဲ ဘယ်လို ချစ်သူဖြစ်လို့ ရမှာလဲကွ"

"ဟာ. . အလုပ်တောင်မလျှောက်ရဘဲ ဆွဲခန့်နဲ့ ဖြစ်သေးတာ။ မင်းတို့ကလည်း ဆွဲခန့်ချစ်သူဖြစ်ရင် ရတာပဲ"

"ဆွဲခန့်ချစ်သူ. ."

"အေးလေ. . ဆွဲခန့်ချစ်သူ"

"ဘယ်လိုခန့်ရမှာလဲ။ လက်ဆွဲပြီး ခန့်ရမှာလား"

"ဒါကတော့ အလျဉ်းသင့်သလိုပေါ့ကွာ။ လက်ပဲဆွဲဆွဲ၊ ပါးပဲ ဆွဲဆွဲ မိရာသာဆွဲလိုက်။ ဆွဲမိရင် ခန့်လို့ရပြီ"

"ဆွဲမိရင် ခန့်လို့ရပြီ. . ဟုတ်လား။ ဒါဆို ငါ မိရာ ဆွဲလိုက်မယ်"

"ဟာ. . လူကြည့်ဆွဲနော်။ မဆိုင်တဲ့သူ ဆွဲမိရင် ဝမ်းနိုင်းနိုင်း အတိုင်ခံရလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

"အို. . ဆွဲရင် ပိုင်တဲ့သူကိုပဲ ဆွဲရမှာပေါ့"

"မင်းမှာ ဆွဲစရာ ပိုင်တဲ့သူ ရှိလို့လား"

ချစ်ဦးဖြူအမေးကို ကိုတိုးမဖြေဘူး။ မေးပွတ်စဉ်းစားနေတယ်။

သူ့မျက်စိထဲမှာတော့ ရီမာ့ရဲ့မျက်နှာလေးကို မြင်ယောင်လာတယ်။

"အဲဒါ ကျွန်မချစ်သူရှင့်"





ဆိုတဲ့ ရီမာ့အသံလေးကလည်း နားထဲပြေးဝင်လာတယ်။

ကိုတိုး ငိုင်နေပြီ။

ချစ်ဦးဖြူက ကိုတိုးကိုကြည့်ပြီး ပြုံးတယ်။

"သူငယ်ချင်း. . လာမှိုင်ပြမနေနဲ့။ ငါလည်း ဘာမှမကူညီနိုင်ဘူး။ ကိုယ့်ကိစ္စ ကိုယ်ဖြတ်မှ ရမှာ။ ယောကျ်ားပဲ. . ။ ပြတ်ပြတ်သားသား လုပ်စမ်းပါ။ မင်း ဘာတိုင်လာပတ်နေတာလဲ။ ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်မသွားဘူး"

လို့ ပြောတော့ ကိုတိုး သူ့ကို မျက်လုံးလှန်ကြည့်ပြီး ညောင်နာနာနဲ့မေးတယ်။

"ငါက ဘယ်ကိုသွားရမှာလဲ"

"တောက်. . ဒုံးဝေးလိုက်တာ။ ရီမာ့ဆီ သွားပေါ့ကွာ။ နေရာချင်း လဲပစ်လိုက်ချင်လိုက်တာ။ ကြည်ပြာကျတော့ ငါ့ကို ဘာမှန်းမသိ မြူစိစိနဲ့။ မင်းကျတော့လည်း မင်းက မြူစိစိ. ."

"စိတော့ ဘယ်စိချင်ပါ့မလဲကွာ"

"မစိချင် သွားလေကွာ"

"ဘယ်ကိုလဲ"

"လုပ်ပြန်ပြီ. . ။ ရီမာ့ဆီသွားခိုင်းတာ ခများ သနားပါတယ်"

"သူနဲ့ ငါနဲ့ ဘာမှမဖြစ်. ."

"ဟာ. . ဖြစ်ဖို့မလိုဘူး။ ဆွဲခန့်လေကွာ. . ဆွဲခန့်. ."

"သိပြီ. . သဘောပေါက်ပြီ။ ရီမာ့ကိုဆွဲပြီး ချစ်သူအဖြစ် ခန့်ရမှာ။ ဟုတ်တယ်ဟုတ်. ."

"သိပ်ဟုတ်တာပေါ့ကွာ"

"မသွားရဲဘူး. . ။ ကြောက်တယ်"

"ဟာကွာ. . ဟုတ်တော့မလိုနဲ့"

"ဆွဲလည်း မခန့်ရဲဘူးကွ"

"ရီမာ့များ ခုမှကြောက်နေရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အစက မကြောက်ဘူးကွ။ ခုတော့ ကြောက်နေသလိုပဲ"

"ဒါဆို သေချာပြီ"

"ဘာသေချာတာလဲ"

"မင်း သူ့ကိုချစ်တာ သေချာသွားပြီ"

"ချစ်ရင် ကြောက်လား"

"ဟ. . ကြောက်တာပေါ့။ တချို့ယောကျ်ားတွေ မိန်းမကြောက်တယ်ဆိုတာ ချစ်လို့ကွ"

"သေချာရဲ့လားကွာ"

"ငါလည်း ကြည်ပြာကိုကြောက်တာ ချစ်လို့ကွ"

"ကြောက်တာ ချစ်လို့. . ဟုတ်လား"

"အေးလေကွာ"

"ဒါဆို ငါ လမ်းထိပ်က ကုလားမကြီးကို သိပ်ကြောက်တာပဲ။ အဲဒါ ချစ်လို့လား"

"ဟော့ကောင်. . ကပ်မပြောနဲ့"

"ကပ်မပြောပါဘူး။ မင်းနဲ့ ငါနဲ့ စားပွဲခုံတစ်လုံးလုံး ခြားနေတာပဲ"

ကိုတိုးတစ်ယောက် နည်းနည်းအသက်ဝင်သလို ဖြစ်လာတယ်။ ရောက်စကလို လင်းတမှိုင်ကြီး မဟုတ်တော့ဘူး။

ချစ်ဦးဖြူထည့်သမျှ သူ့ဗိုက်ထဲ အကုန်ဝင်သွားပြီလေ။ ကိုတိုးလေသံတွေ ဘာတွေ မာလာပြီကော။

"ကျေးဇူးပဲ သူငယ်ချင်း။ မင်းကျွေးတဲ့အားဆေးကြောင့် ငါ ခွန်အားတွေ ပြည့်လာပြီ"

လို့ ပြောလိုက်လို့ ချစ်ဦးဖြူ မှင်တက်သွားတယ်။

"မင်းကို ငါ ဘာဆေးမှလည်း မကျွေးရသေးပါလား"

လို့ ကြောင်တက်တက်နဲ့ ပြောနေသေးတာ။

သူ ဘာပြောပြော ကိုတိုး မှုပုံမပေါ်တော့ဘူး။ ပုံစံကလည်း





ဂိုက်ပေးနည်းနည်းကြမ်းချင်သလိုပဲ။

စားပွဲထိုးလေးကို လက်ဖက်ရည်ဖိုးခေါ်ပေးပြီး ပြန်မို့ပြင်တယ်။ ချစ်ဦးဖြူကိုတောင် ဘာပြောသွားတယ်မှတ်လဲ။

"ကဲ. . ကိုယ်က သိပ်အားလှတာ မဟုတ်ဘူး။ ပြန်ပြီး ဆွဲခန့်ကိစ္စ ဆောင်ရွက်ရဦးမယ်။ မင်းလည်း သွားအလုပ်လုပ်ပေတော့"

❖

ကိုတိုး ဒီည အိပ်ရေးဝအောင် အိပ်ပစ်လိုက်တယ်။

သူ့မှာ ရည်ရွယ်ချက်ရှိတယ်။ မနက်ဖြန် တနင်္ဂနွေနေ့လေ။

ရီမာတို့အိမ် သူသွားမယ်။ ရီမာ့ကို ဆွဲခန့်ပစ်မယ်။

တကယ်လို့ လူကြီးတွေမလစ်ရင်တောင် တစ်နေကုန်ထိုင်စောင့်ပြီး အလစ်ထခန့်ဖို့ တွေးပြီးသား။

အိပ်မက်တွေတောင် မက်လိုက်သေးတာကလား။

အိပ်မက်ထဲမှာ ရီမာက ကိုယ်ဝန်ကြီးနဲ့။

ကိုတိုးက ရီမာရဲ့ စူထွက်နေတဲ့ ဗိုက်ကိုကြည့်ပြီး မျက်လုံးပြူးနေတယ်။ မျက်မှောင်ကုပ်ပြီး မေးလိုက်တယ်။

"ရီမာ. . ဘယ်လိုဖြစ်ရတာလဲ။ ဘယ်သူ့ဗိုက်လဲ"

"ဗိုက်မဟုတ်ဘူး ကိုတိုးရဲ့။ မျက်ရည်ဖျဉ်းဖွဲ့နေတာ"

"ဘာ. . မျက်ရည်ဖျဉ်း"

"ဟုတ်တယ် ကိုတိုး။ လွမ်းလို့ ငိုရတဲ့ မျက်ရည်တွေကို မျိုချထားရင်း ဒီလိုဖြစ်လာတာပဲ"

"ဘာ. . မျက်ရည်ကို မျိုချတယ်. . ။ ဘယ်လိုမျိုချလဲ"

"ပါးကလိမ့်ဆင်းလာတုန်း လျှာနဲ့သိမ်းယူလိုက်တာပေါ့။ မျက်ရည်ခန်းသွားမှာစိုးလို့ စွန့်ပစ်မျက်ရည် ပြန်လည်အသုံးချဖို့ စီမံချက်နဲ့ လုပ်လိုက်ရာက အခုလိုဖြစ်သွားတာပဲ"

"ယုံဘူး. . ယုံဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



လို့ အော်ရင်း ကိုတိုး အိပ်ရာက လန့်နိုးသွားတော့တယ်။

အိပ်မက်ကို ပြန်တွေးရင်း. .

"ဟီး. . ရီမာက ကိုယ်ဝန်လေးနဲ့လည်း လှသား"

လို့ ပြောပြီး ပြန်ကွေးအိပ်တော့တာ။

မနက်ကျတော့ တော်တော်နဲ့ မနိုးဘူးရယ်။ နိုးတော့လည်း နေမြင့်နေပြီမို့ ကမန်းကတန်း မျက်နှာသစ်၊ ရေချိုး လုပ်ရတယ်။

"သား. . ဘယ်လိုဖြစ်နေတာလဲ။ ကျားလိုက်နေလို့လား"

လို့ သူ့မိခင်က မေးတော့. .

"ကျားမလိုက်ဘူး အမေ။ သမင်လိုက် မလို့"

ဆိုပြီး စပ်ဖြီးဖြီးလုပ်နေတယ်။

"စောစောစီးစီး ဘာမှန်းလဲမသိဘူး"

ဆိုပြီး သူ့အမေ သူ့အနားက ခွာသွားတယ်။

ကိုတိုးကတော့ ရေမိုးချိုး၊ ဝတ်စားဖြီးလိမ်းနေတယ်။

အဝါရောင်စပို့ရှပ်လေးကို ရွေးဝတ်လိုက်တယ်။ ဒါ. - ရီမာ ကြိုက်တဲ့ အရောင်ပဲ။

ဟုတ်တယ်။

သူ ရီမာ့ဆီ သွားတော့မှာ. . ။

ရီမာ့တို့ အိမ်သွားပြီး သမင်လိုက်မယ်၊ မြွေဖမ်းမယ်. . ။

ဆွဲခန့်လုပ်မယ်. . ။ သူ့မိဘတွေလစ်ရင် ပါးလေးကို ရွှတ်ခနဲ နမ်းလိုက်မယ်။

"အမ်. . နမ်းလို့ဖြစ်ပါ့မလား။ သူနဲ့ငါနဲ့က ဘာမှမဟုတ်သေး။ သူ့ကို သေချာမေးပြီး ဟုတ်ပြီဆိုမှ နမ်းရမှာပေါ့။ ခွင်ကျော်လို့ မဖြစ်ဘူး"

တစ်ယောက်တည်းတွေးနေတာ။ ကိုတိုးတစ်ယောက် တကယ့်ကို ဂနာမငြိမ်ဘူး။ အခုမှ ဖြစ်နေတာ. . ဖြစ်နေတာ. . ။

လိုင်းကားစီးနေရင် ကြာမှာစိုးလို့ ကကငှားစီးသွားသေးတာ။





"ချစ်သူရေ. . ကိုယ်လာပြီ။ ခေါင်းကျန်ခဲ့သည်"လို့ တီးတိုး ပြောလိုက်သေးတာ။ ခေါင်းကျန်ခဲ့တယ်ဆိုလို့ ဒရိုင်ဘာက သူ့ကို တိမ်းငဲ့ကြည့်သေးတာ။

"တော်ကြာ ခေါင်းပြတ်သရဲများ တက်လိုက်လာတာဆို ဟုတ်ပေ့ဖြစ်နေမယ်"

လို့ တွေးရင်း လိုရမည်ရ ဘုရားစာရွတ်နေသေးတော့တာ။

"ဗုဒ္ဓေါ. . ဗုဒ္ဓေါ. . ဗုဒ္ဓေါ. . အဟုတ်မမောပါရစေနဲ့ဘုရား။ အရဟံဂုဏ်ရှာမိ. . အဲ. . ဗုဒ္ဓံသရဏံဂစ္ဆာမိပါ ဘုရား"

တော်တော်ကြောက်တတ်တဲ့ ကားဆရာပဲ။ ကိုတိုးလို မလောက်လေးမလောက်စားကိုများ သူက ကြောက်ရသေးတယ်လို့။

ကိုတိုးက သူ့ဟာသူ ရိုးရိုးသားသား အူကြောင်ကျားလုပ်နေတာ။ ဘာမှ ဉာဏ်မပါဘူး။ နဂိုကြောင်. . ၊ အရင်ကြွက်. . ။

"ဟိုရှေ့နားမှာ ရပ်လိုက်တော့"

ကိုတိုးညွှန်ကြားတဲ့ခြံရှေ့မှာ ကားရပ်ပေးတယ်။ ကိုတိုး ကားခ ရှင်းပြီး ဆင်းလိုက်တယ်။ ကားကလည်း ကြောက်ကြောက်လန့်လန့်နဲ့ အတင်းပြန်ထွက်သွားတယ်။

ကိုတိုး ရင်ခုန်စွာပဲ ခြံတံခါးနား ကပ်လိုက်တယ်။

"ဟိုက်. . သေရော"

ကိုတိုး ဟိုက်သွားတယ်။ ခြံတံခါးက သော့ကြီးခတ်လို့။

ဘယ်လိုများ ဖြစ်ပါလိမ့်။ ကိုတိုး ခြံဝကကျော်ပြီး အတွင်းကို လှမ်းကြည့်တယ်။ သော့ပိတ်ထားလို့. . ။

ဒုက္ခပါပဲ. . ။ ဘယ်များသွားကုန်ကြပါလိမ့်။ ဒီနေ့ ရုံးပိတ်ရက်ပဲဟာ။ တစ်ယောက်မရှိ တစ်ယောက်တော့ရှိမှာပေါ့။ ဘာတုံးဟ"

ဘာမှ မတုံးဘူး။ တုံးတာက သူပဲ။ ဒီလောက်သော့ကြီးခတ်ထားတာကို အိမ်ထဲလိုက်ချောင်းကြည့်နေသေးတယ်။

"ဝုတ်. . ဝုတ်. . "



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက ရန်လုံက လှမ်းဟောင်တယ်။ ကိုတိုးကို ငတိုမှတ်နေတာ။

"ရှီး . . ရှီး . ငါပါဟ"

ဆိုမှပဲ ရန်လုံက ပိုဟောင်တော့တယ်။

"ဝုတ်ဝုတ် . . ဝုတ်ဝုတ် . ."

အင်း . . နှုတ်ဆက်တာ ဖြစ်ချင်လည်းဖြစ်မှာ။ ကိုတိုးကို သူသိပြီးသားကြီးဟာ။

ကိုတိုး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ရန်လုံကို လှမ်းကြည့်တယ်။ ရန်လုံက မဟောင်တော့ဘူး။ ဟောင်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လို့ပဲ။

"ဟောကောင် . . ရီမာတို့ ဘယ်သွားကြလဲ"

ရန်လုံကို သူမေးတော့ ရန်လုံကလည်း . .

"ဝုတ်ဝုတ် . . "တဲ့။

ခွေးနဲ့ အဆင်ပြေနေပုံပဲ။ ခွေးရဲ့စကားပြောသံကြားလို့ ထင်ရဲ့။ ဘေးခြံက မိန်းမကြီးတစ်ယောက် ထွက်ကြည့်တယ်။

"ဒေါ်ဒေါ် . . ဒီအိမ်ကလူတွေ ဘယ်သွားကြလဲ"

ကိုတိုးက လှမ်းမေးတယ်။ မိန်းမကြီးက ကိုတိုးကို ခြေဆုံးခေါင်းဆုံးကြည့်တယ်။ ကြည့်ပြီးမှ . .

"သီလရှင်ကျောင်းသွားကြသကွဲ့"

"ဘာလုပ်ဖို့ သွားကြတာလဲ ခင်ဗျ"

"သူတို့ဆီက ကလေးမလေးတစ်ယောက် သီလရှင်ဝတ်ဖို့ဆိုလားပဲ"

"ဗျာ . . သီလရှင်ဝတ်မယ်။ ဟို . . အငယ်ဆုံးမလေးလား"

"သိဘူးလေကွယ်။ ဒေါ်ဒေါ်ကလည်း ဧည့်သည်ကွယ့်"

"ဟင် . . ဒေါ်ဒေါ်က ဧည့်သည်။ ဒါဆို ဘယ်ကျောင်းလဲမသိဘူးပေါ့"





"သိတယ် . . ။ ဒေါ်ခေမာကျောင်းမှာ ဝတ်မှာတဲ့"

ဧည့်သည်မို့လို့ ဒီလောက်သိတာပဲ တော်သေးရဲ့လို့ တွေးရင်း ကိုတိုးပြေးရပြန်တယ်။

အဲဒီကျောင်းကို ကိုတိုးသိတယ်လေ။ ရီမာတို့အဒေါ် သီလရှင်တစ်ပါးရှိတယ်။ ကိုတိုးတောင် ရောက်ဖူးသေးတယ်။

"ဘုရား . . ဘုရား . . ရီမာ သူ့အပေါ် စိတ်နာပြီး သီလရှင်ဝတ်တော့မှာလား။ ဟိုးရုပ်ရှင်ထဲကလိုများ ဖြစ်နေပြီလား မသိ"

လို့ စိုးရိမ်စွာတွေးရင်း သီလရှင်ကျောင်းရှိရာ ဘောက်ထော်ဘက် ခြေဦးလှည့်လိုက်တယ်။ ကကငှားဖို့တွေးရင်း အိတ်ကိုနှိုက်ကြည့်လိုက်တော့ . .

"ဟိုက် . . ငါးရာတောင် မပြည့်တော့ဘူး"

ကိုတိုး ငိုင်သွားတယ်။ သိပ်တွေးမနေနိုင်ဘူး။ ကိုယ်ပိုင်ခြေထောက်နဲ့သွားဖို့ ဆုံးဖြတ်လိုက်ရတော့တယ်။

ခြေလှမ်းကျဲကြီးတွေနဲ့ ဘတ်စ်ကားမှတ်တိုင်ကို အသော့နှင်ခဲ့တယ်။

ကိုတိုး စိတ်စောလို့ မောနေပြီ။ ရီမာ သီလရှင်မဝတ်ခင် အုပ်မိအောင်သွားဖို့ လိုတယ်လေ။

'တွေ့ရင်တော့ သူကပဲ ပြန်တောင်းပန်ပြီး သီလရှင်မဝတ်ဖို့ ဖျောင်းဖျရမယ်။ ရီမာ့ကို ခွင့်လွှတ်ပါတယ်လို့လည်း အကြိမ်တစ်ထောင်ပြောရမယ်'လို့ တွေးမိသည်။ အပြန်အလှန်ခွင့်လွှတ်ပြီးတာနဲ့ 'ဆွဲခန့်ချစ်သူ' ခန့်လိုက်ရုံပဲ။

ချစ်သူဖြစ်ပြီးတာနဲ့ အင်တာနေရှင်နယ် ချစ်သူတို့အာက်ဥပဒေနဲ့အညီ လက်တွဲပြီး ပန်းခြံသွား၊ ချောင်းသာရောက်၊ သဲသောင်မှာမွှမွှ ရွှရွှလေးပြေးဖက်၊ အရှိန်လွန်၊ နဖူးချင်းတိုက် . .

"ဒုန်း . ."

"ဟိုက် . ."



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်လုံး မမြင်ဘူးလား"

ချစ်ပလူးအတွေးတွေနဲ့ ဘတ်စ်ကားပေါ် ပြေးတက်လိုက်တာ ဆင်းလာတဲ့ကောင်မလေးနဲ့ နဖူးချင်းလိုက်မိတာ ဟိုက်ကရောပဲ။

ကိုတိုး တောင်းပန်ချိန်မရဘူး။ ထွက်လုလုလိုင်းကားပေါ် အမီပြေးတက်လိုက်ရတယ်။ ကားပေါ်ရောက်မှ သက်ပြင်းချပြီး ကောင်မလေးကို ဆလံလှမ်းပေးလိုက်ရတော့တာ။

ဘောက်ထော်ရောက်တော့ နေအတော်မြင့်နေပြီ။

"ဒုက္ခပါပဲ. . ။ သီလရှင်မဝတ်ဖြစ်ပါစေနဲ့ဘုရား"

ဆိုပြီး သာသနာဖျက်လုပ်ဖို့ ဘုရားကို ခွင့်ပန်နေသေးတာ။

"ဆိုက်ကားဆရာ"

"မအားဘူး"

"လာပါကွာ. . ။ ခဏလေးပါ. . ။ အရေးကြီးလို့ပါ"

တောင်းတောင်းပန်ပန်နဲ့ လှမ်းခေါ်တော့မှ လာရပ်တယ်။

"ဘယ်လဲ"

ဆိုက်ကားဆရာက မာရေကျောရေနဲ့ မေးတာ။ ဒါတောင် ဆိုက်ကားအငှားနင်းနေရလို့။ ကိုယ်ပိုင်ကားသာ မောင်းနေရလို့က တော့ ကိုတိုးတို့ တက်ကြိတ်ခံရလို့ နှစ်ပိုင်းပြတ်ပြီ။

"ဒေါ်ခေမာကျောင်း သိလား"

"သိဘူး"

"အယ်. ."

"မအယ်နဲ့. . တက်. . ။ သုံးရာပေးရမယ်"

"စီးနေကျ နှစ်ရာပါ"

တစ်ခါမှ မစီးဖူးဘူး။ ရှိန်းတာ။ ဆိုက်ကားဆရာကလည်း တင်းဘင်းပဲ။

"နှစ်ရာရမယ့်ဆိုက်ကား စောင့်စီး"

ဆိုပြီး ပြန်ထွက်မယ်လုပ်လို့ မနည်းတားပြီး စီးခဲ့ရတော့တယ်။





အချစ်အတွက်နဲ့ အသက်ပင်သေသေ စွန့်သင့်စွန့်ရမှာ။ သုံးရာလောက်များတော့. . ။

ဆိုက်ကားဆရာကို သူကပဲ ဘယ်ကွေ့ညာချိုးနဲ့ ဂိုက်လုပ်နေရသေးတာ။

ကျောင်းရှေ့ရောက်တော့ ကျောင်းပေါက်ဝကနေ လှမ်းမြင်နေပြီ။

ဟုတ်တယ်. . ။

ဆံချတော့မှာ. . ။ ဆရာလေးတစ်ပါးက ဓားကိုင်လို့။

သူက ဆောင့်ကြောင့်လေးထိုင်လို့။ ခေါင်းငုံ့ပေးထားတယ်။

သေချာပြီ. . ။

ဘေးမှာ ဆံပင်ကိုခံဖို့ နီလာနဲ့ ကြည်ပြာတို့ တဘက်လေးကို တစ်ဖက်တစ်ချက်စီကိုင်လို့. . ။ အသင့်ပဲ။

"ဆိုက်ကားဆရာ. . အရေးကြီးတယ်။ နင်း. . နင်း. . မရပ်နဲ့။ ကျောင်းထဲပါ အပြတ်နင်းချတော့။ ငါးရာပေးမယ်"

"တကယ်. ."

"တကယ်ပေးမှာ"

ဆိုပြီး ပိုက်ဆံထုတ်ပြလိုက်တော့ ဆိုက်ကားဆရာ ဝေ့ကြည့်ပြီး သွန်နင်းတော့တယ်။

"ကလင်. . ကလင်. . ဘေးကို. . ဘေးကို. ."

လို့လည်း ဘဲလ်လည်းတီး၊ အော်လည်းအော် နင်းတော့တာ။

ကျောင်းဝင်းဝရောက်လည်း မရပ်ဘဲ နင်းဝင်လိုက်တော့ တိုက်မိမလိုဖြစ်တဲ့ လူတချို့က ကျိန်ဆဲပြီး ကျန်ရစ်ကြလေရဲ့။

ကိုတိုးလှမ်းကြည့်တော့ ဆရာလေးက ဓားကိုဖွင့်ပြီး ဆံပင်ကို စရိတ်နေပြီ။

"ဆရာလေး. . မလုပ်ပါနဲ့။ အဲဒါ ကျွန်တော့်ချစ်သူပါ [illegible] ပါနဲ့. . "



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အသံပြကြီးနဲ့ အော်လည်းအော်၊ ဆိုက်ကားပေါ်ကလည်း ပြေးဆင်းတယ်။

လူတွေက သူ့ကို အံ့အားသင့်စွာနဲ့ ကြောင်ကြည့်နေကြတယ်။

ဆရာလေးတွေလည်း ကတုံးစိမ်ကိန်းကို ရပ်ပြီး မှင်တက်စွာ ကြည့်နေကြတယ်။

ကိုတိုးက အမောတကောပြေးလာပြီး ဆရာလေးကွေ့ရှေ့မှာ ရပ်တယ်။

လက်အုပ်လေးချီပြီး အလျင်စလို ပြောလိုက်တယ်။

"မလုပ် . . မလုပ်ပါနဲ့ဘုရား။ ဒါ . . ကျွန်တော့်ချစ်သူပါ . . ဟာ . . ဟ . ."

"ရှင် . ."

ဆိုပြီး အောက်မှာငုံ့နေတဲ့ ကောင်မလေး မော့ကြည့်တယ်။

မော့ကြည့်တဲ့ ကလေးက . .

"ရှင် . ."

ဆိုပြီး အံ့အားသင့်။ ကိုတိုးကတော့ . .

"ဟာ . ."

ဆိုပြီး လက်ညှိုးကြီးတထိုးထိုးနဲ့ ကြက်သေသေလို့။

နီလာနဲ့ ကြည်ပြာကလည်း ကိုတိုးကို ကြောင်ကြည့်၊ ကျား ကြည့် ကြည့်လို့။ ပါးစပ်လေးတွေ ပြဲလို့။

ဒီအချိန်မှာပဲ ကျောင်းပေါ်လှေကားကနေ ကောင်မလေး တစ်ယောက် ဆင်းလာတယ်။

ကိုတိုးကို လှမ်းကြည့်တယ်။ နှုတ်ခမ်းကိုကိုက်ပြီး ကိုတိုးထံ သွက်သွက်လျှောက်လာတယ်။

"ပြောစမ်းပါဦး . . ။ သူနဲ့ ဘယ်တုန်းက ချစ်သူဖြစ်ရတာလဲ။ ဒါ . . ရီမာ့ညီမတစ်ဝမ်းကွဲဆိုတာ မသိဘူးလား။ သိပ်မုန်းဖို့ကောင်းတာပဲ"





သွားပြီ . . ။ ကိုတိုး ကြက်ရော၊ ကြောင်ရော၊ ကျားရော၊ ဆင်ရော သေကုန်ပြီ။

မျက်လုံးကြီးလည်း ပြူးလို့။ လက်ညှိုးကြီးကလည်း အောက် ထိုးထားရာကနေ တဖြည်းဖြည်း ရီမာ့ဘက်လှည့်လာတယ်။

"ချစ်သူ . . ဒါ . . ဒါမှ ကျွန်တော့်ချစ်သူ . . မှားလို့ . . မှားလို့။ ဆောရီးနော် ဆရာလေး။ ကန်တော့ . . ဂန်တော့ . . ကတုံးဆက် တုံးလို့ ရပါပြီဘုရား။ တပည့်တော် သာသနာဖျက်မလုပ်တော့ပါဘူး"

ကိုတိုး အယောင်ယောင်အမှားမှားနဲ့ ပြောချင်ရာတွေ ပြော နေတော့တာ။

အားလုံးကတော့ သဘောပေါက်သွားလို့ ပြုံးကြတယ်။ နီလာ နဲ့ ကြည်ပြာကလည်း ကိုတိုးကို မျက်စောင်းဝိုင်းထိုးလိုက်ကြလေရဲ့။

ဒီအချိန်မှာ ကျောင်းပေါ်က ဆင်းလာကြတဲ့ ရီမာ့ဖေဖေနဲ့ မေမေတို့က ကိုတိုးအဖြစ်တွေကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်၊ ပြုံးလိုက်ကြတယ်။

ကားတစ်စီးနဲ့ ရောက်လာကြတဲ့ ချစ်ဦးဖြူနဲ့ ရဲခေါင်တို့က လည်း ပြေးဆင်းလာပြီး . .

"မနီလာတို့ရဲ့ညီမလေး သီလရှင်ဝတ်မှာ သိရဲ့သားနဲ့ လာဘာ နောက်ကျတာ ခွင့်လွှတ်ပါ၊ ဘယ်သူဝတ်မယ်ဆိုတာ မသိဘဲ လာခဲ့ တဲ့သူများကတော့ ရင်ခုန်လိုက်ရမှာပေါ့"

လို့ ကိုတိုးကိုစောင်းပြောတော့ ရီမာက . .

"ဟင် . . ရီမာလည်း ဝတ်မှာပါ၊ ညီမလေးပြီးရင် ရီမာကတုံး တုံးမှာ"

လို့ ပြောလိုက်တယ်ဆိုရင်ပဲ ကိုတိုးမျော ဆတ်ဆတ်ခါသွား ပြီး . .

"ဟင့်အင်း . . ဝတ်နဲ့ . . ဝတ်နဲ့ . . ခွင့်မပြုနိုင်ဘူး"

လို့ လုပ်နေတော့ ဦးမိုးကြယ်က မျက်စောင်းထိုးကြည့်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"သူက အမေကျနေတာပဲ"

လို့ ပြောလိုက်တော့ အားလုံး ဝါးခနဲ ရယ်ကြတော့တယ်။

ဟင့်အင်း. .

ကိုတိုးမရှက်ဘူး။ ကြိုက်မရှက်၊ ငိုက်မရှက်ပဲလေ။

ရီမာ့နား ပြေးကပ်သွားပြီး. .

"ရီမာ ဝတ်နဲ့နော်. .။ ရီမာ့ကို ခွင့်လွှတ်တယ်။ တစ်က ပြန်စမယ်။ ရီမာ့ကို ဆွဲခန့် ခန့်လိုက်ပြီ"

"ဘာဆွဲခန့်တာလဲ"

လို့ ရီမာက တိုးတိုးမေးတော့ ကိုတိုးက မကြားလို့ ကျယ်ကျယ် ပြောခိုင်းသေးတယ်။

"ဘာဆွဲခန့်တာလဲ။ ဟိုမှာ မေမေတို့ရှိတယ်"

လို့ ရီမာ ကျယ်ကျယ်လေးထပ်မေးတော့ ကိုတိုးက စပ်ဖြဲဖြဲနဲ့

"ရှိရှိကွာ. . ချစ်သူအဖြစ် ဆွဲခန့်တာ"

လို့ ပြောလိုက်တာများ အားလုံးကို ကြားရော။

ဆိုက်ကားပေါ်က ဆင်းပြေးပြီး အူကြောင်ကျားလုပ်နေတဲ့ ကိုတိုးအဖြစ်ကို အစအဆုံး သဘောကျစွာကြည့်နေတဲ့ ဆိုက်ကားဆရာက အခုမှ ဆိုက်ကားခမရသေးတာ သတိရပြီး ကိုတိုးနားကပ်သွားပြီး ပြောလိုက်ပုံက. .

"ဒီမှာ ဆရာဆွဲခန့်. . ဆိုက်ကားခပေးဦး"တဲ့ ဗျား။

❖❖❖

(ဤတွင်ပြီး၏တည်း)

လူသားအားလုံးကို ရယ်မောစေလိုတဲ့ . . .

အချော့တော်



www.burmeseclassic.com